www.burmeseclassic.com

ဆရာချစ်စံဝင်း၏ ၁၁၅အုပ်မြောက်စာအုပ်

ချစ်စံဝင်း

စိတ်စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်အစိုးရသုံးပါ။

ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် အောင်တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ဆရာချစ်စံဝင်း၏ (၁၁၅) အုပ်မြောက် စာအုပ်

စိတ်စည်းကမ်း

ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၁၂၀၅၈၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၉၄၄၀၅၁၁၀

◆

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ်၊ အုပ်ရေ(၁၀၀၀)
အောက်တိုဘာလ၊ ၂၀၀၅ ခုနှစ်

◆

မျက်နှာဖုံးဒီဇိုင်း - အုံဘွယ်(စတား)
အတွင်းဖလင် - ထွန်းထွန်း(ADORN II)
စာအုပ်ချုပ် - ကိုမြင့်

◆

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့(ဖ်)ဆက်(၀၅၉၀)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

◆

ထုတ်ဝေသူ
ဒေါ်မော်မော်(ပန်းမျိုးတစ်ရာစာပေ-၀၃၉၆၉)
တိုက်-၉/၂၀၃၊ ပုစွန်တောင်ဥယျာဉ်အိမ်ယာ၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

◆

တန်ဖိုး ၁၀၀၀ ကျပ်

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁	စိတ်စည်းကမ်း	၁
၂	စိတ်ကိုပြုပြင်၍ ရှသည်	၉
၃	စိတ်ကိုစည်းကမ်းရှိ၊ စည်းကမ်းမဲ့စေသောအရာများ	၁၇
၄	လောဘဟုဆိုအပ်သော လိုချင်တပ်မက်သည့်စိတ်	၂၉
၅	မှားမှားယွင်းယွင်းသိခြင်းနှင့် ထောင်လွှားကြွတက်ခြင်း	၃၉
၆	ခက်ထန်ကြမ်းတမ်းခြင်း	၄၅
၇	ငြူစူခြင်း၊ ဝန်တိုခြင်း၊ ပူပန်ခြင်း စိတ်ရောကိုယ်ပါ ထုံထိုင်းခြင်း ယုံမှားသံသယရှိခြင်း	၅၇
၈	စိတ်ကိုစည်းကမ်းရှိသောအရာများ	၇၁
၉	မူးယစ်စေသည့်အရာ	၈၁
၁၀	စိတ်ရင်းစေတနာကောင်း	၉၃
၁၁	စိတ်ကို စည်းကမ်းသတ်မှတ်ခြင်း	၁၀၁

www.burmeseclassic.com

www.burmeseclassic.com

၁၂ အစားပေး နိယာမတရား ၁၀၇
၁၃ အတုံ့အလှည့် ၁၂၃
၁၄ မိတ်ဖက်နှင့် ဝဋ်ဖက် ၁၃၃
၁၅ ဝန်ချတောင်းပန်ခြင်း အတတ်ပညာ ၁၃၉
၁၆ စင်ကာပူက မြတ်နိုးဝိတီစေတနာ ၁၄၉
၁၇ ပြုကျင့်ရမည့်သီလ ၁၅၉
၁၈ တရားနှင့် ညီညွတ်သော
အသက်မွေးမှု ၁၆၇
၁၉ အကောင်းဆုံး အနုပညာ
ပစ္စည်းပေါ်ထွက်ချိန် ၁၇၅
၂၀ ဇါမိကိုကား ငါမသိ ၁၈၃
* သင်ဘယ်လိုလူစားမျိုးလဲ ၂၀၃

BURMESE CLASSIC

အခန်း (၁)

စိတ်စည်းကမ်း

စိတ်စည်းကမ်းဟုဆိုရာတွင် **စိတ်** ဟူသော အပိုင်းနှင့် **စည်းကမ်း** ဟူသော အပိုင်းနှစ်ပိုင်းပါရှိ၏။ စိတ်ကို မနော၊ ဟဒယ၊ နှလုံး၊ ဉာဏ်၊ အသိ ဉီးနှောက် စသည်ဖြင့်လည်း အဓိပ္ပာယ်ဖွင့်၏။

စည်းကမ်းကို စည်းမျဉ်း၊ ပြဋ္ဌာန်းချက်ဟုလည်း ဆိုသည်။ စည်းကမ်းတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းရော၊ မလိုက်နာရှောင်ကြဉ်ရမည့် စည်းကမ်း ရောရှိသည်။လူတို့သည် မိမိတို့၏ ဘဝအတွေ့အကြုံ အရ လူအချင်းချင်း၊ လူအဖွဲ့အစည်းအတွင်း၊ မိသားစု၊

www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေ၊ သူငယ်ချင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ပေါင်းသင်းနေထိုင်၍ ရအောင် စည်းကမ်းများသတ်မှတ်ထားကြ၏။ သတ်မှတ်စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေတို့ကို လိုက်နာကြသည်။

ဤစာအုပ်တွင် စိတ်နှင့်စည်းကမ်းကိုတွဲ၍ ဖော်ပြထားသည်မှာ ယောက်ရက်ခတ်တတ်သောစိတ် စည်းကမ်းတကျရှိစေရန် ဖြစ်သည်။စိတ်သည် လူတွင်ရှိနေသော အရေးအလွန်ကြီးသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်၏။

စိတ်နှင့်ပတ်သက်၍ ဆရာတော်အရှင် ဇနကာဘိဝံသက သူ၏ကိုယ်ကျင့်အဘိဓမ္မာစာအုပ်တွင် ရှင်းလင်းဖော်ပြထား၏။

မပြောင်းလဲသောတရား- ၄ ပါးရှိသည်။

မပြောင်းလဲခြင်းကို ပရမတ္ထ၊ ပရမတ်တရားဟု ခေါ်သည်။

ထိုခိုင်မြဲသော မပြောင်းလဲသည့် တရားလေးပါးတွင် စိတ်သည် တစ်ပါးအပါအဝင်ဖြစ်၏။ စိတ်၊ စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန်တို့သည် မပြောင်းလဲကြဟု ဆို၏။ ကျွန်တော်တို့သည် မပြောင်းလဲသော တရားလေးပါးထဲမှ စိတ်အကြောင်းကို အဓိကထား ပြောကြားကြမည်ဖြစ်သည်။ စိတ်၏သဘောသည် အာရုံများကို သိခြင်းဖြစ်သည်။

အာရုံများကို သိတတ်သောသဘောသည် စိတ်ပင်ဖြစ်၏။ စိတ်မှတစ်ပါး အခြားအရာတို့သည် အာရုံခံစားမှုကို မသိတတ်။

စိတ်သည် ဖြူသည်၊ မဲသည်၊ ဝါသည်၊ လှသည်၊ အရုပ်ဆိုးသည်၊ စသည်တို့ကို သိသည်။စိတ်သည် ဆူသည်၊ ညံသည်၊ အသံကျယ်လောင်လွန်းသည်၊ အသံတိုးလွန်းသည်၊ အသံသာယာသည်၊ အသံ မသာယာစသည်တို့ကို သိသည်။ စိတ်သည် မွှေးသည်၊ နံသည်၊ ပုတ်သည် စသည်ဖြင့် သိသည်။ စိတ်သည် ချိုသည်၊ ချဉ်သည်၊ ငန်သည်၊ ဖန်သည်၊ ခါးသည်၊ သက်သည်၊ စပ်သည်၊ ဆိမ့်သည်၊ အီသည် စသည်တို့ကို သိသည်။ စိတ်သည် အတွေ့အထိနူးညံ့သည်၊ ပျော့ပြောင်းသည်၊ မာကျောသည်၊ စသည်တို့ကို သိသည်။ ထို့ပြင် စိတ်သည် ထိုအာရုံငါးပါးနှင့်တကွ အခြားသော အကြောင်း အရာများကိုလည်းသိသည်။

ထိုကဲ့သို့ ဖြူခြင်း၊ နီခြင်း၊ ဆူခြင်း၊ သာယာခြင်း၊ မွှေးခြင်း၊ နံခြင်း၊ ချိုခြင်း၊ ငန်ခြင်း၊ နူးညံ့ခြင်း၊ မာကျောခြင်း၊ တို့အပြင် အနီးအဝေး၊ အနည်းအများ၊ အတိမ်အနက်စသည့် သိခြင်းဆိုင်ရာ အသိအာရုံများကို ရယူနိုင်ခြင်းသည် စိတ်၏ဂုဏ်သတ္တိပင်ဖြစ်၏။ ထိုသို့သိခြင်းကို ဆေးသိပ္ပံပညာရှင်တို့က ဦးနှောက်၏ သဘော၊ ဦးနှောက်၏သတ္တိအဖြစ် ဖွင့်ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

စိတ်၏ဖွဲ့စည်းမှုတွင် ဆန္ဒများ၊ အကြံအစည်များ စိတ်ကူးစိတ်သန်းများ၊ ကြိုးစားအားထုတ်မှုများ၊ တွေးတောကြံဆမှုများ၊ ဗဟုသုတအတွေ့အကြုံ၊ အသိအမြင်၊ ဝိဇ္ဇာသိပ္ပံဆိုင်ရာ ပညာရပ်များ၊ ကျွမ်းကျင်လိမ္မာမှုများလည်းပါဝင်၏။ ချစ်ခြင်း၊ မုန်းခြင်း၊ ခံစားခြင်း၊ အမှတ်ရခြင်း၊ သတိရခြင်း၊ အနုပညာရပ်များ၊ စံနှုန်းများ၊ စနစ်များနှင့် အယူဝါဒ သဘောများလဲလည်းပါသည်။

စိတ်သည် လူ၏ကာယကံအလုပ်၊ ဝစီကံ အလုပ်၊ မနောကံအလုပ်တို့ကို ဦးဆောင်သည်။ စိတ်သည် အဝေးသို့ သွားနိုင်သည်။ အဝေးသို့ သွားသည်ဆိုရာတွင် ခြေဖြင့်လျှောက်သကဲ့သို့ သွားသည်မဟုတ်၊ အာရုံဖြင့် သွားရောက်ခြင်းဖြစ်၏။ စိတ်သည် အလွန်မှလည်း အဖြစ်အပျက်မြန်သည်။ စိတ်သည် ကိုယ်ထည်ဒြပ်အထင်အရှားမရှိ၊ စိတ်သည် ဖြူသည်၊ နီသည်၊ ဝါသည်၊ ဖန်သည်၊ ခဲသည် စသည်တို့ကို အာရုံဖြင့်သာ သိရှိနိုင်သော သတ္တိရှိ၏။ စိတ်သည် အကောင်အထည် ဒြပ်မရှိသော်လည်း လူဘောင်ဘဝတစ်ခုလုံးကို သူက ဦးဆောင်လျက်ရှိ၏။ လူ၏တစ်နေ့တာ လုပ်ငန်း၊ လူတစ် ယောက်၏ တစ်ဘဝကိစ္စ၊ လူအဖွဲ့အစည်းတစ်ခု၏ အလုပ်၊ နိုင်ငံတစ်ခု၏ ဖြစ်စဉ်၊ လူသားတစ်ရုပ်လုံး၏ လူသမိုင်းကို လူ၏စိတ်ကသာ

ဦးဆောင်ဖြစ်ပျက် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

လူဘောင်ဘဝ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို လူ၏စိတ်က ဖန်တီးသည်။ စိတ်တွင် ကောင်းသော၊ စိတ်နေသဘောထားတို့ရှိသလို မကောင်းသောစိတ်နေသဘောထားတို့လည်းရှိ၏။ စိတ်သည် မိမိအသက်ရှင်လိုစိတ်၊ အသက်ရှင်သန်စဉ် ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေလိုစိတ် စသော အတ္တ၏ သဘောများလည်းရှိ၏။ မိမိလူအဖွဲ့အစည်း၊ မိမိ၊မိသားစု၊ မိမိနိုင်ငံကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေလိုသော သဘောလည်းရှိ၏။ ဤအတ္တစိတ်က လူဘောင်ဘဝတိုးတက်ကြီးပွားအောင် လှုံ့ဆော်မှုရှိသည်။

လူသည် ထိုကဲ့သို့အတ္တစိတ်ရှိသော်လည်း လူအချင်းချင်း အတူတကွနေ၍ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ များကို ကာကွယ်ကြရသောအခါ အတူတကွ ပူးပေါင်း၍ ပရဟိတလုပ်ငန်းများ၊ အများအကျိုးဆောင်လုပ်ငန်းများကိုလည်း ဆောင်ရွက် လာရသည်။ လူသည် လုပ်ဆောင်လိုသည်ဖြစ်စေ၊မလုပ် ဆောင်လိုသည်ဖြစ်စေ၊ အများအကျိုးကိုလည်း လုပ်သော သူလည်းဖြစ်၏

ထိုသို့လုပ်ဆောင်ကြရာတွင် အတ္တအကျိုးကိုပို၍ ဆောင်ရွက်သူ၊ သူအကျိုး ကိုယ့်အကျိုးမျှတစွာ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်သူ၊ အများအကျိုးကို ပိုမိုဆောင်ရွက်သူဟူ၍ အမျိုးမျိုးရှိလာသည်။ အတွက အကျိုးကို ပို၍ဆောင်ရွက် ခြင်းဖြင့် ပဋိပက္ခများ၊ ရန်ပွဲများ၊ စစ်ပွဲကြီးများဖြစ်လာတတ်၍ သူအကျိုး ကိုယ့်အကျိုးမျှတစွာ ဆောင်ရွက် ခြင်းဖြင့် အေးချမ်း သာယာပြောမှုများရှိသည်။ ပရဟိတဆောင်ရွက် သူတို့သည် သူတော်စင်တို့ပင် ဖြစ်၏။

အများအကျိုးနှင့် မိမိအကျိုးကိုမျှတစွာ ဆောင်ရွက်သူများကို စိတ်ကောင်းရှိသူများဟုခေါ်၏။ အတွက လွန်ကဲသူများကို စိတ်ဆိုးစိတ်ယုတ်ရှိသူများဟုခေါ်၍ အများအကျိုးဆောင်ရွက်သူများကို သူတော်စင်များဟုခေါ်ကြသည်။

ထို့ကြောင့် လူတွင် စိတ်ဆိုးရှိသူ၊ စိတ်ကောင်းရှိသူဟူ၍ ရှိသည်။

စိတ်ဆိုးရှိသူကို ကောင်းအောင်လေ့ကျင့်၍ ရသလို စိတ်ကောင်းရှိသူသည်လည်း စိတ်ဆိုးစိတ်ပုတ်ကိန်းအောင်းလာတတ်၏။ စိတ်ကောင်းရှိသူတွေများသော လူဘောင်ဘဝသည် အေးချမ်းသာယာ၍ ငြိမ်းချမ်းမှု၊ တိုးတက်ဖွံ့ဖြိုးမှုများရှိ၏။ ထို့ကြောင့် စိတ်ကောင်းရှိသူသည် အစဉ်ထာဝရကောင်းသောစိတ်တည်ရှိနေရန်အတွက် လည်းကောင်း၊ စိတ်ဆိုး စိတ်ပုတ်ရှိသူသည် စိတ်ကောင်းစိတ်မြတ်ကိန်းအောင်း

လာစေရန်အတွက်လည်းကောင်း၊ ကျွန်တော်တို့သည် စိတ်ကို စည်းကမ်းဖြင့်ထိန်းကျောင်းပါက ရ၏။

စိတ်ကောင်းစေတနာကောင်းရှိရေးသည် လူအများအတွက်ရော လူတစ်ဦးချင်းစီအတွက်ပါ အရေးကြီးသည်။ စိတ်ကောင်းမရှိပါက ဆိုးယုတ်မှုများ၊ နှိုင်ထက်စီးနင်းပြုမူမှုများ၊ လုယက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ စစ်ပွဲများ၊ တွန်းလှန် အုံကြွမှုများဖြစ်ပွား၍ တိုင်းပြည်ရပ်ရွာမအေးချမ်းဘဲ လူနှလုံးသားများ မငြိမ်း မချမ်းဖြစ်ရသည်။

ထို့ကြောင့် လူတို့၏စိတ်သည် စိတ်ကောင်းစိတ်မြတ်၌ တည်ရှိနေစေရန် ဤ **"စိတ်စည်းကမ်း"** မည်သော စာအုပ်ကို ရေးသားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

စိတ်ကိုပြုပြင်၍ ရသည်

လူခြင်းတူသော်လည်း အသက်ရှုခြင်း ကွဲသည်။ လူတစ်ယောက်နှင့် တစ်ယောက်ရုပ်ရည်ခြင်း မတူကြသကဲ့သို့ စိတ်ခြင်းလည်းမတူကြ။ အချို့က ထုံထိုင်းသောရုပ်ရှိ၍ အချို့က သွက်လက်သောရုပ်ရှိကြ၏။ ထို့တူ အချို့က ထုံထိုင်းသောစိတ်ရှိကြ၍ အချို့က သွက်လက်သောစိတ်ရှိ၏။ ထိုသို့ကွဲပြားရာတွင် အလှဘက် အသွက်ဘက်၌ ပြိုင်ဘက်ကင်း အောင်လှသူရှိသလို အဆိုးဘက် အထိုင်းဘက်တွင် ပြိုင်ဘက်မရှိ ဆိုးယုတ်သူတို့လည်းရှိ၏။ မသိမသာ

www.burmeseclassic.com

www.burmeseclassic.com

သွက်သူ လှသူတို့ရှိသလို မသိမသာဆိုးသူယုတ်သူတို့လည်း ရှိ၏။ ထိုကဲ့သို့ စိတ်အမျိုးမျိုးကွဲပြားမှုရှိသည်ကို စိတ်ကောင်းစေတနာကောင်း၌ တည်ရှိအောင် စိတ်ကို ပြုပြင်၍ ရသည်။

ကျောင်းသားတစ်ယောက်သည် ဆရာပေးလိုက်သောစာများကို မကျက်မဖတ်ဘဲ နေ၏။ သူတကာကို ရန်စ၍ ရန်ဖြစ်ရန်လိုသောစိတ်ရှိသည်။ လက်တွေ့လည်း သူ့ထက်ငယ်သူတို့ကို ထိုးကြိတ်တတ်သည်။ ထိုလူငယ်ကျောင်းသားအား စာကျက်လာအောင်၊ စာတော်လာအောင်၊ မိမိထက်ခွန်အားနည်းသူကို ကူညီစောင့်ရှောက်လာအောင် သူ၏စိတ်ကို ပြုပြင်၍ ရသည်။ ဆရာ/ဆရာမနှင့် အုပ်ထိန်းသူမိဘတို့က ဆိုဆုံးမ၍သော်လည်းကောင်း၊ ဒါဏ်ခတ်၍သော်လည်းကောင်း၊ အချိန်ယူအချိန်ပေးပြုပြင်ပါက လူကောင်းသူကောင်း၊ လူတစ်လုံးသူတစ်လုံးဖြစ်လာနိုင်သည်။

မဟာဂန္ဓာရုံဆရာတော်ကြီးက စိတ်ကိုရောရှပ်ကိုပါ ပြုပြင်၍ ရကြောင်းကို တောမှတက်လာသောသူတစ်ဦးနှင့် ဥပမာပြဆို၏။ တော၌မွေး၍ တောသွေးပါရှိသူ တော သူတောင်သားတစ်ဦး မြို့သို့တက်လာပြီး မြို့ကြီးပြကြီးတွင်နေ၍ မြို့ကြီးသူမြို့ကြီးသားတို့၏ အတုကိုယူကာ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံ အလုံးစုံကို အတုခိုးပြုပြင်၍ ကိုယ်ကျန်းမာရေး၊ စိတ်

ခွင်းသာရေးတို့ကိုပါလိုက်စားပြုပြင်ပါက မကြာခင် မြို့သွေးဝင်လာပြီး မြို့ကြီးသားဝိုက်၊ မြို့ကြီးသားဆိုက်ပေါက်လာ၏။ တသွေးတမွေးဖြစ်လာသည်။

'ဟ--- ငါ့တူမြို့ပြောင်းသွားတာ ဘာမှမကြာသေးဘူး၊ တသွေးဇာမွေးနဲ့ မှတ်တောင်မမှတ်မိတော့ဘူး၊ မြို့ကြီးသားပုံပေါက်လာတာကိုး' ဟုဆိုကြ၏။

ရုပ်သည် အပြောင်းအလဲမမြန်၊ အပြောင်းအလဲမမြန်သော ရုပ်ကိုပင် တသွေးတမွေးဖြစ်အောင် ပြုပြင်လေ့ကျင့်ယူ၍ ရလျှင် အပြောင်းအလဲမြန်သော်စိတ်ကို အဘယ်မှာပြုပြင်၍ မရဘဲရှိပါအံ့နည်း။ အခုစိတ်ဆိုးနေရာမှ စိတ်ဆိုးပြေအောင် ပြုလုပ်၍ရ၏။ မကောင်းမှုတစ်ခုခုလုပ်နေသူကို မကောင်းမှုပြုခြင်းမှ ရပ်တန့်သွားအောင် ဆောင်ရွက်၍ရသည်။ သူ့ပစ္စည်းကို ခိုးယူမည်ကြံစည်ပြီးကာမှ မသင့်ဟုဆိုကာ ခိုးယူလိုစိတ်ကို သူ့ကိုယ်သူ ပြုပြင်ကြသူများလည်းရှိ၏။

မိမိစိတ်နေစိတ်ထားသည် ကောင်းသလား၊ မကောင်းဘူးလား ဆိုသည်ကို မိမိသာလျှင် အသိဆုံးဖြစ်၏။ မိမိ၏ စိတ်ထားသည် လောဘသက္ကာယများနေသလား၊ မများဘူးလား မိမိအသိဆုံးဖြစ်၏။ အရောင်းအဝယ် သမားတစ်ဦးသည် ယူသင့်သည့် အမြတ်ထက် ပိုယူလား၊ မယူဘူးလားဆိုသည်ကို ထိုသူသည်အသိဆုံး ဖြစ်၏။ ဆရာဝန် တစ်ဦးသည် လူနာ

www.burmeseclassic.com

www.burmeseclassic.com

ထံမှ ဆေးဖိုးဝါးခကို တရားမျှတစွာ ယူတာလား? မသာပါးစပ်ထဲမှ ကူးတို့ခကိုပါနိုက်ယူနေ တာလား ဆိုတာ သူအသိဆုံးဖြစ်သည်။ ကုန်သည်တစ်ဦးသည် လယ်တီဆရာတော်ကြီးပြောသလို-

ဆီထဲမှာ ရေနွေးရော
ဆေးရွက်မှာ ရွက်ညှပ်
ဗျပ်ထဲမှ မုရင်းဆန်
ရေနံမှာ ရေရော
လက်ဖက်မှာ ရေကူ

ဘယ်ကုန်မျိုး မတူပြီဟု ဘယ်လိုပင် ပြောပြော ကိုယ့်မနောအကြောင်း ကိုယ်သာလျှင် အသိဆုံးဖြစ်ပါ၏။

ထိုကဲ့သို့ ဆီရောင်းရာတွင် စားအုန်းဆီကိုပဲ ဆီလုပ်ရောင်း၊ ဆီထဲတွင်မှ ရေနွေးရော၊ ဆေးရွက်ကြီးရောင်းရာတွင် ဗူးရွက်ညှပ် ဆန်ကောင်းနှင့် ဆန်ညံ့ရော၊ ရေနံမှာ ရေကူ၊ လက်ဖက်ရောင်းရာမှာ ရေထိုး အမျိုးမျိုးကူလီကူမာလုပ်၍ စျေးရောင်းရာတွင် တစ်ခဏ အမြတ်ရနိုင်သော်လည်း ရေရှည်တွင် ထိုလူမျိုးများသည် ဒုက္ခလှလှတွေ့ရသကဲ့သို့ သံသရာတွင်လည်း ဒုက္ခနှင့် မုချတွေ့ရတတ်သောကြောင့် ထိုသို့သောကိစ္စရပ်များသည် မလုပ်ကောင်း၊ သမ္မာအာဇီဝ၊ အသက်မွေးဖြူဖြူနှင့် လူကြည်ညို၊ နတ်ကြည်ညိုလုပ်ဆောင်

သည်က အမြတ်ဆုံးဖြစ်၍ မကောင်းစိတ်ကို ကောင်းစိတ်နှင့် အစားထိုးကြရမည်ဖြစ်၏။

စိတ်ဆိုးစိတ်ယုတ်ရှိသူသည် ကိုယ့်ကိုယ်ကို လည်း မကြည်ညိုနိုင်၊ မိတ်ဆွေခြင်း၊ ညီအစ်ကိုမောင်နှမသားခြင်း၊ ဇနီးခင်ပွန်းခြင်း ၊ ဆရာဒကာခြင်း၊ အပေါင်းအသင်းခြင်း ဘယ်သူဘယ်ဝါ ဘယ်လိုစိတ်ထားရှိသည်ကို သိကြ၏။ မိသားစု၊ ညီအစ်ကို၊ မောင်နှမများအတွင်း သိုးမဲဟုအပြောခံရသူသည် ပါတတ်၏။ စုံးပြုးဟုလည်းခေါ်သည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံးအပုတ်မခံနိုင်ကြသောကြောင့်လျှင် ယင်းသိုးမဲကို ရှောင်ထားဖယ်ထားကြရ၏။ ထိုသူ စိတ်ကောင်းမရှိ၊ ယုတ်မာကြောင်း သိရလျှင် ဘယ်သူမှ စီးပွားဖက်မလုပ်ကြတော့၊ ယုတ်မာသူတို့ကို ချစ်ခင်အားထားကြည်ညိုမှုလည်း မပြုနိုင်ကြ။ ထို့ကြောင့် လူလောကအသိုင်းအဝိုင်းတွင် ဆရာဒကာလူနှင့် ပတ်ဝန်းကျင်နှင့် နေရသောကြောင့် လူတိုင်းမိမိစိတ်ကို ဖြူစင်ဖြောင့်မတ်အောင် ပြင်ဆင် နေထိုင်ထိုက်၏။ စိတ်ဆိုးစိတ်ယုတ်ရှိနေသောသူသည် သူ့စိတ်နေစိတ်ထားက ယုတ်ညံ့နေသောကြောင့် ဒါနပင်ပြုပြု၊ သီလပင် ဆောက်တည်ဆောက်တည်၊ ဘာဝနာ ကမ္မဋ္ဌာန်းပင် စီးဖြန်းစီးဖြန်း၊ မည်သည့်ကုသိုလ် ကုသိုလ်ပင်လုပ်လုပ် ရိုးသားဖြူစင်မှုမရှိလျှင် ဒါနအကျိုး၊ သီလ

www.burmeseclassic.com

www.burmeseclassic.com

အကျိုး၊ ဘာဝနာအကျိုး မခံစားရတတ်။ စိတ်ရင်း မကောင်းလျှင် မနောက်မှု၊ ဝစီက်မှု၊ ကာယက်မှုတို့သည်လည်း မကောင်းသောကြောင့် ကုသိုလ်က်အကျိုးပေးတို့ကလည်း စင်စင်ကြယ်ကြယ် အကျိုးပေးမည် မဟုတ်ပေ။

ယခုဘဝအတွက်ရော သံသရာအတွက်ပါ ကုသိုလ်က် အကျိုးပေးမှုစင်ကြယ်စေရန် စိတ်ကို ဖြူစင်အောင် ထားကြရမည်ဖြစ်၏။ စိတ်ကိုဖြူစင်အောင်ထားဟုဆိုခြင်းသည် စိတ်စည်းကမ်းရှိကြရမည်ဟု ဆိုလိုရင်ဖြစ်၏။

စိတ်ဆိုးစိတ်ယုတ်ရှိသူသည် ယခုဘဝတွင်သာ မိမိစိတ်က ယုတ်မာမှုတွင် တည်ရှိသည်မဟုတ်၊ ဘဝဖြစ်တိုင်းဖြစ်တိုင်းတွင် စိတ်ယုတ်မာကလိုက်၍ အကျိုးပေးနေတတ်၏။ ဤဘဝ၏ စိတ်ယုတ်မာက ဘဝပေါင်းများ ဆက်တိုက်ကူးစက်နေတတ်၏။ ထို့ကြောင့် စိတ်ယုတ်မာရှိလျှင် စိတ်ဆိုးစိတ်ညစ်ရှိလျှင် လူ့ဘဝလူဖြစ်ခိုက် ချက်ချင်းပြင်သင့်၏။ တိရစ္ဆာန်ဘဝတွင် ပြင်၍မရ။ ပြင်ရန်အသိတရားလည်း မရှိ။

စိတ်ကို မည်သို့ပြင်ရမည်နည်းဆိုပါက ဆရာတော်အရှင် ဇနကာဘိဝံသက မိလိန္ဒမင်းကြီးအကြောင်းကို ဤသို့ပြောပြ၏။ မင်းကြီးသည် အရှင်နာဂသိန်ထံ သာသနာတော်ဝယ် အရေးကြီးသော ကိစ္စတစ်ရပ်ကို လျှောက်ထားရန်ရှိ၏။ ထိုကိစ္စကို အလေ

သုံးဆယ်မလုပ်ဘဲ မင်းကြီးသည် (၇) ရက်ပတ်လုံး သူ၏စိတ်ကို သမာဓိရအောင် လုပ်ဆောင်၏။ နံနက်စောစောအိပ်ရာထပြီး ကိုယ်လက်သန့်စင်ကာ ရေချိုး၊ အဝတ်အစားလဲပြီး ဝတ်ရိုးဝတ်စဉ် အဝတ်တန်ဆာများကို မဝတ်ဘဲ ဖန်ရည်ဆိုးသော သင်္ကန်းကိုသာဝတ်၍ ဦးခေါင်းကိုလည်း ခေါင်းတုံးဟုအသွင်မှတ်ယူရအောင် ခေါင်းစွပ်ကိုစွပ်ကာ ရဟန်းဟု မှတ်ထင်ရလောက်အောင် ဝတ်ဆင်၍ (၈)ပါးသောအချက်များကို (၇) ရက် ပတ်လုံး မပျက်ပြားအောင် စိတ်၌ စွဲမြဲထားသည်။ ထို-၈ပါးကား-

၁။ (၇) ရက်အတွင်း မင်းကိစ္စကို မပြု။
၂။ ရာဂကိစ္စကို မဖြစ်အောင်စောင့်စည်း၏။
၃။ ဒေါသစိတ်မဖြစ်အောင်နေ၏။
၄။ မောဟစိတ်မဖြစ်အောင်နေ၏။
၅။ ကျေးတော် ကျွန်တော်မျိုးအမှုထမ်းများအပေါ်၌ပင် စိတ်ကိုနှိမ့်ချ၍ ထား၏။
၆။ ကိုယ်မှု၊ နှုတ်မှုကိုစောင့်ထိမ်းသည်။
၇။ ကြား၊ မြင်၊ တွေ့၊ သိရသမျှသော အာရုံများအတွက် အကုသိုလ်မဖြစ်အောင်

နေမည်ဟု ဆိုကာမျက်စိ၊ နား စသော ကျွန်ုပ်ခန္ဓာဖြင့် မျက်လွှာကိုချကာ ကြည်လင်ရွှင်ပြ အေးမြသောစိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အရှင်နာဂသိန်ထံချဉ်းကပ်၍ သိလိုသမျှကို မေးမြန်းလျှောက်ထား၏။

မိလိန္ဒမင်းကြီး၏ (၇) ရက်လုံးလုံးစိတ်ကို ပြုပြင်ပုံကို အတုယူရမည်ဖြစ်သည်။ ထိုကဲ့သို့ စိတ်ကို ပြုပြင်ပြီးသောအခါတွင်မှ ပြုလုပ်ဘွယ်ရာကိစ္စများကို ပြုသင့်၏။ ပြုဘွယ်အခြင်းကိစ္စမရှိသည့်တိုင် အကုသိုလ်စိတ်များမရှိအောင် မိလိန္ဒမင်းကြီးကဲ့သို့ စိတ်ကို မကြာမကြာ လေ့ကျင့်ပေးပါက အကုသိုလ်စိတ်သည် နည်းပါးလာပြီး ကုသိုလ်စိတ် ပွားများအရှည်တည်တန့်လာ၏။ စောင့်စည်းထိန်းသိမ်းဖန်များလာသောအခါ မိမိစိတ်တွင် သဒ္ဓါထူး၊ ပညာထူးပေါ်ပေါက်လာက စိတ်ကောင်းစိတ်မြတ်ကိန်း ဝပ်လာ၏။ စိတ်ကောင်းရှိနေလျှင် ထိုသူသည် ဘာမှမလုပ်လျှင်နေ မြင့်မြတ်နေသည်၊ ကုသိုလ်ရရှိနေသည်သာတည်း။

အခန်း (၃)

စိတ်ကိုစည်းကမ်းရှိ၊ စည်းကမ်းမဲ့ စေသောအရာများ

စိတ်၏သဘောသည် အာရုံကိုသိသော သဘောရှိ၏။ အာရုံကို သိရုံသက်သက်ဖြစ်သည်။ စိတ်ချည်းသက်သက်ဖြင့် အကောင်းအဆိုး မကွဲပြားနိုင်။ စိတ်ကို စည်းမဲ့စေသော အရာများရှိသလို စိတ်ကို စည်းရှိသော အရာများ ရှိ၏။ ထိုအရာများသည် ပရမတ်တရားတွင် တစ်ခုအပါအဝင် ဖြစ်သော **စေတသိက်**များ ဖြစ်၏။

စိတ်ကို စည်းကမ်း၊ ကလနားရှိအောင်၊ စိတ်ကောင်းစိတ်မြတ် ရှိအောင် လုပ်ဆောင်နေသော အရာက ၁၄ ခုရှိသလို စိတ်ကိုညံ့အောင် ဖျင်းအောင် ကလနားမရှိအောင် ပြုလုပ်နေသော အရာက ၁၄ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် စိတ်ဆိုးစိတ်ကောင်း နှစ်မျိုးစလုံးဖြစ်အောင် ပြုလုပ်နေသော အရာကလည်း ၁၃ မျိုးရှိသေး၏။

စိတ်ကို စည်းကမ်းမဲ့အောင် လုပ်ဆောင်နေသော အရာ ၁၄- ခု

၁။ မသိခြင်း (မောဟ)
၂။ မရှက်ခြင်း (အဟိရိက)
၃။ မကြောက်ခြင်း (အနောတ္တပ္ပ)
၄။ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)
၅။ လိုချင်တပ်မက်ခြင်း (လောဘ)
၆။ မှားမှားယွင်းယွင်းသိခြင်း (ဒိဋ္ဌိ)
၇။ ထောင်လွှားခြင်း (မာန)
၈။ ခက်ထန်ခြင်း (ဒေါသ)
၉။ ငြူစူခြင်း (ကွသာ)
၁၀။ ဝန်တိုခြင်း (မစ္ဆရိယ)
၁၁။ ပူပန်ခြင်း (ကုက္ကစ္စ)
၁၂။ ထိုင်းတိုင်းတိုင်းရှိခြင်း (ထိန)
၁၃။ မှိုင်းတိုင်းတိုင်းရှိခြင်း (မိဒ္ဓ)
၁၄။ သံသယစိတ်များရှိခြင်း (ဝိစိကိစ္ဆ)

စိတ်ကို ကောင်းအောင်၊ စည်းကမ်းရှိအောင် ပြုလုပ်နေသော အရာ ၁၄ ခု

၁။ ယုံကြည်မှုတရား (သဒ္ဓါ)
၂။ မမေ့မလျော့ခြင်းရှိခြင်း (သတိ)
၃။ မကောင်းမှုပြုရမှာရှက်ခြင်း (ဟိရိ)
၄။ မကောင်းမှုပြုရမှာကြောက်ခြင်း (ဩတ္တပ)
၅။ လိုချင်တပ်မက်မှုမရှိခြင်း (အလောဘ)
၆။ မခက်ထန်ခြင်း (အဒေါသ)
၇။ ပညာရှိခြင်း (အမောဟ)
၈။ သူတစ်ပါး၏အကျိုးကိုလိုလားခြင်း (မေတ္တာ)
၉။ ဆင်းရဲသူကို မြင်လျှင်ကယ်တင်လို ခြင်း (ကရုဏာ)
၁၀။ သူတစ်ပါးပြည့်စုံကြွယ်ဝချမ်းသာသည်ကိုမြင်လျှင်ဝမ်းမြောက်ဝမ်းသာရှိခြင်း (မုဒိတာ)
၁၁။ လစ်လျူရှုနိုင်ခြင်း (ဥပက္ခာ)
၁၂။ သမ္မာဝါစာ
၁၃။ သမ္မာကမ္မန္တာ
၁၄။ သမ္မာ အာဇီဝ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆိုး၊ စိတ်ကောင်းနှစ်မျိုးစလုံးကို ဖြစ်စေသော အရာ ၁၃ မျိုး

လူ၏စိတ်ကို အကောင်း၌ တည်ရှိအောင် သော်လည်းကောင်း၊ အဆိုး၌တည်ရှိအောင်သော်လည်း(တစ်နည်း) စိတ်စည်းကမ်းရှိအောင်ဖြစ်စေ၊ စိတ်စည်းကမ်းမဲ့အောင်ဖြစ်စေ လုပ်နိုင်သောအရာတို့မှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝိရိယ၊ ပီတိနှင့် ဆန္ဒတို့ဖြစ်သည်။

စိတ်ကိုမကောင်းအောင်ပြုသောအရာများကို အတန်ငယ်ရှင်းဖို့လိုပါ၏။

၁။ မသိခြင်း (မောဟ)

မသိခြင်းတည်းဟူသော မောဟစိတ်သည် စိတ်ကို စည်းကမ်းမရှိအောင် ဖန်တီးသော စေတသိက်တစ်မျိုးဖြစ်၏။ သိခြင်း၊ တတ်ခြင်းသည် ပညာဖြစ်သောကြောင့် မောဟစိတ်သည် မိမိယုတ်မာ ညစ်ညမ်းဆိုးသွမ်းသော အပြစ်ကိုလုပ်နေသည့်တိုင် အပြစ်ကို အပြစ်မှန်းမသိပဲဖြစ်တတ်၏။ လောက၌ မိုက်မဲမှုဟူသမျှသည် မောဟ၌သာ အခြေတည်တတ်၏။

မောဟကိုအမိုက်စိတ်ဟုလည်းခေါ်၏။ မသိ

ခြင်းတရားကြီး စိုးနေသူကို လူမိုက်၊ လူအ၊ လူနုံ၊ လူထိုင်း၊ လူဖျင်း၊ လူပြိန်းဟု ခေါ်ကြသည်။ မောဟဖြစ်နေသောသူအတွက် လောကကြီးသည် မှောင်အတိဖြစ်၏။ မသိမှုကြောင့် သူလုပ်သမျှသည် အမှားချည်းဖြစ်နိုင်၏။ ဒေါသရှိသူက ဒေါသရှိချိန်တွင် မှား၏။ လောဘရှိသူက လောဘရှိချိန်တွင်မှား၏။ မောဟရှိသူက မသိမှုကြောင့် အချိန်သုံးပါးမှားယွင်း နေသူဖြစ်၏။ မောဟရှိသူအတွက် စိတ်သည် အလုံးစုံစည်းကမ်းမဲ့မှု ဘဝသို့ရောက်၏။

ထို့ကြောင့် လူတိုင်းမောဟကင်းအောင် အသိပညာကို တည်ဆောက်ရမည်ဖြစ်သည်။ ပညာနှင့်တူသော အလင်းရောင်သည် မရှိဟုဆိုလေရာ အသိဉာဏ်ပညာဖြင့် မောဟကို ဖယ်ရှားရမည်ဖြစ်၏။ ပညာသည် မောဟကို ဖယ်ရှားရန် ခိုင်ခန့်သော လက်နက်ဖြစ်၏။

စိတ်စည်းကမ်းကို တည်ဆောက်ရာတွင် ငယ်စဉ်မှစ၍ ပညာကို ရှာဖွေရမည်။ အသိဉာဏ်ကို တည်ဆောက်ရ မည်ဖြစ်၏။ ယနေ့ကမ္ဘာသည် ပညာကမ္ဘာဖြစ်သောကြောင့် သိစရာ၊ တတ်စရာတွေများ သည်။ လူတစ်ယောက်အနေနှင့် သိဖို့လိုအပ်သောကိစ္စ ဟူသမျှကို သိနေအောင်ကြိုးစားရမည်ဖြစ်၏။ လူဖြစ်သောကြောင့် မောဟကို တိုက်ဖျက်ပစ်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မောဟဖုံးလွှမ်းခြင်းခံရသူသည် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားတို့ ကင်းဝေးနေ၍ တိရစ္ဆာန်ကဲ့သို့ စိတ်စည်းကမ်းမရှိသောဘဝသို့ ရောက်ရ၏။ မောဟ လွှမ်းမိုးနေသူသည် လူဖြစ်သော်လည်း လူ့တိရစ္ဆာန် ဘဝသို့ ရောက်ရ၏။ လူတိုင်းလူတိုင်းသည် မောဟစိတ် ကင်းအောင် ပညာတန်ဆောင်၊ အလင်းရောင်ကို ထွန်းညှိရမည် ဖြစ်သည်။

၂။ မရုက်ခြင်း (အဟိရိက)

အရှက်မရှိခြင်းသည်လည်း စိတ်ကိုမကောင်း အောင်ပြုလုပ်သော ကိစ္စတစ်ရပ်ဖြစ်၏။ လောကၠ အရှက်တရားသည် လူ့အဖွဲ့အစည်းကို ထိန်းကွပ်ထား၏။ မကောင်းမှု ပြုလုပ်ရတာ၊ မတရားမှု ပြုလုပ်ရတာ၊ မမှန်မကန် ပြုလုပ်ရတာ၊ မဖွယ်မရာ ပြုလုပ်ရတာ၊ ရမ်းကားတာ၊ ကျေးဇူးကို မသိတတ်တာ၊ လူမှုရေးကို နားမလည်တာ၊ တာဝန်မသိတာ၊ သီလမရှိတာ၊ မစောင့် ထိန်းနိုင်တာ၊ လောဘကြီးတာ၊ မာနကြီးတာ၊ ဒေါသ ကြီးတာ၊ ကြင်နာတရား ကင်းမဲ့တာ တို့သည် ရှက်ရမည့် ကိစ္စများဖြစ်၏။ သို့သော် အကြင်သူသည် ရှက်ရမည် မသိ။

ရှက်ရမည့်ကိစ္စကို မရှက်သောသူသည် မကောင်းမှု ကိုလည်း ပြုလုပ်သည်။ မတရားတာကိုလည်း လုပ်သည်။

မမှန်မကန်လည်း ပြုလုပ်သည်။ မဖွယ်မရာ ဖြစ်လာလျှင် လည်းမရှက်၊ ရက်စက်မှု၊ ကြမ်းကြုတ်မှု၊ ကျေးဇူးကမ်းမှု တို့ကိုလည်း ပြုလုပ်၏။ လူမှုရေးသဘော တရားနှင့် လူကြီးသူမတို့၏ အဆုံးအမများတွင်လည်း မတည်ရှိပဲ အရှက်မရှိသောကြောင့် အမှားကိုလည်း ကျူးလွန်၏။ စာဝန်မဲ့မှုလည်းရှိ၏။ သီလတရားလည်း ကင်းမဲ့၏။ မည်သည့်အရာကိုမျှ စောင့်ထိန်းခြင်းလည်း မရှိသော ကြောင့် အရှက်မရှိသူ၏စိတ်သည် ညစ်ထေး၍နေ၏။ အရှက်မရှိသူတွင် အမှန်တရားလည်းမရှိ။

ရပ်ရွာထဲတွင် အရှက်မရှိသူတို့သည် အရက်ကို မူးအောင်သောက်၍ ပုဆိုးကို ကွင်းသိုင်းကာ ရွာနိုးတွင် လျှောက်သည်။ ရှက်ရမှန်းမသိ၊ အရှက်ကင်းသူသည် ကြွေးယူ၍ ပြန်မပေးပဲနေသည်။ မရှက်တရားကြောင့် သံသရာပါမည်ကို မကြောက်၊ အရှက်မရှိသူသည် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါး ကိုလည်း မစောင့်ဆည်းပဲ ကျူးလွန်၏။ သူတစ်ပါးထံမှ ရသမျှကို လက်ခံယူ၍ မိမိက သူတစ်ပါးအား အပေး အကမ်းမရှိ အပြန်အလှန်သဘောမသက်ရောက်၊ အယူ ချည်းရှိသည်ကို ရှက်ရမှန်းမသိ။

အရှက်မရှိခြင်းသည် စိတ်စည်းကမ်းမရှိခြင်းနှင့် လက္ခဏာတစ်ရပ်ဖြစ်ပါ၏။ ထို့ကြောင့် အရှက်ရှိရအောင် နေရမည်။ မိမိက ရှက်တတ်ရမည်ဖြစ်၏။ ရှက်တတ်

www.burmeseclassic.com

www.burmeseclassic.com

သောသူသည် မကောင်းမှု ဒုစရိုက်အများအပြားကို မလုပ်ဖြစ်တော့တကား။

၃။ **မကြောက်လန့်ခြင်း (အနောတ္တပ)**

အကြောက်အလန့်မရှိခြင်းသည် စိတ်ကို မကောင်းအောင် စည်းကမ်းမဲ့အောင် ပြုလုပ်သော အရာတစ်ပါး ဖြစ်၏။ အကုသိုလ်တရား စိုးမိုးလာမည်ကို မကြောက်။ ပိုးဖလံမျိုး မီးပုံတိုး ကိုယ်ကျိုးနည်းတော့သည်ဆိုသည် အတိုင်း ကိုယ်ကျိုးနည်းမှာ အကုသိုလ်ဒုစရိုက် လုပ်ငန်းများကို ကြီးပွားလာမှာကို မကြောက်မရွံရှိ၏။ ယခုလောကီတွင် ကြုံတွေ့ရမည့်ဘေး၊ သံသရာတွင် ကြုံတွေ့ရမည့်ဘေး၊ မည်သည့်ဘေးကိုမျှ မကြောက်ပဲ ရှိ၏။

ငါအင်အားရှိတာပဲ။ ငါလူကြီးပဲဟု ဆိုကာ အင်အားချိနဲ့သူများကို အနိုင်ကျင့်မှု၊ ငါ့အကြောင်း ငါဘာသာသိတာပဲ၊ ဘယ်သူ သိတာမဟုတ်တာ ဆိုပြီး အကြောက်တရားကင်းမဲ့စွာ လုပ်ဆောင်မှု၊ ကိုယ် အသတ်ခံရမည်ကို မကြောက်ပဲ သူတစ်ပါးကို သတ်မိ၍ ကြိုးစင်တက်ရမှု၊ လင်သားမားမားမတ်ရှိပါလျက် ခင်ပွန်းသည် လင်ယောကျ်ား ကွယ်ရာတွင် မှောက်မှားမှု၊ အမျိုးသားများက သူများအိမ်ရာကို ပစ်မှားမှုတို့သည် အကြောက်အလန့် ကင်းမဲ့သောစိတ်ကြောင့် ကြုံတွေ့

ရသော ကိစ္စများ ဖြစ်ပါ၏။

စိတ်ကိုအကြောက်တရား။ အရှက်တရားရှိအောင် ပြုပြင်ကြရမည်ဖြစ်၏။ ကြောက်စရာများကို အထပ်ထပ် စဉ်းစား၍ ကြောက်ရမည့်ကိစ္စကို ကြောက်ရမည် ဖြစ်ပါ၏။ မကြောက်တတ်သောစိတ်သည် စည်းကမ်းမဲ့သောစိတ်ဖြစ်သည်။

၄။ **စိတ်ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)**

စိတ်ပျံ့လွင့်ခြင်းသည်လည်း စိတ်စည်းကမ်းမဲ့ခြင်း တစ်ရပ်ဖြစ်၏။ လူ၏စိတ်သည် ပျံ့လွင့်နေပြီဟု ဆိုပါက ဟိုရောက်သည်ရောက် ဖြစ်နေသဖြင့် ကောင်းမှုကုသိုလ်ကိုလည်း မလုပ်ဆောင် နိုင်ဘဲရှိ၏။ လွဲလဲရိယထားရှိလုပ်ဆောင်ရမည့်ကိစ္စများတွင်လည်း မလုပ်ဆောင်ဖြစ်ပဲရှိ၏။ စိတ်လေ၊ စိတ်လွင့်ရှိခြင်း ဖြစ်သည်။ စိတ်လေလွင့်ရသည့် အကြောင်းရင်းကို ရှာဖွေ၍ မိမိစိတ်ကို မိမိပညာဉာဏ်ဖြင့် ထိန်းကြောင်း ရမည် ဖြစ်၏။ စိတ်ပျံ့လွင့်မှုသည် တာဝန်မဲ့မှု၊ တာဝန်မကျေပွန်မှုတို့ကို ဖြစ်၏။ စိတ်ပျံ့လွင့်ခြင်းသည် မည်သည့်အခြေအနေတွင်မှ မရှိအောင် ကြိုးစားရမည်ဖြစ်သည်။ စိတ်ပျံ့လွင့်နေမှုသည် အယဉ်စားရူးသွပ်နေမှု ဖြစ်၏။ တပေါင်းတန်ခူး လေရူးထသလို စိတ်ရူးထနေခြင်းဖြစ်၏။ လေရူးသည် ဘယ်ဆီဘယ်ဝယ် ဦးတည်၍ တိုက်ခတ်နေသည်

www.burmeseclassic.com

www.burmeseclassic.com

ကိုမသိ၊ လူရွေးကို အမှိုသဟဲပြု၍ လှေလှော်ရွက်တိုက်ခြင်းကို ပြု၍မရ၊ လေရွေးကို အားကိုးအားထားပြု၍ စပါးလှေခြင်း၊ ဖုန်အမှုန် သန့်စင်ခြင်းလုပ်ငန်းကို လုပ်၍မရ။ စိတ်လေ လွင့်နေမှုကြောင့် ဘယ်ဆီဘယ်ဝယ် စိတ်ပျံ့နှံ့သည်ကို မသိရ၊ ထိုစိတ်သည် စိတ်ဖျင်းစိတ်ညှဉ်ထက်ဆိုး၏။ စိတ်ပျံ့လွင့်မှုကြောင့် ဆောက်တည်ရာမရဖြစ်ရ၏။ အရက်သေစာ သောက်သုံးမိခြင်းကြောင့် မူးနောက်ယစ် ဝေနေခြင်း၊ မူးယစ်ဆေးဝါး သောက်သုံးထားသော ကြောင့် ယစ်ဝေထိုင်းမှိုင်းနေခြင်း၊ စိတ်ကို တည်ငြိမ်အောင် တည်ဆောက်၍မရခြင်းတို့သည်လည်း ပျံ့လွင့် ခြင်းသဘောတွင် ပါဝင်၏။ စိတ်ပျံ့လွင့်မှုသည်လည်း အဆိုးတရားတစ်ပါးဖြစ်သည်။ စိတ်ကိုပျံ့လွင့်အောင် ထိန်းချုပ် ရမည်ဖြစ်သည်။ သမထ ဝိပဿနာ လုပ်ငန်းသည် စိတ်ကို လိမ္မာယဉ်ကျေးအောင် ပြုလုပ်ရာတွင် အစွမ်းထက်သော နည်းဖြစ်၏။

ထမ်းပိုးမကျင့်ရသေးသော နွားသည် ဝန်တင်လှည်းကို မဆွဲတတ်၊ မသွားတတ်၊ ထိုအခါ နွားအား ထမ်းပိုးကျင့်ပေးရ၏။ လှည်းလမ်းတွင် ထမ်းပိုးကို ပုခုံးပေါ်တင်၍ သွားတတ်အောင် ကျင့်ပေးရသည်။ ဤသည်ကို ထမ်းပိုးကျင့်သည်ဟုခေါ်၏။ ထို့အတူ စိတ်သည် စည်းမဲ့ကမ်းမဲ့ဖြစ်နေမည်။ လေလွင့်နေမည်။ ပျံ့လွင့်နေမည်ဆိုပါက စိတ်ကိုသမထ၊ ဝိပဿနာ လုပ်

ငန်းများဖြင့် ထမ်းပိုးကျင့်ပေးရန် လိုအပ်ပါ၏။

ကျွန်တော်သည် ဗုဒ္ဓ မြတ်စွာဘုရား ရွေခွက်မျှောခဲ့သည့် နေရွှေရာမြစ် အစရှိသော မြစ်များသို့ သွားရောက်ဖူးသည်။ ဤမြစ်များသည် သောင်များထွန်းနေ၍ တောင်ပြေးမြောက်ပြေး၊ ဆောက်တည်ရာမရ ဖြစ်နေသော မြစ်များဟုဆိုနိုင်၏။ ဂင်္ဂါမြစ်သည်လည်းကောင်း၊ နေရွှေရာမြစ်သည်လည်းကောင်း၊ မြစ်ကြောင်းများ အမျိုးမျိုးပြောင်းကာသုံး၍ မရသော ဘဝသို့ရောက်နေသောမြစ်ဖြစ်၏။ ရေဒီးရာလမ်းကြောင်းသည်ပျောက်လျက်ရှိ၏။ သဲမြစ်ကြီးများဖြစ်နေ၍ အထက်မြစ်အညာဆီမှ မိုးရွာလျှင် လင်ဘမ်းထဲသို့ ရေလောင်းချလိုက်သလို စီးလိုရာ စီးကြ၏။ ဧရာဝတီမြစ်သည် သောင်ထွန်းကာ ရေကြောင်းများ ပြောင်းလဲပြီး ပျံ့လွင့်စပြုနေသော မြစ်တစ်စင်းဖြစ်၏။ ဂင်္ဂါ၊ နေရွှေရာမြစ်တို့ထက်စာလျှင် ဧရာဝတီက တော်သေးသည်ဟုဆိုနိုင်၏။ သို့သော်လည်း ထိုမြစ်များသည် သတ်မှတ်ထားသော ရေလမ်းကြောင်းများမရှိ၍ ပျံ့လွင့် ရွေ့သွပ်နေသော မြစ်များဖြစ်၏။ မြစ်ကြောင်းသည် မြို့များ ရွာများ၊ မြစ်ကမ်းနဖူးများကို တိုက်စားကာ လယ်ယာအိုးအိမ် ပစ္စည်းများပျက်စီးရသည်။ ကွဲ၊ နွား တိုက်တာ အဆောက်အအုံ လမ်းတံတားများ ပျက်စီးရ ၏။

ကျွန်တော်သည် မစ္စစ္စပီမြစ်သို့ ရောက်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

မစ္စစ္စပီမြစ်သည် သတ်မှတ်ထားသော ရေလမ်းကြောင်းတွင် အေးငြိမ်းစွာ စီးဆင်းနေသောမြစ်ဖြစ်၏။ သဲမရှိသောင်မရှိ အလွန်ကောင်းမွန်သော ရေလမ်းကြောင်းတွင် လှေသင်္ဘောများ ဥဒဟိုသွားလာနေကြသည်။ မစ္စစ္စပီမြစ်သည် ကြီမ်နှင့် ရိုက်၍ဆုံးမထားသော မြစ်ပမာရှိ၏။ လိမ္မာရေးခြားရှိသော မြစ်တစ်စင်းပမာရှိ၏။ ပြုပြင်ခြင်းခံထားရသော မြစ်ဖြစ်သည်။ဂင်္ဂါမြစ်နေရဟူရာ မြစ်တို့သည် အရှူးထနေသော မြစ်များဟုပင် ဆိုနိုင်၏။ ထို့သို့ဖြစ်ရခြင်းမှာ ပြုပြင်မှု၊ ထိန်းသိမ်းမှု၊ ဆုံးမမှု မရှိသောကြောင့်ဖြစ်၏။ မြစ်တစ်စင်းကို ထိန်းသိမ်းဖို့လိုသည်ဟု ဆိုပါက အစွမ်းရှိသော တီထွင်ဖန်တီးနိုင်သော တစ်စက္ကန့်အတွင်း မိုင်ပေါင်းသိန်းသန်းကုဋေ သွားနိုင်သည့် စိတ်ကိုလည်း သွားချင်ရာ သွားလာချင်ရာလာ မဖြစ်စေရအောင် လွှတ်ထား၍မရ၊ စည်းကမ်းရှိအောင် ထိန်းသိမ်းရမည် ဖြစ်ပါသည်။ စိတ်ကိုစည်းကမ်းနှင့် အညီ ပြုပြင်ရန် လိုအပ်ပါ ၏။

အ ာန်း (၄)

လောဘဟူဆိုအပ်သော လိုချင်တပ်မက်သည့် စိတ်

၅။ <u>လိုချင်တပ်မက်ခြင်း (လောဘ)</u>

လောဘစိတ်သည် မိမိအတွက် ရယူလိုသော စိတ်၊ မိမိအတွက် ပိုင်ဆိုင်သောစိတ်၊ တပ်မက်သော စိတ်၊ စွဲလန်းမှု သံယောဇဉ်ကြီးမှု၊ သမုဒယကြီးထွားမှု စသည်တို့သည် လောဘစိတ်ဖြစ်သည်။ လောဘစိတ်သည် မယဉ်ကျေးသော စိတ်ပင်ဖြစ်သည်။ အရပ်ထဲမိသားစုထဲ အဖွဲ့အစည်းထဲတွင် သူသူငါငါ လူတကာတွင် မကြာခဏ တွေ့မြင်ရသော စိတ်ဖြစ်၏။ လောဘစိတ်သည် လူ၏စိတ်ခန္ဓာတွင် တမြေ့ကြီးထွား

www.burmeseclassic.com

www.burmeseclassic.com

နေတတ်၏။ အထည်အလိပ်များကို အရောင်ဆိုးထား သလို စွဲစွဲမြဲမြဲလည်း ရှိတတ်သော စိတ်ဖြစ်၏။ နွားငယ်တွင် ဂျိုပေါက်လာပါက ရပ်တန့်မနေ တရွွေ့ရွွေ့ ကြီးထွား ရှည်လျားလာသကဲ့သို့ လောဘသည် နောက် မဆုတ်တတ်ပဲ ကြီးပွားနေတတ်၏။

လောဘတရားသည် ဆိုးဝါးသော အစဉ်တခု ဖြစ်၏။ အရာရာကို လိုချင်မျက်စေ့ဖြင့် ကြည့်၏။ ထိုအခါ မတရားမမျှတမှုများသည် တောက်လျောက် ဖြစ်ပေါ်လာတော့သည်။ တရားသူကြီး ရွှေ့နေရွှေ့ရပ်၊ အမှုထမ်း၊ အရာထမ်း၊ ဝန်ထမ်း အရပ်ရပ်တို့ လာဘ်ယူ ခြင်းသည် လောဘ၏ စေ့ဆော်မှုကြောင့် ဖြစ်၏။ ထိုအခါ လောကအလုံးသည် ပျက်သုန်းတော့သည်။ ထိုသို့ ပျက်သုန်းလာသောအခါ လောကကို သူတော် ကောင်း တို့သည် မစောင့်ရှောက်ပဲ ရှိလာ၏။ ထိုအခါ လူအဖွဲ့အစည်း လူပြည်လူရွာသည် ပျက်စီးတော့သည်။

ရစရာလုပ်စရာ အလုပ်ကိစ္စများကို မိမိနှင့် ပတ်သက်သူများကို ဦးစားပေး၍ ပေးခြင်း၊ ရယူလို သော ဆန္ဒများဖြင့် အရောင်းအဝယ်ပြုလုပ်ရာတွင် လည်ဆယ်ပြောဆိုရောင်းချခြင်း၊ ရရှိရေးအတွက် လိမ်လည် ပြောဆိုခြင်း၊ သီလကျိုးပေါက်ခဲ့၍ မိမိပိုင်ဆိုင် ရေးအတွက် ကြိုးပမ်းခြင်းတို့သည် လောဘ၏ စေ့ဆော် မှုပင် ဖြစ်၏။ လောဘစေ့ဆော်လာပါက အကြောက်

တရား အရှက်တရားတို့လည်း ကင်းလာ၏။

ရယူလိုသော စိတ်ကြောင့် ပေးကမ်းစွန့်ကြဲလို သော ဒါနစိတ်တို့သည်လည်း ပျက်သုန်း၊ ဥစ္စာရှား သားရှား၊ သမီးရှား၊ လင်တရှား ဖြစ်ရ၏။ ရှားပြီဟု ဆိုပါက လောကအလုံး အသုံးမကျ၊ ရစရာမရှိတော့။ လောဘ အားကြီးလာပါက ဆင်ခြင်တုံ တရားလည်း ကင်းမဲ့ လာ၏။ ရယူလိုခြင်း တစ်ခုတည်းကိုသာကြည့်၏။

အခါတပါးတွင် ဆရာတော်၏ ကျောင်းသို့ ဒကာ ဒကာမတို့က ပေါင်မုန့်အုန်းနို့ဆမ်း၊ သာကူ၊ မုန့် လက်ဆောင်းစသည့် မွန်းလွဲလျှင် အချဉ်ပေါက်တတ် သော စားစရာတို့ကို လာရောက်လှူဒါန်းကြ၏။ ကျောင်းတွင် ဆရာတော်ကမရှိ။ လာရောက်လှူဒါန်း သော မုန့်များ စားစရာများကို ဦးသူတော်က လက်ခံ ရယူထား၏။ ဆရာတော်က မွန်းလွဲခါနီးတိုင်း ရောက် မလာ၍ မည်သို့ပြုလုပ်ရမည်ကို မသိသော ဦးသူတော် သည် လာရောက်လှူဒါန်းသော သရေစာများသည် ညနေ မွန်းလွဲလျှင်ချဉ်ကုန်တော့မည်။ အချဉ်မပေါက်ခင် စားပစ်မှဟုဆိုကာ ထိုစားစရာများကို အကုန်စားလေ သော် စားပိုးနှင့်၍ ဦးသူတော် သေလေ၏။

ဆရာတော်ပြန်လာသောအခါ "အော် ငါ့တပည့် သူတော်သည် ပေါင်မုန့်အုန်းနို့ဆမ်းတော့ နှမြောသည်။ သူ အသက်တော့ သူမနှမြောပါတကား" ဟု သံဝေဂ

www.burmeseclassic.com

www.burmeseclassic.com

စကား ဆိုသောဟူ၏။

လောဘတရား၏ လှုံ့ဆော်လာလျှင် အသိဉာဏ် ပညာသည်ဆိတ်သုဉ်းသောဘဝသို့ ရောက်ရှိ၏။

လောဘတရား၏ လှုံ့ဆော်မှုသည် အကုသိုလ် လုပ်ငန်းများ၊ ဒုစရိုက်လုပ်ငန်းများကို မကြောက်မရွံ့ လုပ်၏။ အချို့သောသူတို့သည် သူတပါး၏ပစ္စည်းကို ရယူလိုသောလောဘဖြင့် ခါးပြတ်ထိုးကြ၏။ ဘဏ် တိုက်ကြီးများကို ဝင်ရောက်စီးနင်းကြသည်။ ထိုအခါ သက်ဆိုင်ရာရဲအုပ်ချုပ်သူတို့သိရှိ၍ ခုခံကြ သောအခါ အသက်ဆုံးရှုံးကြသည်။ ရုံးရဲဌာန ရောက်၍ ထောင်ကျကြရသည်။ အသက်သေ ဆုံးမည်၊ ထောင်ကျမည်ကို မစဉ်းစားနိုင်အောင် လောဘတရားက အသိဉာဏ် ပညာကို ပိတ်ဆို့ထား၏။

တစ်ခါက အိန္ဒိယနိုင်ငံတွင် ချမ်းသာကြွယ်ဝ သောမျိုးရိုးမှ ဆင်းသက်လာသော အရာရှိကြီး တစ်ဦး သည် နိုင်ငံပိုင်ငွေကြေးများကို အလွဲ သုံးစားပြု၍ ထိုအ ရာရှိကြီးထောင်ကျကာ ဇနီး မယား၊ သားသမီး များနှင့် မိဘမျိုးရိုးပါ ဂုဏ်သိက္ခာ ကျဆင်းသောဘဝသို့ ရောက် ရ၏။

သူတပါးပစ္စည်းအားခိုးယူမှုသည် များမှသာ လောဘတက်သည်မဟုတ်၊ တပြားတချပ်တစ်ပဲနီ အပေါ်၌လည်း တပ်မက်မှုမရှိ။ ရေသည်လင်မယား

သည် အိမ်ရှေ့မင်းဖြစ်သည့်တိုင် မြို့ရိုးတွင်ဝှက်ထား သော သူတို့ငွေတပဲနိကို အခင်းအကျင်းဖြင့် သွား ရောက်ရယူသေး၏။ ကာလမတ်(စ)က အရင်းရှင်တို့၏ လောဘအကြောင်းကိုဖွဲ့ဆိုရာတွင် အရင်းရှင်များသည် ၂၅ ရာခိုင်နှုန်းမျှ မြတ်လျှင်ပင် လက်ရဲဇက်ရဲ ရှိကြသည်။ ၅၀ ရာခိုင်နှုန်း မြတ်မည်ဆိုပါက သူတို့၏ဂုဏ်သိက္ခာကို ပင် မငဲ့ကွက်ဘဲ မုသားကိုပင်ဆိုဝံ့ကြသည်။ ထိုသူများ သည် ၁၀၀ ရာခိုင်နှုန်း မြတ်မည်ဆိုပါက စက်တိုင်သို့ တက်ရန်ပင် ဝန်မလေးကြဟု ဆို၏။ လူ၏လောဘ တရားကို သိသာထင်ရှားအောင် ပြောဆိုမှုတစ်ရပ် ဖြစ်ပါ၏။

လောဘသည် ဒေါသကိုလည်း လှုံ့ဆော်ပေး၏။ တစ်ခါတွင် ကျွန်တော်တို့ အရပ်၌ အိမ်နီးချင်းနှစ်ဦး ခြံစည်းရိုးသူဘက်ပါဆည် ကိုယ့်ဘက်ပါသည်ဆိုပြီး လောဘ သက္ကာယဖြင့် ရန်ဖြစ်ကြရာ ခုတ်ထစ်ရိုက်နှက် ကြရာ နှစ်ဦးစလုံး ပွဲချင်းပြီး သေကြ၏။ သူတို့သေကြ တော့လည်း သူတို့ပိုင်မြေတစ်လက်မကိုပင်သယ်မသွား နိုင်ကြ။ ရခဲလှသော လူဘဝသည် အချည်းအနှီးဖြစ်ပြီး သေဆုံး ကြရ၏။

လောဘကို -

(၁) ပေမဟုလည်းကောင်း

(၂) တဏှာဟုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

(၃) ရာဂဟု လည်းကောင်း
(၄) သမုဒယ ဟုလည်းကောင်း ခေါ်ဆိုကြသေး၏။

တဏှာပေမ၊ တဏှာရာဂ၊ တဏှာလောဘဟု လည်း တွဲ၍ခေါ်ကြသည်။

ပေမသည် ချစ်ခင်မှု၊ သံယောဇဉ်ကြီးမှု၊ တွယ်တာမှုဖြစ်၏။ မိမိသားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးညာတိ၊ ဇာတိရပ်ရွာ၊ ဇနီးမယား၊ လင်ယောကျ်ား တို့ တစ်ဦးအပေါ် တစ်ဦး တစ်ယောက်အပေါ် တစ်ယောက် ချစ်ခင်မြတ်နိုးတွယ်တာမှု သံယောဇဉ်ကြီး နှောင်ဖွဲ့ထုံးရစ်မှုသည် ပေမပင် ဖြစ်၏။ ထိုသံယောဇဉ် နှောင်ဖွဲ့မှုသည် လောဘစိတ်ကို အရင်တည်၍ ငါ့သားမှ ငါ့သား၊ ငါ့မယားမှ ငါ့မယား ဖြစ်ရသည်၊ ငါသား ငါ့မယားအပေါ် ဘက်လိုက်မှု၊ သားမယား အတွက် အကုသိုလ်ဒုစရိုက် လုပ်ငန်းများ ကျူးလွန်မှုများ ပြုလုပ်ကြ၍ ဘဝပျက်ကြရ၏။ သံသရာတွင် အခက်ကြုံကြရ၏၊ ဤသည်မှာ လောဘအရင်းခံ ဖြစ်၏။

တဏှာဆိုသော စကားရပ်က လိုချင်စွဲလန်းမှု ဖြစ်၏။ လောဘတရားပင် အရင်းခံ၏၊ တဏှာသည် လောဘ၏ အခြားအမည် တရပ်ပင် ဖြစ်၏။ မေထုန်ဝိဝံမှုကို တပ်မက်မှုသည်လည်း လောဘပင် ဖြစ်သည်၊ ရာဂဆိုသော အရာကား ငြိတွယ်မှုဖြစ်၏။ ရာဂသည်

လည်း လောဘ၏ လုတူနာမည်ကွဲဖြစ်၏။ လောဘကို သမုဒယတုလည်း သုံးစွဲပြန်ရာ သမုဒယဟုသမ္မသည် ဒုက္ခဖြစ်သောကြောင့် လောဘရှိနေသမျှ ဒုက္ခချည်းသာ ဖြစ်ပါ၏။

လောဘသည် နည်းသည် များသည်မတူ ကုသိုလ် အထောက်အပံ့မပါလျှင် အပယ်ကျ၏။ ကျောက်ခဲသည် အရွယ်ကြီးမှ ရေတွင်နစ်မြုပ်သည်မဟုတ်၊ သဲပွင့်အရွယ်သည်လည်း ရေတွင်နစ်မြုပ်၏။ လောဘကို စည်းကမ်းကလနားသတ်၍ ထိန်းသိမ်းရာ၏။

လောဘသည် ထိန်းသိမ်းမှု၊ စောင့်စည်းမှု၊ ကုသိုလ် အကူအညီအထောက်အပံ့ရှိပါက အပါယ်မလားသော သဘောရှိ၏။ ထို့ကြောင့် လောဘကို တရံမလပ် သတိပညာတို့ဖြင့် စောင့်ကြပ်အပ်၏၊ ဆရာတော် အရှင်ဇနကာဘိဝံသက - ဥပမာ ကျောက်ခဲသည် သူချည်းသက်သက် ဆိုပါက ရေတွင် နစ်သော်လည်း ရေသို့ ပစ်ချရာ လေ့ပေါ်တွင် တင်နေပါက ရေသို့ မနစ်ဝဲရှိ၏။ ဇနီး၊ ခင်ပွန်း၊ သားသမီးတို့ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ဖြစ်၍ အတူတကွ ပါရမီဖြည့်ဆည်းမှု၊ ကောင်းမှုကုသိုလ် အတူတကွပြုပါက ကုသိုလ်တရားပင် ဖြစ်ထွန်းသည်။

သုမေဓာရှင်ရသေ့နှင့် သုမိတ္တာသက္ကသမီး

www.burmeseclassic.com

www.burmeseclassic.com

အရှင်မဟာကဿဖနှင့် မယ်ဘဒ္ဒါအလောင်း
နကုလပိတာသူဌေးနှင့် နကုလမာတာသူဌေး
ကတော် တို့သည် ဥပမာများဖြစ်ကြပါ၏။

ဖြူစင်သော သဒ္ဓါတရားဖြစ်ခြင်းဖြင့် ကောင်း
ကျိုးကိုရ၏၊ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတူလျှင် တူညီ
သော အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာတို့ဖြင့် နိဗ္ဗာန်
ရောက်နိုင်၏၊ ချမ်းသာသုခဖြစ်၏။

ထို့ကြောင့် မိမိလောဘသည် သူတစ်ပါးကို
မထိခိုက်ရန်လို၏၊ သူတစ်ပါးကို ထိခိုက်စေသော
လောဘတရားကို စည်းကမ်းကလနားသတ်၍ ထိန်း
သိမ်းရာ၏၊ ထို့ပြင် တဏှာလောဘသည် မာယာကို
မွေးဖွားစေနိုင်၏၊ မာယာသည် လှည့်စားမှုဖြစ်သည်၊
လောဘရှိပါက ရယူလိုမှုစွဲလန်းမှု၊ သံယောဇဉ်တို့ကို
အခြေခံ၍ လိမ်လည်လှည့်ဖြားကြံဆောင်ပြောဆိုခြင်း
သည် မာယာပင်ဖြစ်သည်။

လောဘရှိလာသူသည် မာယာပရိယာယ် အ
သွယ်သွယ်ရှိလာရုံသာမက မရှိသည်ကိုအရှိ၊ အပြစ်
ရှိပါလျက် မရှိဟု ဖုံးကွယ်တတ်သော သဘောကိုလည်း
ရောက်ရှိ၏။ ဤသည်ကိုသာ ဌေယျဟု ခေါ်၏၊
လူလောကတွင် သီလမရှိဘဲ သီလရှိဟန်ဆောင်၊ ဇွဲမရှိ
ဘဲ ဇွဲရှိဟန်၊ ဘွဲ့မရထိုက်ဘဲ ဘွဲ့ရအောင်ကြိုးစားမှုသည်
ခိုးမှု ကျူးလွန်ရာဖြစ်၍ ထိုဘွဲ့ထူးဂုဏ်ထူးကို မိမိနှမည်
နှင့် တွဲ၍ ခေါ်ဆိုနေသမျှ ငရဲကြီး၏။

လောဘစိတ်သည် နောက်ဆက်တွဲ ဂုဏ်များများ
နှင့် ဆိုးကျိုးများကို ဖြစ်စေ၍ လောဘစိတ်နည်းပါး
အောင် လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်၏၊ လောဘစိတ်
ကို စည်းကမ်းကလနားသတ် ပေးရမည်ဖြစ်၏၊ ပုထုဇဉ်
လူသားတို့အနေနှင့် လောဘကင်းစင်အောင် ပြုလုပ်ရန်
ခဲယဉ်း၏။ ထိုက်သင့်သော လောဘသာဏားရှိ၍
လွန်ကဲသော လောဘများ မပွားများအောင် စိတ်
စည်းကမ်းဖြင့် ကန့်သတ်ချုပ်ခြယ်ရမည် ဖြစ်၏။

ဆပ်ကတွင် ဆင်ကြိုးများ၊ ရိုင်းစိုင်းသော
အသားစားသတ္တဝါ ကျားများ၊ ခြင်္သေ့များ ပါဝင်ကပြ
ကြ၏။ ထိုဆင်ကြိုးများသည် အလွန်အင်အားကြီး၍
ရိုင်းကြ၏၊ ကျား ခြင်္သေ့အစရှိသော သတ္တဝါများသည်
လည်း ရိုင်းကြ၏ ထိုသတ္တဝါများ တိရစ္ဆာန်များကို
ယဉ်ကျေးအောင် သင်ပြလေ့ကျင့်၍ ရ၏၊

ထို့အတူ ဆင်ရိုင်းကဲ့သို့ ရိုင်းစိုင်းသော
စိတ်ဆင်ရိုင်းကို
ထုံးဝိုင်မခြား
ယဉ်စိမ့်ဉာဏ်လျှင်
ပညာထိန်း၍
သိပ်းစေမင်း ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

မှားမှားယွင်းယွင်းသိခြင်းနှင့် ထောင်လွှားကြွတက်ခြင်း

၆။ <u>မှားမှားယွင်းယွင်းသိခြင်း (ဒိဋ္ဌိ)</u>

မှားမှားယွင်းယွင်းသိခြင်းသည် စိတ်၏ ချွတ်ယွင်းမှု စိတ်စည်းကမ်းမဲ့မှုဖြစ်၏။ စိတ်သည် အမှန်ကိုသိမှ အမှန်အကန်ကို ဆုံးဖြတ်နိုင်မည် ဖြစ်၏။ အမှားမှား အယွင်းယွင်းသိနေလျှင် တောက်လျှောက်မှားဖို့သာ ရှိ၏။

မှားမှားယွင်းယွင်းသိလျှင် မရှိသည်ကို အရှိ ထင်တတ်၏။ မမှားသည်ကို အမှားထင်၏။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com

သူသည်သာ အမှန် အခြားသူများအမှားဟု အယူလွဲတတ်၏။ မျက်စေ့ကမ်း တစ္ဆေမကြောက်ဆိုသည့် အတိုင်း မှားမှားယွင်းယွင်းသိသူသည် သူများနေသည်နှင့် ပတ်သက်၍ အရှက်တရားအကြောက်တရားတို့လည်း မရှိဘဲနေ၏။ မောဟက မသိတာ သက်သက်ဖြစ်သည်။ ဒိဋ္ဌိစိတ်က မှားမှားယွင်းယွင်း သိနေခြင်းဖြစ်၏။ ဦးဘက ဝက်သားကြိုက်၏။ အမဲသားကိုကား ရှောင်သည်။ ဦးလှက အမဲသားစား၍ ဝက်သားကို ရှောင်၏။ ဒိဋ္ဌိသမားက ဦးဘက အမဲသားကြိုက်သည်။ ဦးလှက ဝက်သား ကြိုက်သည် ထင်မှတ်ကာ ဦးဘအိမ်ကို အမဲသားပို့၍ ဦးလှအိမ်ကို ဝက်သားပို့ပေး၏။ ထိုအခါ တက်တက်စင်လွဲမှား၏။ ထိုအခါ ဦးဘက သူမစားသော အမဲကို ပို့ခြင်းသည် သူ့ကို ရန်စတာဟုထင်၏။ ဦးလှက သူရှောင်သော ဝက်သားကို သူ့အိမ်ပို့၍ စိတ်ဆင်းရဲသွား၏။ မှားမှားယွင်းယွင်းရှိသူတို့အား မပေါင်းအပ်သူဟု ပညာရှိတို့က ဆို၏။ အသိ မှားခြင်းကြောင့် အစစအရာရာ မှား၏။

ထို့ကြောင့် အသိတရားမှန်ကန်အောင် ပြုရန်လိုအပ်၏။ မှားယွင်းနေသော စိတ်ကိုတည့်မတ်ပေးရမည် ဖြစ်၏။ ပညာဖြင့် သတိဖြင့် တည်မတ်ရာ၏။

၇။ ထောင်လွှားခြင်း (မာန)

ထောင်လွှားခြင်းသည်လည်း စိတ်စည်းကမ်းမဲ့မှု တစ်ရပ်ဖြစ်သည်။ လူတို့သည် နည်းမျိုးစုံဖြင့် ထောင်လွှားမောက်မာတတ်ကြ၏။

* အချို့က ရာထူးဂုဏ်ရှိန်ကြောင့် မောက်မာကြွတက်၏။
* အချို့က စည်းစိမ်ဥစ္စာကြောင့် မောက်မာ ကြွတက်၏။
* အချို့က ပညာအရည်အချင်းကြောင့် မောက်မာ ကြွတက်၏။
* အချို့က ရောဂါကင်းစင်သောကြောင့် မောက်မာ ကြွတက်၏။
* အချို့ငယ်ရွယ်ဂုဏ် အားကိုး၍ မောက်မာ ကြွတတ်၏။
* အချို့က အသက်အရွယ်ကြီးရင့်၍ ငါအသက်ကြီးသူ၊ အတွေ့အကြုံများပြားသူဟုဆိုကာ မောက်မာကြွတတ်၏။
* အချို့သားသမီး ဆွေမျိုးမိဘအားကိုးဖြင့် မောက်မာ ကြွတက်၏။

တကယ်တော့ ရာထူးဂုဏ်ရှိန်၊ စည်းစိမ် ဥစ္စာ၊ ပညာအရည်အချင်း၊ ရောဂါကင်းခြင်း ငယ်ရွယ်ခြင်း၊ ဘဆွေမျိုး အခြံအရံများခြင်းတို့သည် သခ်ါရ တရား

www.burmeseclassic.com

www.burmeseclassic.com

ချည်းဖြစ်၏။ မြင်မြင်သမျှ သခါရ သဘောကို မေ့လျော့ကာ မာန်မာန ထောင်လွှားခြင်းဖြစ်၏။ မာန်မာန ထောင်လွှားပါက မာနစိတ်နှင့်အညီ ပြောဆိုဆက်ဆံ၏။ ထိုအခါ အခြေအရံအသင်းအပင်းတို့ ဆုံးရှုံး၍ မကောင်း သတင်း ဖြစ်တတ်၏။

ထောင်လွှားသူသည် ရာထူးဂုဏ်သိန်ကြောင့် ထောင်လွှားသည့်တိုင် ရာထူးဂုဏ်သိန် ကျဆင်းသွားသောအခါတွင်လည်း မာနကို မချဘဲ တချိန်က ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့သည်ကို ပြန်ပြောင်းသတိရကာ မာနအလံကို လွှင့်ထူမြဲ လွှင့်ထူတတ်၏။ စည်းစိမ်ရှိသူကလည်း စည်းစိမ်လျော့ဆင်းရဲသော ဘဝသို့ရောက် ရ သည့်တိုင် မာနဓာတ်ခံကို မချဘဲ ရှိတတ်၏။ ရောဂါကင်းစင်သူလည်း ရောဂါရလာသည့်တိုင် မိမိတချိန်က ရောဂါကင်းခဲ့သည်ကို သတိရကာ မာန မချနိုင်ဘဲရှိ၏။ ရောဂါဝေဒနာ ခံစားနေရင်းကပင် မာန်တက်သူများရှိ၏။

မာန်မာနတရားသည် နေရာတကာတွင် ထားအပ်သည် မဟုတ်၊ နှိမ့်ချခြင်းသည် မင်္ဂလာတစ်ရပ်ဖြစ်ရာ မာန်မာနထောင်လွှားသူသည် ယင်းမင်္ဂလာ တရားနှင့် ကင်းဝေး မာန်စိတ်မာနစိတ်သည် စည်းကမ်းမဲ့သော မလိုလားအပ်သည့်စိတ်ထားတစ်ရပ်ဖြစ်ပေရာ ထိုစိတ်မျိုးရှိပါ ယင်းကိုစည်းကမ်းကလနား ထား၍ ထိန်းချုပ်

သင့်ပါ၏။

မာနကို ချ၍ သူတစ်ပါး ခြေဝါးအောက်သို့ ဝင်ရမည်ဟုမဆို။ မာန်မာနဖြင့် သူတပါးခေါင်းပေါ် မတက်နှင်သာ လိုအပ်ပါသည်။ ဇာတိသွေး ဇာတိမာန်ဆိုသော အရာရှိပါ၏။ ဇာတိသွေး ဇာတိဝေနှံ အမျိုးဂုဏ်သည် လိုအပ်ပါက ထားရှိနိုင်ပါ၏။ သူတစ်ပါးကို ကျူးကျော်ရန် စရန်အတွက် မဟုတ်။ သူတစ်ပါး ကျူးကျော်ရန် စပါက ခုခံကာကွယ်ရန် ပုထုဇဉ်လူသားတို့တွင် ဇာတိမာန် ဇာတိသွေးထားရှိနိုင်ပါ၏။ မြင့်မြတ်သော သူတော်စင်တို့၏ ဘဝတွင်ကား မာန်မာနတရားသည် ခဝါချထားပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ခက်ထန်ကြမ်းတမ်းခြင်း

၈။ **ခက်ထန်ကြမ်းတမ်း (ဒေါသ)**

ခက်ထန်ကြမ်းတမ်းခြင်းသည် စိတ်စည်းကမ်း မရှိမှုတစ်ရပ် ဖြစ်၏။ စိတ်၏ ခက်ထန်ကြမ်းတမ်းသည့် သဘောသည် ဒေါသဖြစ်၏။ ခက်ထန်ကြမ်းတမ်းသော ဒေါသ၏ သဘောတွင် ငြူစူမှု၊ အလိုမကျမှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးဖွဲ့မှု၊ တိုက်ခိုက်မှု၊ သေကြေပျက်စီးအောင် ကြံဆောင်မှု၊ သူတပါး သောကဒုက္ခရောက်အောင် လုပ်ဆောင်မှု၊ ဆဲဆိုငေါက်ငမ်းမှု၊ စိတ်ကောက်မှု၊ စိတ်ပျက်မှု၊ စိတ်မချမ်းသာဖြစ်မှု၊ စိတ်အလိုမကျမှုစသည်တို့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်၏။ ထိုအရာ အားလုံးသည် ဒေါသအခြေခံ ချည်းဖြစ်၏။ ဒေါသတွင် ကြမ်းတမ်းသည့် သဘောရှိသလို ဒေါသတွင် ကြောက်ရွံ့မှုလည်းရှိ၏။ မဆင်မခြင် မစူးမစမ်းလုပ်မှု၊ လောင်မြိုက်မှုတို့လည်း ပါဝင်၏။ စိတ်ခက်ထန်ကြမ်းတမ်းသူသည် ကြောက်စရာရှိလည်း ကြောက်လွယ်၏။

ကျွန်တော်သည် ဒေါသစိတ်ရှိသော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည်။ ကျွန်တော့်တွင် ဒေါသရှိနေသည်ဆိုသော အချက်ကို အသက် ၆၅ နှစ်ကျော်မှ သိသည်။ ဒေါသသည် ကျွန်တော့် ခန္ဓာကိုယ်ထဲတွင် ပုန်းအောင်း၍ အနှစ် ၆၀ ကျော်နေခဲ့၏။ ကျွန်တော်သည် ဒေါသ ကျွန်တော်စိတ် ခန္ဓာအသွင်၌ ကိန်းဝပ်ရှိနေခဲ့သည်ကို မသိ။ လွန်ခဲ့သော သုံးလခန့်က ဒေါသဖြင့် မဖြေရှင်းသင့်သောကိစ္စတစ်ရပ်တွင် ဒေါသအမျက် ချောင်းချောင်းထွက်ခဲ့သဖြင့် စိတ်မရွှင်ပြမှု ဖြစ်ပေါ်ခဲ့ရမှ ဒေါသကို သတိပြုမိ၏။ ဒေါသအကြောင်း စာတအုပ် ဖတ်နေခိုက်နှင့်လည်း ကြုံ၍ သတိထားမိခြင်း ဖြစ်၏။ ဒေါသထွက်တိုင်း ကျွန်တော့်ဘဝတွင် ဘဝကိုပြောင်းလဲစေလောက်သည့် ဆုံးရှုံးမှုများကို ရင်ဆိုင်ခဲ့ ရ၏။

ကျွန်တော့်တွင် ဒေါသရှိနေသည်ကို ထိုအရာသည် ဒေါသဟု ကျွန်တော်က မထင်မှတ်ဘဲ အမှန်တရားအတွက် တိုက်ပွဲဝင်တာဟု ထင်မှတ်နေခဲ့၏။

ဒေါသဖြစ်မှုပေါ်တွင် ဒိဋ္ဌထပ်၍ ဖြစ်နေခြင်း ဖြစ်၏။ မထင်မှတ်ဘဲ ထိုအရာကို ဒေါသဟု ထင်မိလိုက်သော အဖာတွင်မှ ကျွန်တော့်ဘဝကို ကျွန်တော်ပြန်၍ စဉ်းစားသောအခါ ကျွန်တော့်ဘဝသည် ဒေါသဖြစ်စဉ်ကြီး တစ်ရပ်ဖြစ်နေ၏။

ကျွန်တော့်တွင် ဒေါသရှိကြောင်းကို အသက် ၂၅ နှစ်အရွယ်က ကြည့်မြင့်တိုင် အထက (၅) အနီးရှိ တရုတ်ဘုံကျောင်းမှ တရုတ်ဗေဒင်ဆရာက "ခင်ဗျား စိတ်က ကရင်ဆော်ဒါပုလင်းဖောက်သလိုဘဲ" ဟု ပြောဘူး၏။ ထိုစဉ်က ကျွန်တော်သည် အလေးအနက် မထားမိခဲ့။ စိတ်မြန်တာကို ပြောတာရှိမှာဘဲဟု အမှတ် မထင်နေခဲ့၏။

ဒေါသသည် မိမိအနိုင်ရမည့်ကိစ္စများတွင်လည်း ဒေါသရှိတတ်သည်မဟုတ်။ မိမိရှုံးနိမ့်ရမည့် ကိစ္စများကိုလည်း ဒေါသက ရင်ဆိုင်သည်။ အရှုံးအနိုင်သည် ဒေါသ၏ ကိစ္စမဟုတ် ဒေါသထွက်စရာကို ရှာကြံ၍ ဒေါသဖြစ်စေရေးသာ သူ့အလုပ်ဖြစ်၏။ ကျွန်တော်သည် လောဘတရားနည်းပါး မှုတစ်ခုတည်းကို လက်ဆိုင်ပြု၍ ကျွန်တော့်ကိုယ် ကျွန်တော် လူကောင်းဟု သတ်မှတ်ပြီး ဘဝတွင် နေခဲ့သည်။ ကျွန်တော့်တွင် ဒေါသရှိနေမှန်း လုံးဝမသိခဲ့။ ဒေါသဖြစ်၍ တစ်စုံတစ်ရာ အချင်းမျှားလျှင် သုံးလေးလ ကြာအောင် တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ သုံးလေးလကြာပြီးသောအခါ ထိုကိစ္စ
လုံးဝ စိတ်မဝင်စားဘဲရှိ၏။ ဖြစ်ပျက်ခဲ့သော ကိစ္စများ
အတွက် ခံစားရမှုများရှိ၏။ သူလုပ်လို့ ငါလုပ်တာဘဲ။
သူက လူဆိုးပဲ ဟူ၍သာ သဘောထားဖြစ်ခဲ့ရသော
ကိစ္စအရပ်ရပ်ကို တစ်ပါးသူ အပေါ်သို့သာ ပုံချ၏။
တကြိမ်စိတ်ဆိုးတိုင်း ဒေါသအလျောက်ပြုလုပ်တိုင်း
ငွေကြေးဆုံးရှုံးမှု၊ အချိန်ကာလ ဆုံးရှုံးမှု၊ မိတ်ဆွေ
အပေါင်းအသင်း ဆုံးရှုံးမှု တို့သည် အလွန်မှများသည်။
ထိုဆုံးရှုံးမှုများသည် ဘယ်သောအခါမှ အစားပြန်၍
မရတော့ပါ။

ကျွန်တော့်တွင် ဒေါသရှိနေမှန်းလည်း မသိ။
ထိုကိစ္စကို ဒေါသဖြင့် လုပ်မိနေမိသည်ကိုလည်း မသိ
သောကြောင့် ဒေါသကြောင့် ဖြစ်သော ကိစ္စများ
အတွက် နောင်တလည်းတစ်စုံတစ်ရာမရှိပါ။ နောင်
ရရှိလျှင်လည်း ဒေါသဖြစ်သော ထိုသီးသန့်ကိစ္စ တစ်ရပ်
အတွက်သာ နောင်တရ၍ နောက်ကိစ္စတစ်ရပ် ထပ်ဖြစ်
လျှင် ဒေါသသည်ထပ်၍ ထွက်ပြန်သည်။ ကျွန်တော့်
တွင် ဒေါသရှိမှန်း မသိသောကြောင့်လည်း ထိုဒေါသကို
စည်းကမ်းကလနားသတ်ရမှန်း၊ ဒေါသကို ထိန်းချုပ်ရ
မှန်း မသိချေ။ ဒေါသစိတ်သည် လူစိတ်ခန္ဓာတွင် ပုန်းနေ
၏။ အခွင့်သင့်သည်နှင့် သူကဓားကိုင်၍ ထွက်၏။
ဒေါသဖြင့် လုပ်ဆောင်သောကိစ္စအရပ်ရပ်တွင်

နစ်ဦးနှစ်ဖက် ပျက်စီးဆုံးရှုံးသည်ကများ၏။ ကျွန်တော့်
ဘဝတွင် တရားရုံးရောက်ရသောကိစ္စရပ်နှစ်ခု ဖြစ်ခဲ့၏။
ဒုံးပြန်စဉ်းစားသော ထိုကိစ္စနှစ်ရပ်စလုံးသည် ဒေါသ
ကြောင့် အခြေခံဖြစ်ပေါ်သော ကိစ္စများ၏။

ကျွန်တော်သည် ဒေါသနှင့် ရင်ဆိုင်ရပါက
ဘယ်သူနှင့် မဆို ရင်ဆိုင်သည်။ တုတ်တပျက် ခါး
တပျက်ဆွဲကိုင်ရင်ဆိုင်မှုလည်း ရှိသည်။ ကျွန်တော်
အသက် ၂၀ ကျော် ကာလမှယနေ့ထိ အကြီးအကျယ်
ဒေါသအိုးပေါက်ကွဲမှု ဆယ်ကြိမ်မျှ ဖြစ်ခဲ့ဘူးရာ ထိုသို့
ဖြစ်ရသောအခါတိုင်း ပြောစမှတ်ပြုရလောက်အောင်
ဆုံးရှုံးမှုသည် ရှိခဲ့စမြဲဖြစ်၏။ မဟုတ်လျှင်မခံဟူသော
စိတ်၏ နောက်ဘက်တွင် ဒေါသသည် ပုန်းကွယ်နေ
တတ်၏။ မဟုတ်မခံစိတ်ခါတ်ကို လိုအပ်သော တိုက်ပွဲ
ဝင်စိတ်ဓာတ်အနေနှင့် ကျွန်တော်သည် သိပ်သည်းဆ
ဆားရှိလေရာ မဟုတ်တာတရပ်ရပ်နှင့် ကြုံတိုင်းဒေါသ
ဖွက်သည်။ တစ်ခါတရံ မိမိကိစ္စမိမိအကျိုးတစ်စုံတစ်ရာ
ပါဝင်ဘဲ အခြားသူများ၏ ကိစ္စတွင် ဝင်ရောက်ဒေါသ
ဖွက်မှုရှိ၏။ မကြာသေးမီက ဒေါသထွက်မှု တစ်ရပ်က
ဆိုးလောင်မခန်း ဖြစ်ရာမှ ကျွန်တော်သည် အဖြစ်
အပျက်ကို ပြန်စဉ်းစားရင်း ဆရာတော် အရှင်ဇနကာ
ဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာကို ဖတ်လက်စဉ်လည်း
ဖြစ်ရာမှ ဟာဒါဒေါသပဲဟု ကျွန်တော့်ကိုယ်တွင် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com

ကို အထုပ်နှင့် အထည်နှင့် လက်ပူးလက်ကျ ခိုးရာပါ ပစ္စည်းနှင့် မိသလို တွေ့ရှိခဲ့ခြင်း ဖြစ်၏။ ကျွန်တော်သည် ကျွန်တော့် ခန္ဓာတွင်ရှိသော ဒေါသကို အပြန်ပြန် အလှန်လှန်စဉ်းစား၏။ ထိုအခါ ဒေါသကဲ့သို့ စိတ်ကို ညစ်ထေးစေသော စိတ်ကို မကောင်းအောင် ပြုနေသော အခြားသော မကောင်းစိတ်များလည်း တွေ့သည်။ ထိုစေတသိက် စိတ်တို့သည် အခွင့်အခါကြုံသည်နှင့် ခေါင်းထောင်ထလာကြသည်ကို တွေ့ရ၏။ အခွင့်အခါကို ယင်းတို့သည် စောင့်ဆိုင်းနေကြသည်။ အခွင့်ရသည်နှင့် ခိုကပ်နေသော ချောင်တခုခုက ထွက်လာကြသည်ကို ကျွန်တော် သတိပြုမိပါ၏။ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကစ္စ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ အဟိရိက အနောတ္တပ္ပ အစရှိသော စိတ်ကိုမကောင်းအောင် ခြယ်လှယ်တတ်သော ဤအကုသိုလ် စေတသိက်အားလုံးသည် ခန္ဓာတနေရာရာမှချောင်းကာသူထကြွသောင်းကျန်းရမည့် အချိန်ကို စောင့်နေ၏။ ထကြွခွင့်နှင့် ကြုံလာသည်နှင့် တပြိုင်နက်၊ မာနကလည်း ထွက်လာကာ မာနထောင်လွှား၏။ လောဘကလည်း ထွက်လာက အရာရာကို လောဘစိတ်ဖြင့် ကြည့်ရှု လွှမ်းမိုး၏။ လောဘက လူ၏စိတ်ကို လွှမ်းမိုးပြီဟုဆိုပါက အရှက်တရား၊ အကြောက်တရားတို့က ရှက်ရမှန်း ကြောက်ရမှန်းမသိပဲ လောဘကို အား

ပေးသည်။ မောဟကလည်း မသိပဲနေ၏။ ဒိဋ္ဌိကလည်း အမှန်ကို ဖုံးကွယ်ပေးသည်။

လူ၏ စိတ်ကလည်း မကောင်းမှုတွင် မွေ့လျော်သည်ဟုဆိုပေရာ စိတ်ကို ခြယ်လှယ်သော ထိုအကုသိုလ်စေတသိက်တို့သည် လူ၏စိတ်ခန္ဓာတွင် ပွဲကြိုးသဘင်ဆင်ယင်ကျင်းပသလို ရှိတော့၏။

ဒေါသထွက်နေချိန်တွင် တဖက်သူ နစ်နာအောင် ခံရခက်အောင် ဒုက္ခရောက်အောင် အကြောင်းခြင်းရာများကို ဆီအပေါက်ရှာသလို တခါတရံ တည်လုံးသူတစ်ပါးဒုက္ခရောက်ရေးကိစ္စအတွက် စဉ်းစား၏။ ဒေါသ၏ စေခိုင်းမှုအတိုင်း ငွေကုန်ကြေးကျခံ၍လည်း အချို့ကိစ္စများကို ဆောင်ရွက်၏။ အပင်ပန်းခံ၍ ဆောင်ရွက်သည်။ မကောင်းမှန်းသိလျက်ဒေါသနှင့် လုပ်ဆောင်နေခြင်းဖြစ်သည်။

ဒေါသထွက်ပြီးပါက မိမိဒေါသထွက်မှုအတွက် ကြေကွဲ ဝမ်းနည်းစိတ်အားငယ်မှုတို့ဖြင့်ရောက ဖိစီးမှုကို ခံစားရသည်။ ဖိစီးမှုသည် တခါတရံ မိမိကိုယ် မိမိသေကြောင်းကြံစည်ရာ ကြံစည်ကြောင်းကိုပင် စိတ်ကူးသည်။

ကျွန်တော်သည် ဒေါရာဦးစိန်ကြီးဆွဲသော ကားတွန်း တစ်ခုကို ဖတ်ဖူးသည်၊ ထိုသူသည် ဒေါသရောလောဘပါ ကြီးသူဖြစ်၏။ သူသည် အသက်ရှည်ဆေး

www.burmeseclassic.com

www.burmeseclassic.com

ကို အလိုရှိသောအခါ မှော်ဆရာထံ သွားရောက်၍ အသက်ရှည်ဆေး တောင်းရာမှော်ဆရာ အသက်ရှည်ဆေးလိုပါက လူ၏ လည်ချောင်းသွေးကိုရအောင်ယူခဲ့ဟု မှာလိုက်၏။ ထိုသူသည် တောလမ်းခရီးမှ စောင့်၍ ခရီးသွား ခရီးလာမျှားအား လည်ချောင်း သွေးဖောက်ယူရန် စောင့်ရာ မတွေ့ပဲရှိစဉ် မှော်ဆရာရောက်လာပြီး အသက်ရှည်ဆေးဖော်ရန်အတွက် လည်ချောင်းသွေးမရသေးဘူးလားဟု မေးလျှင် ထိုသူက မရသေးကြောင်းပြော၏။

"တောလမ်းခရီးကို ဘယ်သူမှ မလာဘူး၊ တစ်ယောက်ယောက်လာလို့ကတော့ ခေါင်းဖြတ်ပြီး လည်ချောင်းသွေးကို အရယူခဲ့မှာပါ" ဟုဆိုလေလျှင် မှော်ဆရာက "ဟ တောလမ်းခရီးက လာတဲ့သူကို ဘာပြုလို့ စောင့်နေတာလဲ၊ အသက်ရှည်ဆေးဖော်ဖို့ မင်းမှာလဲ လည်ချောင်းရှိတာပဲ" ဟု ဆိုလျှင် လောဘဒေါသလွန်ကဲနေသူသည် ဒိဋ္ဌိ၊ မောဟ တရားတို့၏ လှုံ့ဆော်မှုဖြင့် သူလက်ထဲမှ ဓားဖြင့် သူလည်ချောင်းကို ဖောက်ယူလေလျှင် ထိုသူသည် ထိုနေရာ၌ပင် ပွဲချင်းပြီးသေ၏။

ဤပုံပြင်သည် အကုသိုလ်စေတသိက်တို့ အကျိုးပေးပုံ အကုသိုလ် စေတသိက်တို့ လူ၏ စိတ်ကိုခြယ်လှယ်ထားပုံတို့ကို ပြဆိုသော ပုံဖြစ်၏။ အကုသိုလ်

စေတသိက်များအား အထိန်းအကြောင်းမရှိ အစောင့်အကြပ်မရှိလျှင် သေတတ်ပုံကို ဖော်ပြ၏။ အကု သိုလ် စေတသိက် ၁၄ ခု ဘယ်ချောင်ကမှ မပေါ်လာ အောင် သတိထား၍ စိတ်ခန္ဓာကို စောင့်ရှောက်ရန် လိုအပ်၏။

ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ကိုယ်ချင့် အဘိဓမ္မာစာအုပ်တွင် ဒေါသအကြောင်းကို ပြဆိုရာတွင် -

မက္ခ၊ ပဠာသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့၏ သဘောကိုလည်း မှတ်သားသင့်သည်ဟု ဆို၏။

မက္ခသည် သူ့ကျေးဇူးကို ချေဖျက်ခြင်းဖြစ်၍ ကျေးဇူးကန်းတတ်သော ဒေါသတမျိုးဖြစ်၏။ မိဘကျေးဇူး ဆရာကျေးဇူး မိတ်ဆွေအပေါင်းအသင်းတို့၏ ကျေးဇူးများရှိရာ သူတို့ကဘာကျေးဇူးရှိလို့လဲ၊ မိဘဘဲဒါလောက်တော့ လုပ်ပေးရမှာပေါ့ဆိုကာ ကျေးဇူးကန်းတတ်ကြသည်။ ကျေးဇူးကန်းရုံသာမက ကျေးစွပ်သော အမူကို ပြုခြင်းသည်လည်း ဒေါသစိတ်၏ လှုံ့ဆော်မှုဖြစ်၏။

ပဠာသမူကား ဂုဏ်တုဂုဏ်ပြိုင် ပြုတတ်သော ဒေါသဖြစ်၏။ သောကသည် ဝမ်းနည်းမှုနှင့် အတူတူဖြစ်လာတတ်သော ဒေါသဖြစ်၏။ ငါပစ္စည်းတော့ ဆုံးရှုံးသွားပြီ၊ သူများပစ္စည်းတွေလဲ ဆုံးရှုံးပါလေစေလားဟု

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ မိမိဆုံးရှုံးရမှုအပေါ် သောကခံစားရင်း ဒေါသဖြစ်ရ၏။

ပရိဒေဝဖြစ်ရာမှ ဒေါသဖြစ်မှု
ဒုက္ခကြောင်းထဲမှ ဒေါသဖြစ်မှု (ဒေါမနသ)
စိုးရိမ်ရာမှ ဒေါသဖြစ်မှု
ပရိဒေဝဒိုင်ကြွေးမည်တမ်း ပူပန်တောက်လောင်ကျွမ်းရာမှ ဖြစ်ပေါ်သော ဒေါသဒေါမနဿဖြစ်မှုများလည်းရှိ၏။

ထိုကဲ့သို့ စိတ်ခန္ဓာတွင် ဒိုင်ကြွေးမည်တန်းမှု သောက ရောက်မှု စိုးရိမ်မှု ပရိဒေဝမီးတောက်လောင်ခံစားရသောအခါ စိတ်ကို ဖြေဆည်းနိုင်ဘို့လိုသည်။ စိတ်ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန်လို၏။

လောကခံတရားရှစ်ပါးရှိသည်။

လူအဖြစ်တွင် လောကခံတရားရှစ်ပါးနှင့် ကြုံတွေ့ရတတ်သည်။ တစ်ပါးပါးနှင့် ကြုံတွေ့ရစမြဲ ဖြစ်သည်။

လောကခံတရားရှစ်ပါးမှာ

လာဘ၊ အလာဘ - ပစ္စည်းရခြင်း၊ မရခြင်း
ယသ၊ အယသ - အခွေအရံများခြင်း၊ မရှိခြင်း
နိန္ဒာ၊ ပသံသ - ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း
သုခ၊ ဒုက္ခ - ကိုယ်စိတ်ချမ်းသာခြင်း၊ ဆင်းရဲခြင်း

ကောင်းသော လောကခံတရားလေးပါးနှင့် ကြုံရသည်ဖြစ်စေ မကောင်းသော လောကခံတရားလေးပါးနှင့် ကြုံရသည်ဖြစ်စေ အလွန်အမင်း ဝမ်းသာခြင်း။ အလွန်အမင်း ပရိဒေဝမီးတောက်လောင်ခံစားရခြင်းမရှိအောင် ကြံ့ကြံ့ခိုင်ဘို့ လိုပါ၏။ ထိုသို့ ကြံ့ကြံ့ခံနိုင်ဘို့အတွက်လည်း စိတ်ကိုလေ့ကျင့်ရမည် ဖြစ်ပါသည်။

စစ်သူကြီး ဗန္ဓုလကတော်သည် မလ္လိကာ အမျိုးသမီးဖြစ်၏။ စစ်သူကြီး ဗန္ဓုလနှင့် မလ္လိကာတို့မှ အမွာမွေးညီနောင်သားရတနာ ၃ ကျိပ်နှင့် ၂ ယောက် ထွန်းကား၏။ ထူးခြားသော မိတ ၂ ဦး၏ သားများဖြစ်ကြသည့် အားလျော်စွာ သားများသည် အခွေအရံများနှင့် ဘကွ ဘခင်၏ နောက်မှ ဘုရင်ထံအခစားဝင်သောအခါ သူတို့လူစုသည် ပရိတ်သတ်ကြီးတစ်ခု သဖွယ်ဖြစ်၏။

ထိုအခြင်းအရာကို မလိုလားသော အမတ်တို့က ဘုရင်အား "စစ်သူကြီး ဗန္ဓုလနှင့် သားများသည် တိုင်းပြည်ကို လုပ်ကြံပါလိမ့်မည်ဟု ကုန်းချောစကား ဆိုကြသော်ငြား အဆင်ခြင်နည်းပါးသော ဘုရင်သည် အလွယ်တကူ ယုံကြည်၍ သားအဖတစ်စုလုံးကို ပရိယာယ်ဖြင့် သည်ဆည်ကာအိမ်တဆောင်သို့ ခေါ်ယူပြီး ယင်းအိမ်ကို မီးတိုက်၍ သတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သားအဖတစ်စုလုံး မီးသင့်၍ သေဆုံး၏။ အသတ်ခံရသော ညဉ့်၏နောက်တနေ့တွင် မလွိကာသည် အရှင်သာရိပုတြာအမှူးရှိသော ရဟန်းတို့အား ဆွမ်းကပ်ရန် စီမံထားရာ ဆွမ်းကပ်ချိန်နီးတွင်မှ ပြီးခဲ့သော ညဉ့်က သားအဖအားလုံး မီးသင့်၍ တပြိုင်နက်ဆုံးကြောင်း စကိုရရှိလျှင် မလွိကာသည် သောကပရိဒေဝဒေါမနဿတောက်လောင်ကာ ဟစ်အော်၍သာ ငိုဖို့ရှိတော့၏။ သို့သော် မလွိကာသည် ဖြစ်ရပ်အပေါ် ငိုကြွေးခြင်း မပြုဘဲ ရရှိသောစာကိုသိမ်းဆည်းကာဆွမ်းပွဲပြင်မြဲရှိသည်ကို ဆက်၍ ပြင်သည်ဟု ဆို၏။ မလွိကာကဲ့သို့သော ချုပ်တီးမှုကို မပြုနိုင်သော်လည်း လောကဓံတရားနှင့် ကြုံတွေ့လာပါက ချုပ်တီးမှု ပြုနိုင်ရန် ကြိုတင်ပြင်ဆင်မှု ရှိရမည် ဖြစ်ပါသည်။

အခန်း (၇)

ငြူစူခြင်း၊ ဝန်တိုခြင်း၊ ပူပန်ခြင်း၊ စိတ်ရောကိုယ်ပါ ထုံထိုင်းခြင်း၊ ယုံမှားသံသယရှိခြင်း

၉။ ငြူစူခြင်း၊ မနာလိုခြင်း (ဣဿာ)

လူတို့တွင် ငြူစူတတ်သောစိတ်၊ မနာလိုဝန်တိုသောစိတ်ရှိကြ၏။ ငြူစူမှု၊ မနာလိုမှုသည် စိတ်စည်းစားမ်းမဲ့ခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်သည် သူ၏စိတ်နှင့်တိုက်ဆိုင်မှုမရှိပါက ငြူစူတတ်၏။ ဇနီးမယား သည် လင်ယောကျ်ားအပေါ်တွင် သူနှင့် နှလုံးမဲ့တွဲသွင် ဆူဆန့အတိုင်း မရှိလျှင် ငြူစူသည်။ ငြူစူပါက

www.burmeseclassic.com

www.burmeseclassic.com

သိသာသည်။ ကိုယ်အမူအယာ၊ နှုတ်အမူအရာကို မြင်ရုံဖြင့် သိသာသည်။ မိမိနှင့် ရင်းနှီးသူများအပေါ် အလိုမကျပါက ငြူစူမှုပြုတတ်၍ တစ်မိုးတရံများနှင့် ဆိုပါက မနာလိုဝန်တိုတတ်ကြသည်။ ငြူစူမှု၊ မနာလိုမှုသည်-မတိမ်းမယိမ်းအဆင့်ရှိသူများအတွင်း ဖြစ်တတ်သော စိတ်ထားဖြစ်၏။

လူတစ်ယောက်သည် ငြူစူသောစိတ်ဝင်ရောက်လာပါက ထိုသူ၏မျက်နှာသည် နီမြန်းတင်းမာလာသည်။ ဆောင့်ကြီးအောင့်ကြီးပြုလုပ်လာသည်။ ငြူစူမှုအားကြီးပါက ဆဲပင်များထောင်လာသည်။ နားရွက်များပင် ထောင်လာဟန်ရှိသည်။ နှုတ်ခမ်းစူလာသည်။ မျက်မှောင်ကုတ်လာ၏။ ငြူစူသောသူတစ်ယောက်သည် သူငြူစူနေကြောင်းကို အသံဗလံများပေး၍ တစ်မျိုး၊ ခြေထောက်ဆောင့်နင်း၍ တစ်ဖုံပြတတ်၏။ စိတ်တိုင်းမကျခြင်း၊ မိမိအလိုဆန္ဒသို့မလိုက်ရောခြင်းကြောင့် ဖြစ်ပေါ်လာသောစိတ်ဖြစ်၏။ မိမိစိတ်တိုင်းမကျလျှင် အေးချမ်းစွာဖြောင်းဖြဖြေရှင်းသောနည်းရှိပါလျက် အေးချမ်းစွာ ဖြေရှင်းသောနည်းကိုမလိုက်ဘဲ အကြမ်းဖက်မှုတစ်ရပ်ဖြစ်၏။ စိတ်သည် ငြူစူခြင်းမှသည် စိတ်ကောက်ခြင်း၊ ယင်းမှ ရန်လိုခြင်းများ ဆက်ဖြစ်တတ်၏။

ဒနာလိုမှုကား ကိုယ်ထက်သာသွားခြင်းမှ မနာလိုမှုပေါက်ဖွားတတ်၏။ စွေးသည်အချင်းချင်း၊ လုပ်

ဖော်ကိုင်ဘက်ခြင်း၊ အရှေ့ကျောင်းဘုန်းကြီးနှင့် အနောက်ကျောင်းဘုန်းကြီးအချင်းချင်း မနာလိုဖြစ်ကြ၏။ မိမိထက် ခြေတစ်လှမ်းသာသွားပါက သူဘာပြုလို့ ခြေတစ်လှမ်းသာသွားရတာလဲ၊ သူအလုပ်ကြိုးစားလို့ သူ့ကို အထက်လူကြီးက နေရာပေးတာပဲ၊ သူလိုပဲ ငါလဲကြိုးစားမည်ဟု မတွေးတောဘဲ မိမိထက်သာလွန်သွားသည်ကို မနာလိုစိတ်ဖြင့် ယှဉ်ပြိုင်ခြင်းသည် မကောင်းသောလုပ်ရပ်ဖြစ်၏။

တစ်ခါတစ်ရံ မိမိ၏အသိအကျွမ်းဖြစ်စေ၊ ဆွေမျိုးညာတိဖြစ်စေ၊ စီးပွားဥစ္စာပြည့်စုံသွားပါက ဒီမိန်းမလား အရင်က သူ့အဖေက ငါတို့အိမ်မှာ ကားမောင်းသွားတာဟုဆိုကာ ပြောဆိုဝန်တိုတတ်ကြ၏။ သူပြည့်စုံချမ်းသာသွားသည်ကို မနာလိုခြင်းဖြစ်၏။ မိမိလက်အောက် မိမိပေးကမ်းထားသူ ဘာကြောင့် ကြီးပွားသွားသည်ကို မလေ့လာ၊ တဖက်သားကြီးပွားသွားသည်ကို မနာလိုခြင်းဖြစ်၍ မလိုလားအပ်သောစိတ်ဖြစ်သည်။ ငြူစူခြင်း၊ မနာလိုခြင်းကိစ္စသည် ဆိုးဝါးသော စိတ်နေစိတ်ထားတစ်ရပ်ဖြစ်၍ ထိုစိတ်ထားမိမိကိုယ်သန္တာန်တွင် ကိန်းအောင်းနေပါက ယင်းစိတ်ကို စည်းကမ်းထား၍ ပြုပြင်အပ်၏။ အချို့သော သူတို့သည် သူ့အိမ်မှ လက်သုတ်ပဝါကိုကား ဧည့်သည်မလာမီ လှုပ်သောသပ်စွာခေါက်၍ ဧည့်ခံတတ်သော်လည်း သူ၏ စိတ် ခေါက်

www.burmeseclassic.com

www.burmeseclassic.com

ရိုးမကျနေသည်ကို ပြင်မရမှန်း မသိပဲရှိ၏။ ငြူစူမှုကို သားသမီးတို့ကလည်း မိဘတို့ အပေါ် ပြုကျင့်တတ်ကြ၏။ မနာလိုဝန်တိုမှုသည် အ နည်းနှင့် အများလူတို့တွင် ရှိတတ်၍ ပုထုဇဉ်ကိုက်ငှင် တွေ့ရသော စိတ်ဖြစ်သည်။ အချို့ကလည်း မိမိအိမ်ကိုကား တံမြက်စီး အကြိမ်ကြိမ် လှည်း၍ သန့်ရှင်း သပ်ရပ်အောင် ပြုတတ်သော်လည်း မိမိ၏စိတ်ခန္ဓာအိမ် မသန့်ရှင်းသည်ကို မဆေးကြော မပြုပြင်ဘဲ ထား၏။ ငြူစူဝန်တိုမှုအကြောင်းကို မိမိဘဝ အတွေ့အကြုံများနှင့် ဆက်လက်သုံးသပ် စဉ်းစား ရှောင်ကြဉ်ရာ၏။

၁၀။ <u>ဝန်တိုခြင်း (မစ္ဆရိယ)</u>

ဝန်တိုမှုသည်လည်း မလိုလားအပ်သော စိတ် ထားတစ်ရပ်ဖြစ်၏။ လောဘသည် လိုချင်တပ်မက်မှု ဖြစ်၏။ ဝန်တိုမှုသည် မပေးရက်၊ မလှူရက်၊ ပေးချင် စိတ်၊ လှူချင်စိတ်နည်းပါးမှုဖြစ်သည်။ သူတစ်ပါးက ပေးကမ်းသောလက်ဆောင်ပစ္စည်းများကိုတော့ လိုချင် တပ်မက်မှုရှိ၍ မိမိကပေးစရာကမ်းစရာများရှိပါက မပေးရက် မကမ်းရက်၊ မလှမ်းရက်ဖြစ်ခြင်းသည် ဝန် တိုမှုဖြစ်၏။ မိမိပစ္စည်းကို မိမိတွယ်တာသော သဘော ဖြစ်၏။

လူဘဝတွင် လူများသည် အတူတကွစုပေါင်း

နေထိုင်ကြရ၏။ တစ်မိသားစုနှင့် တစ်မိသားစု စု၍ နေထိုင်ခြင်း၊ တစ်ရပ်တည်း၊ တစ်ရွာတည်းလာရောက် နေထိုင်ခြင်းရှိရာ ဝန်တိုစိတ်သည် အတူနေ၊ အကျိုးတူ ဆောင်ရွက်သူများကိုပင် ပေးကမ်းလိုစိတ် မရှိဘဲ ရှိ၏။

အချို့သောသူများသည် ရဂ္ဂိလာသောလာဘ်လာဘပစ္စည်းများကို မိမိ၏အိမ်တွင် အပျက်အစီးအဆုံး အရှုံး မဖြစ်အောင် သိမ်းဆည်းထားသည်။ ပျက်စီးချင် ပျက်စီးပါစေ၊ သူတစ်ပါးကိုတော့ မပေးဘဲနေသောစိတ် ရှိ၏။ အချို့က မိမိကတော့ အများအစားရယူလိုစိတ် ရှိပြီး မိမိကတစ်ဆင့် ပြန်ပေးကမ်းရမည်ဆိုပါက အနည်းအပါးကိုသာ ပြန်ပေးတတ်သောစိတ်သည် ဝန်တိုစိတ်ဖြစ်၏။ သူတစ်ပါးက မိမိထံလာရောက်ပေး ကမ်းသောအခါ ပျော်ရွှင်ကြည်နူး၍ မိမိက သူတစ်ပါး အား ပေးကမ်းလိုစိတ်မရှိခြင်းသည် ဝန်တိုမှုပင်ဖြစ်၏။ ဝန်တိုစိတ်သည် မိမိအားခစားနေသူ၊ ပေးကမ်းနေသူ ကို ခင်မင်မှုပြု၍ မိမိအပေါ် မကျသူ၊ မိမိအားပေးရကမ်း ရမှန်းမသိသူများကို အဇိုမကျငြူစူမှုပြုတတ်၏။

ဝန်တိုစိတ်ရှိသူတို့သည် မိမိသားသမီး၊ ညီအစ် ကိုမောင်နှမအပေါ် အလွန်အမင်းစွန့်ကြဲမှုပြုတတ်၍ တစ်စိမ်းတရံများအပေါ် တွင်ကား အလွန်မှ နှမြောတွန့် တိုတတ်၏။ တွန့်တိုစိတ်ရှိသူများသည် အသိုအဝှက် ကောင်းကြ၏။ သိုခြင်း၊ ဝှက်ခြင်းမှ မိမိဝန်ကိုမှု၊ တပ်

www.burmeseclassic.com

www.burmeseclassic.com

မက်မှုရှိသော ပစ္စည်းများ မသုံးရမစားရဘဲ ပျက်စီးတတ်၏။ဝန်တိုသူတို့သည် လိုအပ်ချက်ကိုမကြည့်ဘဲ ကိုယ်နှင့်နီးစပ်သူကိုပို၍ ပေးလိုစိတ်ရှိ၏။ သူက တစ်ကယ်လိုနေပါလား၊ သူကပြည့်စုံနေတာပဲဟု မစဉ်းစားဘဲ မိမိနှင့် သားချင်းညီအစ်ကိုမောင်နှမဆိုလျှင် လိုလို၊ မလိုလို စုပုံပေးတတ်သည်။

ဝန်တိုစိတ်ရှိသူတို့သည် မိမိ၏တစ်ပြား တပဲနိလောက် ပစ္စည်းဥစ္စာကို အလေ့အလွင့်မရှိအောင်၊ ကျိုးကန်း တောင်းမှောက်ကြည့်နေရခြင်းဖြင့် အခြားအလုပ်များကို မလုပ်အားဘဲရှိ၏။ ဝန်တိုစိတ်သည် ကောင်းမွန်သော တိုးတက်ကြီးပွားအောင် ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာများကို လစ်ဟင်းပြီး မိမိပစ္စည်းများစွာလည်း မှိုတက်ကုန်တတ်၏။ ဝန်တိုစိတ်ရှိသူတို့သည် မိမိပစ္စည်းဥစ္စာရှိရာမှ တစ်နေ့တစ်ညခွဲခွာ၍ မသွားနိုင်သောကြောင့် ဘုရားကျောင်းကန်သို့ပင် မရောက်ဘဲရှိ၏။ ဝန်တိုမှုအစွဲအလမ်းကြောင့် သေလွန်သောအခါ၌ပင် အစွဲကိုမဖျောက်နိုင်ဘဲ မိမိပစ္စည်းဥစ္စာများပေါ်တွင် တွယ်ကပ်နေသည့်သန်း၊ လောက်၊ ကြမ်းပိုး၊ အစရှိသောသတ္တဝါများ ပြန်ဖြစ်နေ တတ်၏။

ဝန်တိုစိတ်သည် ပြုပြင်ထိန်းကျောင်းရန်လိုအပ်သော စိတ်တစ်ရပ်ဖြစ်၏။ ဝန်တိုစိတ်ကို ဒါနဖြင့် အစားထိုးအပ်၏။ သခါရတရားကို အဖန်ဖန်အထပ်ထပ်

သုံးသပ်ခြင်းဖြင့် ဝန်တိုစိတ်လျော့ပါးအောင် လုပ်ရသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စိတ်စည်းကမ်းထားရှိခြင်းပင်ဖြစ်၏။

ဝန်တိုစိတ်မဆုံးနိုင်သူတို့သည် ပြိတ္တာဖြစ်တတ်သည်ဟု ဆို၏။

ဝန်တိုသူတို့သည် မိမိ၏အိပ်ရာနေရာ၊ ကျောင်းသင်္ကန်း၊ အဝတ်အစား၊ အစားအစာ၊ လူ့အသုံးအဆောင်ပစ္စည်း၊ ရေ၊ မီး၊ လက်ဝတ်လက်စား၊စသည်တို့ကို မပေးရက်၊ မကျွေးရက်နိုင်ဘဲ ဝန်တိုခြင်းဖြစ်၏။

ဝန်တိုမှုသည် မိမိဇနီးမယား၊ သားသမီးတို့ကို သူတစ်ပါးနှင့် ရင်းနှီးမှု၊ ခင်မင်မှု မရှိစေလိုဘဲ ပေါင်းသင်းဆက်ဆံရေး၊ ခင်မင်ရင်းနှီးမှုတွင် ဝန်တိုမှုပြုတတ်၏။

ဝန်တိုသူတို့သည် သူတစ်ပါးချမ်းသာခြင်း၊ သူတစ်ပါးလာဘ်လာဘရရှိခြင်း၊အိမ်နီးနားချင်းတစ်ဦးဦး၊ မိတ်ဆွေတစ်ယောက်ယောက် ထီပေါက်ခြင်းစသည်တို့ကို မနာလိုဝန်တိုမှုရှိတတ်၏။

တစ်ပါးသူတို့ ဝုဏ်သတင်းကျော်ဇောသည်၊ နာမည်ကြီးသည်၊ အခြားအမြောက်ခံထားရသည်တို့အပေါ် ဝန်တိုမှုရှိ၏။

သူတစ်ပါးစာတတ်ပေတတ်ဖြစ်ခြင်း၊ ဘွဲ့ဂုဏ်ဝုဏ်ထူးရခြင်း၊ တတ်သိလိမ္မာခြင်း၊ သူတစ်ပါးသားသမီးများ မိမိသားသမီးထက်တော်ခြင်းတို့အပေါ် စိုးရိမ်မှု

www.burmeseclassic.com

www.burmeseclassic.com

ရှိ၍ ယင်းကိစ္စများနှင့် ပတ်သက်၍လည်း ဝန်တိုင်၊ သူတစ်ပါးမကြီးပွားလိုစိတ်၊ တစ်ပါးသူတို့ပညာမတတ်လိုစိတ်၊ တစ်ပါးသူတို့ မကျန်းမမာဖြစ်စေလိုသော သဘောများသည် ဝန်တိုတတ်သူများအပေါ်တွင် ဖြစ်တတ်၏။ စိတ်ယုတ်မာများ ကိန်းအောင်းလာတတ်ခြင်း ဖြစ်သည်။

ဝန်တိုသူတို့သည် တစ်ပါးသူ

- မိမိအိမ်ထက်ကောင်းသောအိမ်တွင် နေမှာ
- မိမိထက် ဥစ္စာပိုပေါမှာ
- မိမိထက် ပိုပြီးအရောင်းအဝယ်ကောင်း မှာ
- မိမိဆွေမျိုးထက် တစ်ပါးသူ၏ ဆွေမျိုးသားသမီးတို့ ပိုတိုးတက်ကြီးပွားမှာ
- သူတစ်ပါးကိုယ့်ထက်ပိုလှမှာ
- သူတစ်ပါးကိုယ့်ထက် ဂုဏ်သတင်းပို ကြီးမှာ
- သူတစ်ပါးကိုယ့်ထက် ပိုသိပိုတတ်ဖြစ်မှာ စိုးရိမ်နေတတ်၏။

ဝန်တိုစိတ်ကြောင့် ဝန်တိုမှုခံရသူသည် အကျိုးမယုတ်ဘဲ မိမိသာလျှင် အကျိုးယုတ်တတ်၏။ ဝန်တိုသူတို့၏စိတ်သည် မိမိထံတွင် မရှိသောကြောင့် ဝန်တိုသည်မဟုတ်။ မိမိထံတွင် ထောင်ပုံရာပုံ ရှိလျှင်လည်း ဝန်တိုင်။ ပိုရှိလေ ပိုဝန်တိုမှုရှိလေဖြစ်၏။ ဝန်တိုမှုသည် သူတစ်ပါးပစ္စည်းကို မတရားရယူလိုမှုအထိ ဖြစ်ပွား

နိုင်၏။ ထို့ကြောင့် မိမိစိတ်တွင် ဝန်တိုမှု လွန်ကဲခြင်းရှိမရှိ သတိထား၍ အသိဉာဏ်ပညာဖြင့် ဝန်တိုမှုကို ထိန်းကြောင်းရာ၏။

၁၁။ **နောင်တရခြင်း၊ ပူပန်ခြင်း** (ကုက္ကုစ)

နောင်တရခြင်း၊ ပူပန်ခြင်းသည် စိတ်၏ခွက်ယွင်းမှုရှိသော် အခွင့်အရာတစ်ခုဖြစ်သည်။ ကျွန်တော်သည် ပူပန်မှုလွန်ကဲသော သူတစ်ဦးဖြစ်၏။ လေယာဉ်စီးရမှာ ပျက်ကျလေမလားဟု ကြိုတင်ပူပန်တတ်၏။ နေရာတကာတွင် ပူပန်မှုပြုသောကြောင့် အကြောင်းမဲ့စိတ်သည် ဆင်းရဲရ၏။ ပူပန်ခြင်းသည် သတ္တိနည်းခြင်း လောဘသက္ကာယရရှိခြင်းတို့လည်း ပူးတွဲ၍ ပါလျက်ရှိ၏။ နောင်တရရှိနေမှုသက်သက်သည် ဘာမျှအကျိုးဖြစ်ထွန်းမှုမရှိဘဲ အခွိန်ကုန်၏။ လူပင်ပန်း၏။ နောင်တတရားမှ သင်ခန်းစာယူ၍ ထိုသင်ခန်းစာကို မိမိဘဝတွင် နောက်တစ်ခါမဖြစ်အောင် ပြုလုပ်ရန်သာ ဖြစ်၏။

ပူပန်မှုသည် နှလုံးသားကို လောင်မြိုက်စေ၏။

ပူပန်မှုသည် အခွိန်ကုန်သောကြောင့် ကုသိုလ်ကောင်းမှုကိစ္စ၊ ကောင်းရာကောင်းကြောင်းကိစ္စ တိုးတက်ရာ တိုးတက်ကြောင်းကိစ္စ ပညာရှာမှီးရန် ကိစ္စတို့ကို မလုပ်ဆောင်နိုင်ဘဲ ဝမ်းနည်းပူဆွေးခြင်းတို့သာ ဆက်ခါတလဲလဲ ကိန်းအောင်းတတ်၏။ မလွှဲကာ

www.burmeseclassic.com

www.burmeseclassic.com

စစ်သူကြီး ကတော်သည် ဖြစ်ပြီးသောကိစ္စအပေါ် ပူဆွေးမှုယုတ် သိမ်းနိုင်ပုံကို သတိပြုရာ၏။

လူဘဝသည် အချိန်အကန့်အသတ်နှင့် လူလာ ဖြစ်ရခြင်းဖြစ်၏။ ဘောလုံးပွဲတစ်ပွဲကို ကန်နေရသကဲ့သို့ ရရှိသောကစားချိန်အတွင်း မိမိက ဂိုးများများ ရရှိဖို့လို၏။ သေခြင်းတရားရောက်မလာခင် ဘဝတိုးတက်ရာ တိုးတက်ကြောင်း များများ လုပ်ဆောင်သွားဘို့လိုသည်။ သေခြင်းတရား၊နာခြင်းတရားနှင့် အိုခြင်းတရားများ ရောက်မလာခင် ကုသိုလ်ကောင်းမှု များများ ပြုနိုင်ဘို့ အရေးကြီးသည်။ အသက်ရှင်နေစဉ် လောကီစီးပွားပြည့်စုံဘို့ လိုသည်။ ဒါမှ လှူနိုင်၊ တန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်မည်ဖြစ်၏။

ကျွန်တော်သည် သားဖြစ်သူမောင်နဦး သေဆုံးသောအခါ ပူဆွေးမှု၊ ငိုကြွေးမှု၊ တမ်းတမှု၊ တို့ဖြင့် ဆောက်တည်ရာမရဖြစ်ခဲ့ရ၏။ သတိပညာဖြင့် မထိန်းနိုင်ဘဲရှိ၏။

တကောင်းဆရာတော် အရှင်ပဏ္ဍိတာနန္ဒ (မင်းဟန်-မန်းတက္ကသိုလ်)နှင့် ပတ်သက်ပြီး သူ၏ဒကာ၊ ဒကာမများဖြစ်ကြသော လားရှိး၊ ရင်ရင်ထမင်းဆိုင်မှ ဦးသန်းဌေး-ဒေါ်နန်းငွေခင်တို့ နှင့် သိကျွမ်းခဲ့သည်။ ဦးသန်းဌေး၏ လားရှိး-မန္တလေးကားမောင်း၏။ သူတို့ ဇနီးမောင်နှံမှ သားတစ်ဦးဆုံးပါးကွယ်လွန်ခဲ့သည်။ ဒေါ်

နန်းငွေခင်မှာ သားဆုံးပါးမှုကြောင့် ဆောက်တည်ရာမရဘဲ တရားစခန်းဝင်လိုက်၊ မနောနှင့် အခြားသူများနှင့်ဆက်သွယ်၍ ရသည်ဟုထင်လိုက်၊ တမလွန်သို့ ရောက်ရှိသွားပြီဖြစ်သော သားနှင့် ဆက်သွယ်လိုစိတ်ဖြစ်၏။ တဖန် အပြီးတိုင် သီလရှင်ဝတ်တော့မည်ဟု ဆိုလိုက်နှင့် ဆောက်တည်ရာမရ၊ ပူပန်သောက ပရိဒေဝဖျာပါဒအစရှိသော အခေါ်အ ဝေါ်အသုံးအနှုန်းများ ဒေါ်နန်းငွေခင်၏ ရင်ထဲ၌စုဝေး နေရာ ကောင်းမှုကုသိုလ်ကိစ္စ တိုးတက်ကြီးပွားရေး ပေါင်းသင်းဆက်ဆံရေး ဘာကိုမှမလုပ်နိုင်ဘဲရှိ၏။ စိတ်ဓာတ်လျော့ကျပျက်စီးမှုတို့သာများနေရာ ကျွန်တော်သည် မနည်းဖြောင်းဖြပြောဆိုရ၏။ တကောင်းတွင် လုပ်ငန်းတစ်ခုကို လုပ်ဆောင်စေ၍ ပူပန်သောက စိတ်နေရာတွင် အလုပ်နှင့် အစားထိုးပေးရ၏။ ပူပန်မှုသည် ရူးမတတ် ခံစားရသော စိတ်နေစိတ်ထား တစ်ရပ်ဖြစ်၏။ ရူးသွပ်နိုင်သောစိတ်ဖြစ်လေရာ စိတ်ရူးပေါက်သွားပါက ဆုံးရှုံးခြင်းကြီးပင် ဆုံးရှုံးခြင်းဖြစ်၏။ ပူပန်မှုကို စိတ်စည်းကမ်းသတ်၍ ထိန်းချုပ်၍ရသည်။ လမ်းမှန်၊ ကမ်းမှန်ပေါ်သို့ ရောက်အောင် လေ့ကျင့်၍ရသည်။ ဒေါ်နန်းငွေခင်တို့သည် သာဓကပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

၁၂။ **စိတ်ရောကိုယ်ပါထိုင်းမှိုင်းခြင်း (ထိန)**

၁၃။ **စိတ်ရောကိုယ်ပါထုံထိုင်းခြင်း (ဒိဿ)**

သွက်လက်မှုမရှိဘဲ ထုံထုံထိုင်းထိုင်း၊ မှိုင်းမှိုင်းမှုန်မှုန်ဖြစ်ခြင်းသည် ပြုပြင်ရန်လိုအပ်သောစိတ်အခြေအနေတစ်ရပ်ဖြစ်ပါ၏။ ထိန-မိဒ္ဓသည် အလုပ်ပင်ပန်း၍ အိပ်ချင်ခြင်းမဟုတ် ဝိရိယနည်းပါးပြီး စိတ်အခြေအနေက ပျက်ခြင်း၊ ထက်သန်မှုမရှိခြင်းဖြစ်၏။

ပျင်းရိခြင်းဖြစ်၏။ လူဘောင်ဘဝတွင် လုံလဝိရိယနှင့် နေကြရသည်။ လူသမိုင်းဟူသည် လုံလဝိရိယသမိုင်းပင်ဖြစ်ရာ ထိုသူက လုံလဝိရိယကင်းမဲ့၍ ထုံထိုင်းနေမည်ဆိုပါက လူဘဝ၊ လူ ဖြစ်လာရခြင်းသည် အချည်းအနှီးဘဝသို့ ရောက်ရ၏။

ပင်ပန်း၍ အိပ်ပျော်သွားသူသည် အိပ်ရေးဝအိပ်ပြီး နိုးလာသောအခါ သူ့ထံတွင် ထုံထိုင်းမှိုင်းဝေခြင်းမရှိတော့၊ အိပ်လိုက်ရ၍ လန်းဆန်းတက်ကြွမှုပင် ရှိလာ၏။ စိတ်အခြေအနေ ထုံထိုင်းခြင်းသည် လူဖျင်းလူညံ့၊ စိတ်ဖျင်း၊ စိတ်ညံ့တို့၏ လက္ခဏာဖြစ်၍ ထိုစိတ်ကို ပြုပြင်ရမည်ဖြစ်ပါ၏။ ပြုပြင်၍လည်း ရပါသည်။ ကလေးတစ်ဦးသည် စာကျက်ရန် အဖျင်းထူနေသည်ကို လူကြီးမိဘ၊ ဆရာသမားတို့က စာကျက်လိုစိတ်ပေါက်လာအောင်ပြုပြင်၍ ရပါသည်။

၁၄။ **ယုံမှားသံသယစိတ် (ဝိစိကိစ္ဆာ)**

ယုံမှားသံသယစိတ်သည် ရှိတတ်၏။ ယုံမှားသံသယစိတ်ရှိလျှင် ထိုစိတ်ကို ရှင်းပစ်ရမည်ဖြစ်၏။ ယုံမှားသံသယစိတ်သည် ဟုတ်နိုးနိုး၊ မဟုတ်နိုးနိုး၊ နှင့် ဘာကိုမှ တိကျစွာ မဆောင်ရွက်နိုင်သော စိတ်ဖြစ်သည်။ ဘယ်ဟာက ကောင်းသည်၊ ဘယ်သူက မကောင်းဘူး ဆိုတာကိုသိရန်လိုသည်။ အမှားအမှန် ဝေဖန်ပိုင်းခြား သိမြင်ရန်လို၏။ ယုံမှားသံသယစိတ်ကို တာရှည်လေး မြင့်လက်ခံထားရန်မသင့်။ စာရေးဆရာ မောင်သိန်းဆိုင်ကို အော်တိုရေးခိုင်းပါက-

လုပ်စရာရှိရင်၊ မြန်မြန်လုပ်
ဆုတ်စရာရှိရင်၊ မြန်မြန်ဆုတ်

ဟုရေးပေးတတ်၏။

မှားမှန်းသိနေလျှင် မြန်မြန်ဆုတ်၊ လုပ်ဝန်းဆောင်တာအမြန်လုပ်စရာရှိလျှင် မြန်မြန်လုပ် ဆိုသည့်သဘောဖြစ်၏။ ယုံမှားသံသယစိတ်များနှင့်ဆိုပါက မြန်မြန်ဆုတ်ရမှာလား၊ မြန်မြန်လုပ်ရမှာလားပင် မသိဘဲရှိ၍ ယင်းကိစ္စကို သတိပညာဖြင့် ထင်လင်းအောင် ဆောင်ရွက်ရာ၏။

ယခုကျွန်တော်၏ တင်ပြချက်သည် စိတ်ကို ညစ်ထေးအောင်၊ မကောင်းအောင်ပြုလုပ်သော ဓလေ့သိက္ခာ ခုတို့ကို အကျဉ်းချုပ်၍ တင်ပြခြင်းဖြစ်ရာ ထို

www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းတင်ပြချက်များကို စာဖတ်သူ တစ်ချက်ခြင်း အကျယ်တွေးတောရာ၏။ မည်သူ့ထံတွင် မည်သည့် စေတသိက် လွန်ကဲကြီးစိုးနေသည်၊ မိမိပတ်ဝန်းကျင်၊ ဘဝမိမိသားစုတွင် ရှာဖွေရာ၏။ မိမိကိုယ်တိုင်တွင်လည်း ဘယ်စေတသိက်လွန်ကဲနေသည်ကို သုံးသပ်၍ ထိုလွန်ကဲမှုကို ဉာဏ်ပညာ၊ သီလ၊ ကမ္မဋ္ဌာန်းတို့ဖြင့် ပြုပြင်ရာ၏။ မိမိ၏မိသားစုအတွင်း၊ မိတ်ဆွေရောင်းရင်းများအတွင်း စိတ်ကိုညစ်ငြမ်းစေသည့် စေတသိက်များတွေ့ရှိပါက ထိုသူထံတွင် ထိုကဲ့သို့သော စေတသိက်ကြီးစိုးနေသည်ကို သတိပေးသင့်၏။ ထိုစိတ်ဆိုး၊ စိတ်ညစ်တို့သည် ထင်ထင်ပေါ်ပေါ်နေတတ်သည်မဟုတ်၍ လူ၏စိတ်ခန္ဓာနှင့် ရုပ်ခန္ဓာတို့တွင် ပုန်းအောင်းနေ၍ အကြောင်းသင့် အခွင့်သာမှ ပေါ်ပေါက်ခြင်းဖြစ်ရာ လူတို့သည် မိမိထံတွင် မည်သည့် မကောင်းသောစေတသိက်လွှမ်းမိုးနေသည်ကို မသိဘဲရှိ၏။ ကျွန်တော်သည်ပင် အသက် ၆၅ နှစ်ကျော်မှ မိမိ၏ စိတ်အစဉ်တွင် ဒေါသစိတ် အကြီးအမှူးပြုနေကြောင်း သိ၏။ သိသောအချိန်တွင် ပြုပြင်ရသော်လည်း သေခါလည်း နီးနေပြီဖြစ်၏။

အခန်း (၈)

စိတ်ကိုစည်းကမ်းရှိသောအရာများ

စိတ်ကိုစည်းကမ်းရှိစေပြီးသော စိတ်ကောင်းနှလုံးကောင်းရှိစေသောအရာ ၁၄ပါးရှိကြောင်းပြောဆိုပြီးဖြစ်၏။ ယင်းတို့ကို စည်းကမ်းထပ်သတ်မှတ်ရန် မဟုတ်ဘဲ စိတ်စည်းကမ်းမကျိုးမပေါက်အောင် သဒ္ဓါလျှော့မှု၊ သတိလျှော့မှုမဖြစ်အောင် သဒ္ဓါအတု၊ သတိအတုရှိသည်များကို သတိပြုရန် အတွက် အကောင်းတရား ၁၄ပါးကိုလည်း သိရန်လိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

၁။ **အမှန်ကိုယုံကြည် (သဒ္ဓါ)**

အမှန်ကိုယုံကြည်ခြင်းသည် သဒ္ဓါတရားဖြစ်၏။ ဤပုဂ္ဂိုလ်သည် အမှန်တကယ်ကောင်းမြတ်သော အကျင့်သိက္ခာ သမ္မာဓိရှိသည်။ ဤပုဂ္ဂိုလ် ပညာရှိ ကေန်စင်စစ်ဖြစ်သည်ဟု ဟုတ်မှန်သည့်အတိုင်း သိမှု၊ ယုံကြည်မှု၊ ယုံကြည် သည့်အတိုင်း ဆည်းကပ်ကိုးကွယ်မှုသည် သဒ္ဓါဖြစ်၏။ အမှန်အတိုင်းယုံကြည်သောကြောင့် ယုံကြည်မှုမှဆင့်ကဲ ဖြစ်ပေါ်မှုတို့သည်လည်း မှန်၏။ သို့သော်အပြောကောင်းကောင်းနှင့် လိမ်ပြောသည်ကို ယုံကြည်ခြင်းသည် သဒ္ဓါမဟုတ် သဒ္ဓါအတုဖြစ်၏။ ဆေးဝါးညာ ရောင်းသည်ကို ယုံကြည်၍ စားသုံးမိရာမှ ဒုက္ခရောက် ခြင်းသည် သဒ္ဓါအတုဖြစ်၍ ဒုက္ခရောက်ခြင်းဖြစ်၏။ ကိစ္စရပ်များမှန်မမှန် ၊ ယုံကြည်မှုရှိတိုင်း သဒ္ဓါမဟုတ်၊ အမှန်ကို ယုံကြည်မှ သဒ္ဓါတည်း ဟုတ် မဟုတ် ရာမရာ သတိပညာ ဉာဏ်အလင်းတို့ဖြင့် ချင့်ချိန်ရာ၏။

သို့သော်အကြည်ညိုလွန်ကဲပါက တဏှာပေမ ဖြစ်တတ်၏။

၂။ **အောက်မေ့အမှတ်ရခြင်း (သတိ)**

သတိရအောက်မေ့မှုများသည် အလွန်များသည်။ စိတ်ကို ကောင်းအောင် ပြုလုပ်ရမည်ကို

သတိရနေ သတိရှိနေခြင်း ဖြစ်၏။ လောဘ ဒေါသ မာန်မာနများ မဖြစ်အောင် သတိရခြင်း၊ ကုသိုလ်ကောင်းမှုပြုရန်သတိရခြင်း၊ ဆရာသမား၏ အဆုံးအမကို သတိရခြင်း အပွမာဒေန၊ သမ္မာဒေဏ မမေ့မလျော့ မပေါ့မဆ အသိတရားနှင့် နေထိုင်ခြင်းဖြစ်၏။ သို့သော်သားသမီးတို့အား သတိရခြင်းသတိရ လွမ်းဆွတ်နေခြင်း ရန်သူအား လက်စားချေရန်သတိရခြင်းတို့သည် သတိအတုများဖြစ်၏။

၃။ **ရှက်ခြင်း (ဟီရိ)**

၄။ **ကြောက်ခြင်း (ဩတ္တပ)**

မကောင်းမှု ဒုစရိုက်ပြုလုပ်ရမည်ကို ကြောက်ခြင်း၊မကောင်းမှုပြုလုပ်ရ မည်ကိုရှက်ခြင်းသည် ကောင်းမွန်သောစိတ်အနေအထားဖြစ်၏။ သူပစ္စည်း၊ သူဥစ္စာကို ခိုးယူခြင်း၊ မုသားပြောဆိုခြင်း၊ သူတစ်ပါးအိပ်ယာများ ယွင်းခြင်းတို့ပြုလုပ်ပါက ယခုဘဝတွင်လည်း အများသူတကာ အလယ်တွင် အရှက်ရ၍ ထောင်ကျ အချုပ်ကျနိုင်သည်။ သံသရာတွင်လည်း ယင်းအကုသိုလ်/အကျိုးပေးခြင်းကို ခံရမည်ဟု စိုးရိမ် ကြောက်ရွံ့ကာ၊ မပြုနေခြင်း၊ စောင့်စည်းခြင်း၊ စောင့်ထိန်းခြင်းသည် စိတ်စည်းကမ်းရှိခြင်းဖြစ်၏။

ရှက်ကြောက်မှုရှိရမည်ဆိုသော်လည်း ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကန်သွားရာမှာကြောက်မှု၊ ရှက်မှု၊ ပရိသတ်ရှေ့တွင်စကားပြောရာမှာကြောက်မှုဝိရိယနှင့်လုံ့လစိုက်ထုတ် အလုပ်လုပ်ရမည်ကို ရှက်ခြင်းကြောက်ခြင်းတို့သည် ဟိရိသြတ္တပ္ပအတုများဖြစ်သည်။ အရှက်အကြောက်တရားနှစ်ပါးကို ကျွန်တော် ရှက်ပြုံးဟူသော စာအုပ်တွင် အကျယ်ရေးသားမှုရှိသည်။

၅။ မလိုချင်မှု (အလောဘ)

မတရားသဖြင့် ရရှိသည်ကို မလိုချင်မှု တရားသဖြင့်သာ ရယူလိုမှုသည် စိတ်ကောင်းစိတ်မြတ်ဖြစ်သည်။ မိမိလစကို လခထုတ်သောနေ့တွင် ရယူလိုမှုသည် လောဘမဖြစ်။

၆။ မခက်ထန်မကြမ်းတမ်းခြင်း (အဒေါသ)

ခက်ထန်ကြမ်းတမ်းမှုသည် ဒေါသဖြစ်၏။ ဒေါသအကြောင်းအထက်၌ ရှင်းပြခဲ့ပြီး ဖြစ်ပါ၏။ ပြဿနာမပြေလည်မှုများကို အေးချမ်းစွာ ဖြေရှင်းနိုင်သည်။ မိမိက မှန်တာဘဲဟုဆိုကာ ဒေါသကို ဆွဲကိုင်ဖြေရှင်းသောအခါ သူရောကိုယ်ပါ ပျက်စီးတတ်သောကြောင့် ဒေါသကို နေရာတကာတွင် အသုံးမပြုရန် လိုသည်။ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုအရပ်ရပ်သည် ဒေါသအခြေခံပါရှိ၏။ တွေ့ဆုံညှိနှိုင်း

ဆွေးနွေးပွဲများသည် အဒေါသအခြေခံ ဖြစ်ပေါ်မှုများဟု ဆိုနိုင်၏။

၇။ ဉာဏ်ပညာရှိခြင်း (အမောဟ)

မောဟသည် မသိတာ၊ မှောင်မိုက်တာဖြစ်၍ အမောဟသည် သိတာ၊ ဉာဏ်အလင်းရောင်ထွန်းကားတာ၊ ပညာရှိတာ ဖြစ်သည်။ ပညာသည် အရာရာကို ထိုးထွင်းသိမြင်နိုင်၏။ စိတ်ကို ကောင်းအောင်ပြုလုပ်သော စေတသိက်များနှင့် မကောင်းအောင်ပြုလုပ်နေသော စေတသိက်များကို ပညာဖြင့် ခွဲခြားသိနိုင်၏။

ပညာကို ဆည်းပူးခြင်း၊ သင်ကြားခြင်းတို့မှ ရရှိနိုင်သည် ငယ်စဉ်အခါမှစ၍ ပညာကို ရှာဖွေရာ၏။ ပညာ သည်အရွယ်သုံးပါးစလုံး၌ မပြတ်မလပ် ရှာဖွေနေမှကောင်းကာကျ၏။ ပညာတွင် အသိပညာ၊ အတတ်ပညာ၊ အလိမ္မာပညာဟူ၍ ရှိသည်။ ယနေ့ခေတ်ကာလသည် အတတ်ပညာကာလ အတတ်ပညာခေတ်ဖြစ်သည်။ နိုင်ငံတိုင်း လူမျိုးတိုင်းသည် အတတ်ပညာကို အလု အယက်သင်ကြားနေကြရာ ပညာတတ်မှ လူရာဝင်သည်။ အသိပညာ အတတ်ပညာ ဘာသာစကားဆင်ခြင်တုံတရား၊ သိပ္ပံပညာ ဝိဇ္ဇာပညာစသည်တို့ကို ခံလင်အောင် တတ်မှ သင့်တော်မည့် ကာလဖြစ်၏။ ပညာသည် အမိုက်အမှောင်ကို ထိုးထွင်းပြင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

ပညာရှိတို့ , တွေးကြည့်ပါက ပြေးကြည့်သည်ထက် မှန်သည်ဟု ဆို၏။ ပညာရှိရုံသာမက ပညာရှိသူသည် စိတ်ကောင်းနှလုံးကောင်းထားရှိရန်လိုသည်။

၈။ **သူတပါး၏ အကျိုးကို လိုလားသော ချစ်ခင်မှု (မေတ္တာ)**

မေတ္တာတရားသည် စိတ်ကောင်းစိတ်မြတ် ဖြစ်သည်။ ထားရှိအပ်သော စိတ်ထားဖြစ်၏။ မေတ္တာကို သတ္တဝါတို့အပေါ် မျှတစွာ ထားရှိရမည် ဖြစ်သည်။ မိမိသားသမီးများအပေါ် ထားရှိသော မေတ္တာကတစ်မျိုး၊ တပါးသူတို့အပေါ် ထားရှိသော မေတ္တာကတစ်ဖုံ မရှိအပ်။ မြတ်စွာဘုရားသည် တရားဟောမဏ္ဍပ်အတွင်း ရောက်ရှိနေသော မင်း မှူးမတ် ပုဏ္ဏား သူဆင်းရဲ သူချမ်းသာ၊ သူဌေး သူကြွယ်၊ ကုန်သည် လယ်လုပ်တို့ကို တူညီသော မေတ္တာထား၏။ တူညီသော အကျိုးကို လိုလား၏။ မိမိရင်မှဖြစ်သော သားရာဟုလာနှင့် တရားနာ ပရိသတ်ကိုလည်း တူညီစွာ မေတ္တာထားရှိသည်။ မြတ်စွာဘုရားကဲ့သို့ မြင်မြင်သမျှ ဟူသမျှကို တပြေးညီမေတ္တာမထားနိုင်သော်လည်း အလွန်အမင်း ကွဲပြားခြားနားမှု မရှိအောင်ကား မေတ္တာထားကြရမည် ဖြစ်၏။ မေတ္တာတရားထားရှိကြရာတွင် တဏှာပေမနှင့် ယှဉ်သော အချစ်သည် မေတ္တာအတု ဖြစ်၏။

၉။ **ဆင်းရဲသူကိုမြင်လျှင် ကယ်တင်လိုခြင်းဆန္ဒ (ကရုဏာ)**

ဆင်းရဲသူတို့ ဒုက္ခရောက်သူတို့ တွေ့ရှိပါက သနားကြင်နာမှုရှိခြင်း၊ ဆင်းရဲတွင်းမှ ကယ်တင်လိုခြင်းသည် ဂရုဏာဖြစ်သည်။ ဆင်းရဲခြင်းမှ သက်သာအောင် ကြံဆောင်ခြင်းသည် ဂရုဏာတရားဖြစ်၏။

၁၀။ **သူတစ်ပါးပြည့်စုံကြွယ်ဝသည်ကိုမြင်လျှင် ဝမ်းမြောက် ဝမ်းသာရှိခြင်း**

တစ်ပါးသောသူကြွယ်ဝသည် ပြည့်စုံသည်ဟု ဆိုပါက အချို့သည် ဝမ်းမသာနိုင်ကြ ။ သူတစ်ပါးပြည့်စုံကြွယ်ဝသည်ဟုဆိုပါက ဝန်တိုမှုပင်ရှိတတ်၏။ ဝန်တိုမှုမရှိဘဲကြည်နူးဝမ်းသာမရှိခြင်းကိုမုဒိတာဟုခေါ်သည်။

၁၁။ **လျှစ်လျူရှုနိုင်ခြင်း (ဥပက္ခာ)**

သူတကာတို့အပေါ် ကောင်းသည်ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ၊ လျှစ်လျူရှုနိုင်သော သဘောသည် ဥပက္ခာ ဖြစ်၏။ ပြဆိုခဲ့သော မေတ္တာ ဂရုဏာ၊ မုဒိတာ၊ ဥပက္ခာ တရားလေးပါးကို ဗြဟ္မဝိဟာရ၊ တရားလေးပါး၊ ဗြဟ္မစိုတရားလေးပါးဟု ဆို၏။၊

www.burmeseclassic.com

www.burmeseclassic.com

၁၂။ **ကောင်းသောစကားဆိုခြင်း (သမ္မာဝါစာ)**

၁၃။ **ကောင်းသောအလုပ်လုပ်ခြင်း (သမ္မာ သမ္မန္တ)**

၁၄။ **ကောင်းသောအသက်မွေးမှုပြုခြင်း (သမ္မာအာဇီဝ)**

ဤအချက်များသည်လည်း စိတ်ကိုကောင်းအောင် ပြုပြင်သောအချက်များဖြစ်ပါ၏။ ကောင်းသောစကားကိုဆိုခြင်းဟု ဆိုရာတွင် မှန်ကန်သော စကားကိုဆိုခြင်း၊ မုသာဝါဒမပြောခြင်း၊လိမ်လည် ပြောဆိုမှုမပြုခြင်း တို့ဖြစ်၏။ ယုတ်ရင်းကြမ်းတမ်းသော စကားကို မဆိုခြင်းလည်းပါဝင်သည်။ စကားကို ချိုသာစွာ ပြောဆိုခြင်းဖြစ်၏။

ကောင်းသော အလုပ်လုပ်ကိုင်ခြင်းဆိုရာတွင် အပြစ်မရှိသော အလုပ်ကို လုပ်ကိုင်ခြင်း၊ မိမိလုပ်ဆောင်မှုကြောင့် သူတစ်ပါးထိခိုက်နစ်နာမှုမရှိစေသောအလုပ်ဖြစ်၏။ ဘုရားဖူးသွားခြင်း၊ တရားနာသွားခြင်း၊ ကျောင်းကန် ဘုရားသွားရာလမ်း သန့်ရှင်းရေးလုပ်ဆောင်ခြင်းတို့သည် ကောင်းသောအလုပ်ကို လုပ်ကိုင်ခြင်းဖြစ်၏။ ကောင်းရောင်းကောင်းဝယ်ကုန်သယ်လယ်လုပ်ခြင်းတို့သည် သမ္မာအာဇီဝအလုပ်များဖြစ်ပါသည်။

မကောင်းသောအလုပ်များကိုလုပ်ရန် ဆန္ဒမရှိခြင်း ကောင်းသောအလုပ်များကိုလုပ်ဆောင်ရန် ဆန္ဒရှိခြင်းသည် စိတ်စည်းကမ်းရှိခြင်းပင်ဖြစ်ပါသည်။

ထိုစိတ်ကောင်းစေတနာကောင်း စိတ်ကောင်း စိတ်မြတ်များ မိမိရင်ခွင်၌ ထာဝစဉ်ကိန်း အောင်းနေအောင်ကြိုးစားအားထုတ်ခြင်းသည် စိတ်ကို စည်းကမ်းတစ်ကျရှိအောင် ကြိုးစားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

မူးယစ်စေသည့်အရာ

ကျွန်တော်တို့သည် စိတ်ကို စည်းကမ်းမဲ့စေသော စေတသိက်များကို လေ့လာရာတွင်

၁။-မောဟ - မသိခြင်း

၂။-ဥဒ္ဓစ္စ - ပျံ့လွင့်ခြင်း

၃။-ဒိဋ္ဌိ - မှားမှားယွင်းယွင်းသိခြင်း

၄။-ထိနမိဒ္ဓ - ထိုင်းထိုင်းမှိုင်းမှိုင်းရှိခြင်း

၅။-ဝိစိကိစ္ဆ - သံသယစိတ်ရှိခြင်း

ဆိုသော စိတ်အနေအထားများကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ ဤကိစ္စများသည် မိမိအသွင်သဏ္ဌာန် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com

စိတ်ခန္ဓာတွင် ရှိနေတတ်သော စိတ်၏ မကောင်းသော အခြင်းအရာတို့ဖြစ်၏။

မသိခြင်းသည် အလွန်ဆိုးဝါးသော စိတ် အနေအထားတစ်ရပ်ဖြစ်၏။ မသိမှတော့ ပြုပြင်လုပ်ဆောင်ရန် အတော်ပင်ခဲယဉ်း၏။ မသိမှုကြီးစိုးသူသည် လူအ၊ လူနှုံ၊ လူဖျင်း၊ လူညံ့၊ လူပြိန်းသာဖြစ်ကြောင်း လည်း ပြဆိုခဲ့၏။ ပျံ့လွင့်မှုကလည်း စိတ်ကို အမှန်တရားတွင် ထိန်းချုပ်၍ မထားနိုင်သော အခြေအနေဖြစ်သည်။ ဒိဋ္ဌိဟုဆိုအပ်သော မှားမှားယွင်းယွင်းသိနေမှုကလည်း မသိသည်ထက်ဆိုးသော ကိစ္စဖြစ်၏။ မသိတာကမှ မသိခြင်းအဆင့်တွင် ရှိသော်လည်း အမှားမှားအယွင်းယွင်းသိခြင်းက မသိမှုအောက်သို့ ရောက်ရှိနေသော အနှုတ်လက္ခဏာ (-) ဖြစ်သောစိတ်နေစိတ်ထားတည်း။

ထိုင်းမှိုင်းခြင်းကလည်း လုံ့လဝီရိယအားများကို နည်းပါးစေ၍ ပျင်းရိမှု၊ လစ်ဟင်းမှုများနှင့် မတိုးတက်မတက်ကြွသော စိတ်အနေအထားဖြစ်သည်။

သံသယစိတ်ကလည်း မှားမှားယွင်းယွင်းဖြစ်နေသိနေခြင်းမဟုတ်သည်မှလွဲ၍ မှားလား မှန်လားဝေဖန်ပိုင်းခြားမှုရှိသောကြောင့် ဆိုးဝါးပါ၏။

မူးယစ်စေသောအရက် အရက်စသောအရာတို့သည် ဖော်ပြပါ မသိခြင်း ပျံ့လွင့်ခြင်း၊ မှားမှားယွင်းယွင်း

သိခြင်း၊ ထိုင်းထိုင်းမှိုင်း မှိုင်းရှိခြင်း၊ သံသယစိတ်ရှိခြင်း၊ မထိမ်းကျောင်းခြင်း၊ သည်းမခံခြင်း အစရှိသော စေတသိက်များ လူ၏ စိတ်ခန္ဓာတွင် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်အောင် ဆောင်ကျဉ်းသော အရာ ဖြစ်၏။

လူ၏စိတ်ခန္ဓာတွင်ရော၊ ရုပ်ခန္ဓာတွင်ပါ မောဟက မသိတာတစ်ခုတည်းဖြစ်သော်လည်း အရက်က မောဟရော၊ ဥဒ္ဓစ္စရော၊ ထိနမိဒ္ဓရော၊ ဝိစိကိစ္ဆရော၊ ဒေါသကိုပါ တပြိုင်နက် လှုံ့ဆော်သော အရာဖြစ်၏။ ဆိုးလိုက်သည့်အဖြစ်ပါတည်း။

ထိုသို့ဖြစ်ပေါ်စေသော အရာပစ္စည်းကို လူကသုံးဆောင်သည်။ ထိုအခါ ယစ်မူးခြင်း၊ လေးပင်ထိုင်းမှိုင်းခြင်း၊ သတိတရားကင်းလွတ်ခြင်း၊ ထုံထိုင်းမှိုင်းဝေခြင်း၊ မတွေးခေါ်၊ မစဉ်းစားနိုင်ခြင်းတို့သည် တစ်ပြိုင်နက်ဖြစ်၏။

အရက်၏ တန်းခိုးသတ္တိသည် အာရုံများကို နှေးကွေးအောင် ဆောင်ရွက်တတ်သော သဘောရှိ၏။ အာရုံများကို မှုံဝါးစေသော သတ္တိရှိ၏။

အရက်သောက်သူ၏ အမြင်အာရုံသည် အရက်ကြောင့် မှုံဝေသွား၏။ အရက်ဝိုင်းအပြင်ဘက်ကို ပြတ်ပြတ်သားသား မမြင်နိုင်ဘဲ ရှိ၏။ အရက်သောက်သူး ဆားသူ၏ အကြားအာရုံသည်လည်း နှေးကွေးနေသည်။ အကြားအာရုံနှေးကွေးသွားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အရက်ဝိုင်းများတွင် တစ်ဦးက ပြောသည်ကို တစ်ဦးက မကြားရသောကြောင့် အော်ပြောကြရာမှ အရက်ဝိုင်းသည် ကြာလေဆူလေဖြစ်၏။

အရသာချို့ချဉ်ငန်စပ် စသည်တို့တွင်လည်း အာရုံခံစားမှုလျှော့လေရာ အရက်သမားသည် အစပ်ရော အဖန်ရော အငန်ရော စားရာမှ ဒုက္ခဖြစ်ရ၏။ ဘယ်ဟာ အစပ် ဘယ်ဟာ အဖန် မခွဲခြားနိုင်ဘဲ ရှိ၏။ အရက်သမား၏ စိတ်သည်ထွေထွေလေးလံမှု လေးပင်မှုဖြစ်လာ၏။ စိတ်လေးပင်သလို တွေးတောကြံဆမှုတို့သည်လည်း လေးပင်လာကာ မတွေးနိုင်ဘဲရှိ၏။ အမှန်ကို မသိဘဲရှိလာ၏။ အာရုံများ နှေးကွေးလာသောကြောင့် လူ၏ရုပ်ခန္ဓာကိုယ်သည်လည်း အစစအရာရာ နှေးကွေးလာသည်။ သွက်လက်စွာ ပုံမှန်လမ်းမလျှောက်နိုင်ဘဲ၊ လမ်းလျှောက်လျှင် အရက်သမား၏ ခြေလှမ်းသည် ယိုင်ထိုးနေ၏။

အရက်သောက်သုံးထားသူ၏ စိတ်က ခြေလှမ်းကို ပြည့်ပြည့်ဝဝ၊ မှန်မှန်ကန်ကန် လှမ်းလိုက်သော်လည်း အာရုံအရပ်ရပ်က နှေးကွေးနေသောကြောင့် အရက်သမား၏ ခြေလှမ်းများက ယိမ်းယိုင်၍ နေပါ၏။

စိတ်ကခြေထောက်ကို ဘယ်ဘက်သို့ လှမ်းလိုက်သော်လည်း ခြေထောက်က ညာဘက်သို့ ရောက်လျှင် [illegible] စိတ်နှင့်ကိုယ် ကွာဟမှုရှိနေ၏။ အရက်သည်

အာရုံများကို နှေးကွေးအောင်၊ မှားယွင်းအောင် ဆောင်ရွက်တတ်သောသဘောရှိ၍ အရက်သောက်စဉ် ဆောင်ရွက်မှုအားလုံးသည် မှားတတ်၏။

အရက်သောက်သုံးထားစဉ်

- မနောက်ဖြင့် ဆောင်ရွက်မှုများသည်လည်း မှန်ကန်မှုမရှိဘဲ မှားတတ်၏၊ စိတ်ကူးများလည်း မှားယွင်း၏။
- ဝစီကံအလုပ်ဖြင့် ပြောဆိုမှုအားလုံးသည် အကြောင်းအရာရော ပုံသဏ္ဌာန်ပါ မှားယွင်း၏။
- ကာယကံမြောက်လုပ်ဆောင်မှုများသည်လည်း လမ်းသွားရာကအစ မှား၏။

လူ၏ အသွင်သဏ္ဌာန်သည်လည်း ပြောင်းသည်။ ကြည်ညိုဖွယ်ရာအဆင်းအသွင်မရှိတော့။ အရက်သည် စိတ်ကို ညစ်ငြမ်းရွတ်ထွေးအောင် စနစ်တကျ ပြုနိုင်စွမ်းရှိသော အရာဖြစ်၏။ ထို့ကြောင့် အရက်သည် အကျင့်လုပ်၍ မသောက်သင့်သည်မှာ သေချာ၏။ သို့သော် အရက်သည် စွဲလမ်းသောသဘောရှိ၍ အရက်သမားသည် အကြိမ်ကြိမ်မှားသော်လည်း အရက်ကို စွဲလမ်းမိပြီဟုဆိုပါက မဖြတ်နိုင်ဘဲ ရှိသည်။

အရက်သောက်သုံးထားသော အချိန်သည် စိတ်စည်းကမ်းမဲ့ချိန်ဖြစ်သည်။ အရက်ကို အကျင့်ပြုလုပ်၍

www.burmeseclassic.com

www.burmeseclassic.com

မသောက်စကောင်း။ အရက်သည် တစ်ခုသက်သာသည်မှာ အရက်၏ဂုဏ်သတ္တိသည် လူ၏ခန္ဓာကိုယ်တွင် အစဉ်မနေဘဲ နှစ်နာရီခန့်တွင် အရက်တစ်ပက်ခန့် - အသက်ရှူရာမှသော်လည်းကောင်း၊ သွေးမှသော်လည်းကောင်း၊ ဆီးသွားရာမှသော်လည်းကောင်း ချက်ချင်း ပြန်ထွက်နေသောကြောင့် လူသည် အရက်မူးနေစဉ် အတွင်း၌သာ မှား၏။ အရက်မူးပြေသောအခါ အမှားကို သိ၏။ အမှားမှန်းသိသည်။

စိတ်တွင် ကိန်းအောင်းနေသော မသိသော၊ တွေဝေသောသဘောရှိသည့် စေတသိက်တို့သည်ကား အရက်အမူးပြေသကဲ့သို့ ပြေသည်မရှိဘဲ၊ မိမိ၏ခန္ဓာတွင် သိုဝှက်စွာ ကိန်းအောင်းနေ၏။ အခွင့်ကြုံပါက ထွက်၍ သတ္တိပြကြ၏။ အရက်သည် သူတစ်ဦးတည်းဆိုပါက ထုံထိုင်းခြင်း၊ လေးလံဆိုင်းမှိုင်းခြင်းသာရှိသော်လည်း အရက်မူးစဉ် အခြားမကောင်းသောအာရုံတစ်ခုနှင့် ပေါင်းမိပါက အမှားကြီးမှားတတ်၏။

အရက်မူးစဉ် - အခြားမကောင်းမှုတစ်ခုဖြစ်သော ကာမဂုဏ်လိုက်စားမည်၊ လောင်းကစားပြုမည်၊ ဆိုပါက ဒေါသ၊ မောဟ၊ တဏှာကို မချုပ်တည်းနိုင်ဘဲ အဆုံးစွန် မှားတတ်၏။

အရက်သောက်ထားစဉ် စိတ်ခန္ဓာနှင့် ရုပ်ခန္ဓာတို့၏ ဖြစ်တတ်သော သဘောမှာ - နှေးရမည် ကိစ္စ

အားလုံးကို မြန်မြန်ပြုလုပ်ပြီး မြန်မြန်ပြုလုပ်ရမည့် ကိစ္စများကို နှေးနှေးချည်း ပြုလုပ်တတ်ကြသည်။

ဒေါသထွက်ရမည့်ကိစ္စသည် ဖြေးဖြေးနှေးနှေးရှိသင့်သောကိစ္စဖြစ်၏။ သို့သော် အရက်သောက်ထားပါက ဒေါသကို ထိန်းမထားနိုင်ဘဲ မြန်မြန်ဆန်ဆန် ပြုလုပ်မှုကြောင့် အရက်မူးစဉ် လူသတ်မှုကို အလွယ်ကူးလွန်ဖြစ်၏။ မိန်းကလေးတစ်ယောက်ကို တွေ့ပါက သာမန်အချိန် အရက်သေစာသောက်သုံးထားချိန် မဟုတ်ပါက သဲသေချာချာပင် စိုက်မကြည့်ဝံ့ဘဲ ရှက်တတ်၏။ သို့သော် အရက်မူးလာပါက အရှက်တရားကင်းမဲ့ကာ အတင်းဆွဲရမ်းခြင်း၊ အဓမ္မပြုကျင့်ခြင်းတို့ကို အလွယ်နှင့် ပြုလုပ်တတ်ကြ၏။ နှုတ်ဖြင့် ကတိပေးမှု၊ နှုတ်ကြမ်းအာကြမ်းပြောဆိုမှုတို့လည်း ဖြစ်တတ်၏။

အရက်သောက်ထားစဉ် ဆင်ခြင်တုံတရားသည် သုံးညအောက်သို့ ရောက်ရှိရာမှ အရက်သမားအမှားတစ်ထောင်ဘဝသို့ ရောက်ရ၏။ အရက်မူးလာပါက အသိဉာဏ်အရာ၊ ဆင်ခြင်တုံတရားအရာတွင် သုည ဖြစ်လာသောကြောင့် အရှက်အကြောက်တရားလည်း မရှိတော့ဘဲရှိ၏။ လောကပါလတရားသည် ဆိတ်သုဉ်း၏။ ထို့ကြောင့် အရှက်အကြောက်မရှိဘဲ လုံချည်မနိုင်ဆိုးမနိုင်၊ လုံချည်ကွင်းသိုင်းနှင့်သော်မှ လမ်းမဟွင်လျောက်၏။ ထိုသို့ လုံချည်မနိုင် ကွင်းသိုင်း၍ လျောက်

www.burmeseclassic.com

www.burmeseclassic.com

သူသည် အရက်မသောက်ဘဲ သာမန်အချိန်တွင် အလွန်ရှက်တတ်သူဖြစ်တတ်၏။ အရက်သည်အာရုံများကို ကဗျောင်းကဗျန်ဖြစ်စေ၍ သတိတရားချွတ်ယွင်းသော အခြေအနေအထိ တွန်းပေးပို့ဆောင်သော အရာသည် အရက်ဖြစ်ပါ၏။ အရက်သောက်မူသည် အသိတရားနှင့် ပတ်သက်သော စေတသိက်ဆိုးများကို ဖိတ်ခေါ်ရာကျ၏။

တစ်ခါက တယောအတွင်းဝန် ဦးဖိုးလှိုင်သည် မိတ္ထီလာ၌ 'အရက်ကို အနည်းငယ်သောက်သုံးပါက အပြစ်မရှိ' ဟု ဆိုလေလျှင် မင်းတုန်းမင်းကြီးသည် မိတ္ထီလာမှ ပြန်လာသော ယောအတွင်းဝန်ကို မန္တလေးရောက်သည်အထိ စောင့်မနေဘဲ လမ်းတဝက်မှ စောင့်ဖမ်းကာ -

'ယောအတွင်းဝန်အဖို့ကတော့ အရက်အနည်းငယ်သောက်သုံးခြင်းသည် အပြစ်မရှိဆိုသော်လည်း ငါတိုင်းသူပြည်သားများသည် ယောကအရက်သောက်တာ အပြစ်မရှိဟုဆိုသောကြောင့် အရက်သောက်ကြလေလျှင် ငါတိုင်းနိုင်ငံပျက်ချေတော့မည်' ဟုဆိုကာ ယောအားတန်း၍ အကျဉ်းချလေ၏။

လူသည် ဦးနှောက်နှင့် အသိဉာဏ်ပညာအားကိုးဖြင့် အသက်ရှင်နေထိုင်ခြင်းဖြစ်ရာ ဦးနှောက်ပျက်ဆီးပါကအလုံးစုံဆုံးရှုံးရသည့် သဘောရောက်၏။ လူ၏

ဦးနှောက်သည် အရက်သေစာသောက်သုံးထားပါက မူးနေချိန်တွင် ဦးနှောက်သည် ပုံမှန်မဟုတ်၊ ပျက်ဆီးနေခြင်းပင်ဖြစ်၏။

အရက်သည် အလေ့အထမလုပ်ဘဲ မသောက်သုံးဘဲနေလျှင် အကောင်းဆုံးဖြစ်သော်လည်း မိမိကလည်း ကြိုက်နှစ်သက်ကာ အရက်စွဲနေပြီဟုဆိုက စည်းကမ်း တိတိကျကျဖြင့် သောက်သုံးမှ သင့်ရာ၏။

အရက်ကို ဆုံးဖြတ်လုပ်ဆောင်ရန်ကိစ္စ၊ လုပ်ငန်းတာဝန်ရှိသော ကာလများတွင် မသောက်ဘဲနေရာ၏။ အရက်ကို နေ့ခင်း နေ့တာအချိန်များတွင် မသောက်ဘဲနေသင့်၏။ အရက်ကို အတိုင်းအတာနှင့်သာသောက်၍ မိမိ၏ အတိုင်း အတာထက် ပိုလာလျှင် မသောက်ဘဲနေသင့်၏။ အရက်သောက်ပြီးပါက ဘာပြဿနာမှ မပေါ်ခင် အိမ်ပြန်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အရက်သည် စိတ်ကို အသိတရားလျော့ပါးစေသော ပစ္စည်းတစ်ရပ်ဖြစ်ပါသည်။ အရက်သည် ဆင်ခြင်တွေးတောမှုကို ပိတ်ဆို့သော အရာဖြစ်သည်။ အမှောင်ကို လမ်းခင်းပေးသည့် ကိစ္စဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

စိတ်ရင်းစေတနာကောင်း

စိတ်စည်းကမ်းရှိခြင်းသည် လူသူတော်ကောင်းတို့၏ လက္ခဏာဖြစ်သည်။ သူတော်ကောင်းတို့သည် စိတ်ကို စည်းကမ်းဖြင့် ထိန်းချုပ်နိုင်ကြ၏။ မကောင်းမှုဒုစရိုက်များကို မပြုလုပ်မိစေရန် စောင့်စည်းနိုင်ကြ၏။

ဤစာအုပ်ဖြင့် စိတ်ကို စည်းကမ်းသတ်ရန် လိုအပ်ကြောင်း တင်ပြရာတွင် လူတိုင်းသည် ဒေါသ၊ မောဟ၊ မာန်၊ မာန၊ အဟိရိက၊ အနောတ္တပ္ပ စသော စိတ်ကို စည်းကမ်းမဲ့စေသော စေတသိက် ၁၄ မျိုးနှင့်လုံးတို့ကို ကင်းစင်အောင် လုပ်ဆောင်ရမည်ဟု ကိုက်တွန်း

www.burmeseclassic.com

www.burmeseclassic.com

လိုသောစိတ်ဖြင့် ရေးသားခြင်း မဟုတ်ပါ။ ဤကိစ္စသည် သူတော်ကောင်းတို့၏ အလုပ် လောကုတ္တရာစခန်း အထိ ရည်မှန်းလုပ်ဆောင်သည့် သူတို့၏ အလုပ်ဖြစ်ပါ၏။ သူတော်စင်ဘဝအထိ ရည်မှန်းသည် ဟု ဆိုပါက ထိုအမိုက်တရားများ ကင်းစင်အောင် ဆောင်ရွက်ရမည် ဖြစ်ပါ၏။

သို့သော် လူသာမန်တို့အနေဖြင့် လူ့ဘောင်ဘဝလူ့လောကတွင် မိသားစုဘဝ၊ အိမ်ထောင်သက်မွေး ပြုသူတို့အတွက်ကား ထိုအမိုက်တရားများ မလွန်ကဲအောင် သတိပြုရန်အတွက်သာ ရည်ရွယ်ရေးသားခြင်း ဖြစ်ပါ၏။ ထို့ကြောင့် စိတ်ကိုညစ်ထေးစေသော အကြောင်းတရားများ မပွားများရအောင် စောင့်ထိန်းနိုင် လျှင် လုံလောက်သည်ဟု ဆိုနိုင်ပါ၏-

- လောဘသိပ်မကြီးသော
- ဒေါသသိပ်မကြီးသော
- မောဟနည်းပါးသော
- ဒိဋ္ဌိ၊ မာန လျော့ပါးသော
- ဣဿာ၊ မစ္ဆရိယ ကုက္ကုစ္စ လျော့ပါးသော
- ထိန၊ မိဒ္ဓ နည်းသော
- ဝိစိကိစ္ဆ မများသော
- အရှက်အကြောက် တရားနှစ်ပါး ရှိသော
- အရက်သောက်တတ်ပါက ချင့်ချင့်ချိန်ချိန်

သာ သောက်သောသူအဖြစ် ကြိုးစား နေထိုင်ပါက မဆိုးလှတော့ပြီဟုသာဆိုချင်ပါ၏။

သာမန်အားဖြင့် စာရေးသူနှင့်စာဖတ်သူတို့ကဲ့သို့ မိသားစုဘဝ၊ အိမ်ထောင်သည်ဘဝ၊ နိုင်ငံ တာဝန်ပြည်သူ့တာဝန်များနှင့် မကင်းနိုင်သော သူတို့ သည် သူတော်စင်ဘဝအထိ ရည်မှန်း၍ စိတ်ကို စည်းကမ်းသတ်စရာမလိုဘဲ

၁။ လူ့လောက၊ လူ့ဘဝတွင် လုံအချင်းချင်း ပေါင်းသင်းဆက်ဆံနေထိုင်ရာတွင် လူသားကောင်း စာရေးဝါဒ လူသာပဓာန စိတ်ထားလောက်တော့ ထားရှိနိုင်ရမည်။

၂။ လူ့လောက၊ လူ့ဘောင်ဘဝ လူသားများတိုးတက်ကြီးပွားရေးစိတ်ရှိရမည်။

၃။ လူ၏စိတ်ချမ်းသာရေး၊ ကိုယ်ကျန်းမာရေးကို ရှေ့ရှုဆောင်ရွက်သူ ဖြစ်ရမည်။

၄။ လူ၏ကာယကံအလုပ်၊ မနောကံအလုပ်၊ ဝစီကံ အလုပ်ဖြစ်သော ကိုယ်၊ နှုတ်၊နှလုံးသုံးပါးသော ဆောင်ရွက်မှုတို့သည် ရှေ့နောက် မှန်ကန်ညီညွတ်မှု ရှိရမည်။

၅။ ကိုယ်ချင်းစာနာတတ်သူ ဖြစ်ရမည်။

၆။ လူကိုလူကဲ့သို့ဆက်ဆံတတ်ပြီး လေ့ာဘ၊

www.burmeseclassic.com

www.burmeseclassic.com

ဒေါသ၊ မာန်မာန သိပ်မကြီးသူ ကျသာ၊ မစ္ဆရိယ ထိန်မိဒုနည်းသူ၊ ဝိစိကိစ္ဆမများသူ ဖြစ်ရမည်။ (ထိုတရားများ လုံးဝကင်းစင်အောင်ကြိုးစားရန် မတိုက်တွန်းပါ)

၇။ အခြေခံအားဖြင့် လူသည်စိတ်ရင်းကောင်းရမည်ဖြစ်သည်။ စိတ်ရင်းကောင်းမှုသည် လူ့ဘဝသာယာချမ်းမြေ့စွာ နေထိုင်ရေး၊ စိတ်စည်းကမ်း သတ်မှတ်ထားရှိရေးတွင် မရှိမဖြစ်သော အချက်ပင်ဖြစ်သည်။

စိတ်စည်းကမ်း သတ်မှတ်ရာတွင် စိတ်ကောင်းစေတနာကောင်းထားရှိရေးသည် မလွဲမရှောင်သာလိုအပ် ချက်ဖြစ်သည်။ စိတ်ကောင်း၊ စေတနာကောင်းရှိနေခြင်းအားဖြင့် စိတ်သည် စည်းကမ်းတကျရှိနေတတ်ပါ၏။ စိတ်စည်းကမ်းရှိအောင် စိတ်ကောင်းစေတနာကောင်းကို ပျိုးထောင်ရန် ကျင့်သုံးရမည့် ကျင့်စဉ်မှာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဖြစ်ပါ၏။

မဇ္ဈိမပဋိပဒါ ကျင့်စဉ်သည် အလယ် အလတ် လမ်းစဉ်မဟုတ်ပါ။ အစွန်းတရားများကို ရှောင်ရှားရန် အမှန်တရားကို ရွေးချယ်သော လမ်းစဉ်ဖြစ်ပါ၏။ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟူသည် အလယ်အလတ်ဝါဒ မဟုတ်သလို ရွှေပြည်အေးဝါဒ၊ အကောင်းမြင်ဝါဒ

သူကနည်းလျှော့၊ သူကနည်းလျှော့ဝါဒလည်း လည်းမဟုတ်ပါ။ အမှန် တရားပေါ်တွင် တည့်တည့်မတ်မတ်ရပ်တည် ဆောင်ရွက်သော ဝါဒ ဖြစ်ပါ၏။

ဤစာအုပ်တွင် တင်ပြသောကိုယ်ချင်းစာ တရားဆိုသည်မှာလည်း မိမိနှင့်ကိုယ် ချင်းစာသလို၊ အခြားတပါးသောသူ၏ ရင်တွင်းသို့လည်း ဝင်ရောက်ကိုယ်ချင်း စာသောနည်း ဖြစ်ပါ၏။ ကိုယ်က လောဘကြီးသူဖြစ်လေရာ လူတကာကို လောဘကြီးလိမ့်မည်ဟု ယူဆကိုယ်ချင်းစာလျှင် မှားမည်ဖြစ်ပါ၏။ မြင့်မြတ်သော ဘုန်းကြီး ရဟန်းတို့သည်ကား လောဘနည်းလှပါတကား ငါ၏လောဘကို လျှော့ချမှဟု ကောင်းမြတ်သော မနောဖြင့် ကိုယ်ချင်းစာရန် ဖြစ်ပါ၏။

ငါမှာလောဘရှိသလို သူ့မှာလဲလောဘရှိမှာဘဲ ငါလောဘကြီးသလို သူလဲဘဲလောဘကြီးမှာဘဲဟု တပါးသူအား ဆက်ဆံရာတွင် မိမိတွင်ရှိသော လောဘပေတံ ဖြင့် တိုင်းထွာကိုယ်ချင်းစာပါက မှားနိုင်ပါ၏။

စိတ်စည်းကမ်းသတ်မှတ်ရာတွင် ဒေါသသည် အယုတ်တရားအဖြစ် သတ်မှတ်ထားပါ၏။ သူတော်ကောင်း တို့အတွက်ကား ဒေါသသည် အလျဉ်းပယ်ခွာထားရမည့် အရာဖြစ်၏။ သို့သော် စာဖတ်သူတို့၊ စာရေးသူတို့အတွက်က ဒေါသကိုအပြီးတိုင် ဖယ်ရှား

www.burmeseclassic.com

www.burmeseclassic.com

ထားရန် မတိုက်တွန်းပါ။ မြန်မာနိုင်ငံအား ဗြိတိသျှ ကိုလိုနီ နယ်ချဲ့သမားတို့သည် စစ်သုံးကြိမ်ပြု၍ တစ်နိုင်ငံလုံးအား သိမ်းပိုက် လိုက်သောကိစ္စတွင် ကျွန်တော်တို့၏ ဒေါသကို သိမ်းဆည်းထားကြရန် တိုက်တွန်းပါက ရန်ပွဲတွင် ရှုံးနိမ့်သူအား ချုပ်ပေးရာကျမည်ဖြစ်ပါ၏။ ထို့ကြောင့် နယ်ချဲ့သမား အပေါ် ထိုက်သင့်သောဒေါသရှိရမည် ဟု ယူဆပါ၏။ ဤစာအုပ်ဖြင့် ဒေါသကင်းစင်ရေးကို မတိုက်တွန်း မရေးသားပါ။

မိန်းကလေးတစ်ဦးအား လူတစ်စုက ဘလက်ကာယပြုလုပ်သောအမှုတွင် အေးလေသဖွေသတ္တာသခီရဘဲပေါ့ဟု ဆိုကာဒေါသကို ချုပ်တီး၍မရပေ။ ထိုက် သင့်သောဒေါသရှိသင့်၏။ အလားတူပင် ထိုက်သင့် သောလောဘ၊ ထိုက်သင့်သော မာနလည်း ရှိရမည် ဖြစ်၏။ ဇာတိဂုဏ်၊ အမျိုးဂုဏ်ဟူသည်ရှိ၏။ ငါတို့မြန်မာ လူမျိုးသည် တကောင်းသားသတိုး အနွယ် အဘိရာဇာမှ ဆင်းသက်လာသူတို့ ဖြစ်၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ရှိ သူဖြစ်သည်။ ငါတို့အမျိုးကို ငါတို့စောင့်ရှောက်ရမည်ဟူသော ဇာတိမာန်သည် ပုထုဇဉ်တစ်ဦး အနေဖြင့် ရှိနေရမည်သာ ဖြစ်၏။ မောဟ၊ ဒိဋ္ဌိ၊ ထိန မိန္ဒ ဝိစိကိစ္ဆများသည် နည်းနိုင်သမျှနည်းလျှင် အကောင်းဆုံး ဖြစ်၏။

ပူပန်ခြင်း၊ စိုးရိမ်ခြင်းသည် တခါတရံ ကြိုးတင်

ကာကွယ်မှုဖြစ်သောကြောင့် လိုအပ်သောကုက္ကုစ္စကိစ္စသည်ရှိနိုင်တန်ရာ၏။

စိတ်ကိုကောင်းအောင် ပြုလုပ်သောတရားများ ရှိပါ၏။ သို့သော် သဒ္ဓါလွန်တော့ တဏှာ၊ ပညာလွန်တော့မာယာဆိုသောစကားကုန်ရှိ၏။ သဒ္ဓါ လွန်းတော့ ဆွမ်းတော်တော်ရပ် ဆိုသော စကားလည်း ရှိ၏။ သတိတရားနှင့် ကမ္မဋ္ဌာန်းဘာဝနာ လုပ်ငန်း သည်သာ လွန်သည်မရှိ ဟုဆိုလေရာ စိတ်ကို စည်းကမ်း ရှိအောင် ပြုစု စောင့်ရှောက်ရာတွင် လည်း စိတ်ရင်းကောင်းဖြင့် စေတနာ ကောင်းဖြင့်သာ ဆောင်ရွက်ရာ၏။ စေတနာ ကောင်းဖြင့် ဆောင်ရွက် ရာတွင် ပင် စေတနာ လွန်ကဲမှု ဖြစ်တတ်၏။ နံလံထ လူမမာကို အစာကြွေး ရာတွင် မြန်မြန်နလံထအောင် ဟုဆိုကာ အစား အစာများ ကျွေး၊ မကြေနိုင် မချက် နိုင်သောအစာများ ကျွေးလျှင် နလံထလူမမာ ရောဂါ သစ် ရသွားနိုင် ပါ၏။ မဏ္ဍိမပဋိပဒါနည်းကို ကျင့်ရမည်ဖြစ်၏။

ဤစာကို သူတော်စင်တို့ လောကုတ္တရာလမ်းသို့ ရည်မှန်းလုပ်ဆောင်ကြသည်ကို ရည်မှန်း ရေးသားခြင်းမဟုတ်၊ သူတော် စင်တို့အတွက်ကာ ဤစာအုပ် ရေးသားခြင်း၏ စေတနာ သည် နိမ့်ကျနေ၍ ပယ်ရန်သာရှိပါ၏။ ဤစာအုပ်ရေး သားခြင်း၏ စေတနာသည်ကျွန်တော် ကဲ့သို့သော လောကီလစွ မျှားနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပေကျဲနေသူ လောကီရေးရာ ကိစ္စများမှရုန်း မထွက်နိုင်သူတို့အတွက် စိတ်ကို ထိန်းသိမ်းနိုင် သမျှ ထိန်းသိမ်းနိုင်စိမ့် သောဌာ ဆရာတော်ကြီး အရှင် ဇနကာဘိဝံသ၏ ကိုယ်ကျင့် အဘိဓမ္မာရွှေထောင့်မှ အကျဉ်းကိုတင်ပြခြင်း ဖြစ်ပါ သည်။

စိတ်စည်းကမ်း တည်ဆောက်ရာတွင် စိတ်ကောင်းထား၍ ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်ပါ၏။ လောကီလူ့ရွာသားတို့အတွက် လူတစ်ယောက်သည်

- လူအကျိုးကိစ္စကို ဦးစားပေးလျှင်
- သူ့ဘက်၊ ကိုယ့်ဘက်၊ ဘက်နှစ်ဘက်မှ ကိုယ်ချင်းစာတတ်လျှင်
- လူကို လူကဲ့သို့ဆက်ဆံလျှင်
- ဒေါသ၊ လောဘ၊ မာနသိပ် မကြီးလျှင်
- စိတ်ရင်းကောင်းရှိလျှင်

ထိုသူသည် နေ့စဉ်လူလောက အလုပ်ဆောင်တာများကို လုပ်ဆောင်ရာတွင် မြတ်လှုပ်ဖြစ်ပါ၏။

ကျွန်တော်သည် လောဘ၊ ဒေါသ၊ မာန သိပ်မကြီးရန် အတန်တန်တိုက်တွန်းလိုပါ၏။ လောဘ၊ ဒေါသ၊ မာနမရှိရန်ကိုကား ကျွန်တော်သည် နည်းနည်းမျှ မတိုက်တွန်းပါ။ ထို့အတူ ကွာသာ၊ မစ္ဆရိယ တို့ကိုကား လျှော့ပါးအောင် နည်းပါးအောင် စသောငြူစူ

BURMESE CLASSIC .com

ခြင်း၊ ဝန်တို ခြင်းတို့ကိုလျှော့ပါအောင် အစဉ်အမြဲ ထုတ်နေရမည် ဖြစ်ပါ၏။

ငြူစူ ဝန်တိုသူတို့အား လူတို့ရှောင်ဖယ်ကြဉ်ကြသည်။ ထိုကဲ့သို့သောသူကို မပေါင်းသင်းလိုကြပေ။ လူဘဝတွင် လူလူချင်းမဆက်ဆံပဲ မရကြပါ။ လူ့ဘဝတွင် လူအများကဝိုင်းပယ်ခံမည်ဆိုလျှင် လူဘဝ၌ လူဖြစ်နေခြင်းသည် အဓိပ္ပါယ်မဲ့ ရတော့၏။ လူဘဝတွင်ဥစ္စာပစ္စည်း၊ ဂုဏ်သတင်းကျော်ဇောခြင်း တို့ထက် မြင့်မြတ်သောအရာ တန်ဖိုးရှိသောကိစ္စသည် မြေလည်စွာပေါင်းသင်းဆက်ဆံမှု ဖြစ်ပါ၏။ ပစ္စည်းဥစ္စာ၊ ကျော်ဇောမူတို့သည် မရှိလျှင် လည်းရသည်။ သို့သော် ပေါင်းသင်းဆက်ဆံမှုသည် လူဘဝမရှိလျှင် မရသောအရာ ဖြစ်ပါ၏။ ဤစာအုပ်တွင်စိတ် စည်းကမ်းကို ကိုယ်ကျင့် အဘိဓမ္မာ အခြေခံနှင့် ရေးသားတင်ပြသည့်နည်းတူ ကျွန်တော် ဆောင်းပါး အဖြစ် ရေးသားထားသော စိတ်စည်းကမ်း ပျိုးထောင် ရေးဆိုင်ရာ ဆောင်းပါးအချို့ကို လည်း ဖော်ပြလိုက်ပါ၏။ ယင်းတို့မှာ-

၁။ စိတ်ကို စည်းကမ်းသတ်မှတ်ခြင်း
၂။ အစားပေးနိယာမတရား
၃။ အတုန့်အလှည့်
၄။ မိတ်ဖက်နှင့် ဝဋ်ဖက်

www.burmeseclassic.com

www.burmeseclassic.com

၅။ ဝန်ချတောင်းပန်ခြင်း
၆။ စင်ကာပူက မြတ်နိုးပီတိစေတနာ
၇။ ပြုကျင့်ရမည့်သီလ
၈။ တရားနှင့် ညီညွတ်သောအသက်မွေးမှု
၉။ အကောင်းဆုံးအနုပညာပစ္စည်းများ ပေါ်ထွက်ချိန်
၁၀။ ငါမိကိုကား ငါမသိ

ဟူသောဆောင်းပါး ၁၀ပုဒ်ဖြစ်ပါသည်။ ယင်းဆောင်းပါးအများစုကို မြရိပ်ညိုမဂ္ဂဇင်း ထုတ်ဝေစဉ်က ဖော်ပြထားပြီးသော ဆောင်းပါးများ ဖြစ်ပါ၏။ ဆက်လက်ဖတ်ရှု၍ ဆောင်းပါးပါတင်ပြချက်များကို လက်ခံပါကစံနမူနာပြကျိုးစားကျင့်သုံး၍ လူ့ရွာကောင်းကျိုးဆောင်ကျဉ်းစေလိုပါကြောင်း -

အခန်း(၁၁)

စိတ်ကို စည်းကမ်းသတ်မှတ်ခြင်း

အမျိုးသမီးငယ်တစ်ယောက် ကျွန်တော့်ဆီကို စာတစ်စောင် ရေးပါတယ်။ သူက ချစ်သူအဖြစ် ဘယ်သူကိုရွေးရမယ် ဆိုတာ အခက်တွေ့နေလို့ပါတဲ့။ တစ်ယောက်ကတော့ သပ်သပ်ရပ်ရပ် ရှိတယ်။ အဝတ်အစားဝတ်တာလည်း သပ်ရပ်တယ်။ ဆံပင်ဖြီးတာ စာအုပ်ကလေး ကိုင်လာတာကအစ လက်ကိုင်ပုဝါထုတ်သုံး တာအဆုံး အမှိုက်စွန့်ပစ်ရာမှာလည်း စည်းကမ်းရှိတယ်။ အိမ်မှာနေရာမှာလည်း စည်းနဲ့ကမ်းနဲ့နေထိုင်ပါတယ်။ ဒါပေမယ့် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကတော့ ဘယ်လိုမှ သပ်သပ်ရပ်ရပ်မရှိဘူး။ အဝတ်အစား ဝတ်တာလည်း ဖရိုဖရဲပဲ။ လုံချည်မှာလည်း ဆီကွက်တွေနဲ့, ဖိနပ်မှား ရတာကလဲ ခဏခဏပဲ။ ဒါပေမယ့် သူကစိတ်ကောင်း တော့ရှိတယ်။ သနားတတ်တယ်။ အနစ်နာခံတယ်။ ရပ်ရွာကိစ္စတွေဆိုလည်း ပါတယ်။ အရပ်ထဲမှာ တံမြက် စည်းလှဲ၊ မြောင်းရှင်း၊ အမှိုက်သိမ်းရင်လည်း ပါတယ်။ အဲဒီ နှစ်ယောက်အနက်က ဘယ်သူကို ချစ်သူအဖြစ် ရွေးချယ်ရမှာလဲ။ ဘယ်သူက လေးစားထိုက်တဲ့ ပုဂ္ဂိုလ်လဲလို့ မေးပါတယ်။

အဲဒီနှစ်ယောက်အနက် ပထမလူကိုတော့ အနေအထိုင် အသွားအလာ အဝတ်အစား အပြောအဆို စည်းကမ်းရှိသူလို့ ဆိုရပါမယ်။ ဒုတိယပုဂ္ဂိုလ်ကတော့ စိတ်စည်းကမ်းရှိသူလို့ ဆိုရပါမယ်။ လူ့ဘဝမှာ အနေအထိုင် အပြောအဆိုကတော့ လူတကာ အထင်ကြီးလောက်အောင် နေထိုင်ပြီး စိတ်ထားကျတော့ လူလူချင်းညှာတာထောက်ထားရမှာကို မထောက်ထားဘူး။ အားငယ်တဲ့လူကို အနိုင်ဖိယူ အားကြီးတဲ့လူကို မျက်နှာချိုသွေး၊ မိမိရမယ့်ကိစ္စကြွေးလာရင် အပြောကချို၊ မိမိသဘောထားနဲ့, မတိုက်ဆိုင်ရင် ဂဠုန်လို နှုတ်ခမ်းငြူစူတတ်တဲ့လူတွေလည်းရှိပါတယ်။ ဒီလူမျိုးကိုတော့ စိတ်စည်းကမ်းမရှိသူလို့ ဆိုရပါမယ်။ ဥစ္စာစုက အင်္ဂလိပ်

လူမျိုးတွေကို ကြည့်မယ်ဆိုရင် အနေအထိုင်အပြောအဆိုမှာ သိပ်စည်းကမ်းရှိကြတာပဲ။ ထမင်းစားပွဲမှာ ဇွန်းကိုင်ရင်းတောင် ဘယ်လိုကိုင်ရမယ်ဆိုတဲ့ ထမင်းစားပွဲအလေ့အကျင့် တွေရှိကြတယ်။ အဝတ်အစားကျတော့လည်း ကုတ်အင်္ကျီနဲ့, နက်ကတိုင်နဲ့, ရင်ဘတ်မှာ နှင်းဆီပွင့် တစ်ပွင့်ထိုးပြီး စည်းစနစ် အတော်ကျတဲ့ လူမျိုးပါပဲ။ ဒါပေမယ့် အဲဒီအင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်တွေပေါ်မှာ လက်နက်နဲ့, အနိုင်ကျင့်, တစ်ပါးသူကို ကျွန်လုပ်၊ မြန်မာနိုင်ငံက ကျွန်းသစ်တို့၊ စပါး ရေနံ သယံဇာတပစ္စည်းတွေကို အဓမ္မယူတိုင်းရင်းသားလူမျိုးတွေ၊ အချင်းချင်းသွေးကွဲအောင် လုပ်တာကတော့ စိတ်စည်းကမ်းမရှိလို့ လုပ်ကြတာပါပဲ။

မဟာဂန္ဓာရုံဆရာတော်ကြီးက မိမိကျောင်းက စာသင်သားတွေလိုက်နာဖို့ စည်းမျဉ်း(၁၀)ချက် သတ်မှတ်ခဲ့ပါတယ်။ ဒီစည်းမျဉ်း (၁၀)ချက်ကို မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ ဘဝနေနည်း (၁၀) ချက်လို့လည်း ဆို နိုင်ပါတယ်။

အဲဒီ စည်းမျဉ်း (၁၀) ချက်ကတော့

၁။ စိတ်ကောင်းရှိဖို့က ပထမ

၂။ ဝိနည်း လေးစားဖို့က ဒုတိယ

၃။ ကျန်းမာဖို့ တတိယ

www.burmeseclassic.com

www.burmeseclassic.com

၄။ သန့်ရှင်းဖို့က ဗဟုတ္တ
၅။ အဝတ်အစားဝတ်တတ်ဖို့က ပဠဝ
၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ
၇။ အသွားအလာတတ်ဖို့က သတ္တမ
၈။ အပြောအဆိုတတ်ဖို့က အဋ္ဌမ
၉။ စည်းကမ်းလိုက်နာဖို့က နဝမ
၁၀။ စာတတ်ဖို့က ဒသမ

ဖြစ်ပါတယ်။

ဒီတော့ ဘဝမှာ ပထမအရေးအကြီးဆုံး လို အပ်ချက်ကတော့ စိတ်ကောင်းရှိဖို့၊ စိတ်စည်းကမ်းရှိ ဖို့ပါပဲ။ ဆရာတော်ကြီးရဲ့ အလိုအတိုင်း ပြောရရင် စိတ် စည်းကမ်းရှိဖို့သာမက အပြောအဆိုအနေအထိုင် အသွားအလာ အဝတ်အစား စည်းကမ်းရှိဖို့လဲလိုအပ် တယ်လို့ ဆိုရပါမယ်။ အဲ ဘယ်ဟာက အရေးကြီးဆုံး လည်းဆိုရင် စိတ်စည်းကမ်းရှိဖို့က အရေးအကြီးဆုံး ပါပဲ။

စိတ်စည်းကမ်းမရှိဘူးဆိုရင် ဘယ်လောက်ပဲ အပြောအဆိုတတ်တတ်၊ ဘယ်လောက်ပဲ အနေအထိုင် တတ်တတ် ဒါတွေဟာ လှည့်စားတာတွေချည်းပါပဲ။ ဒီလူမျိုးဟာ ကျိုးအာသီးလို လူမျိုးလို့ခေါ် ရပါမယ်။

အိမ်ထောင်ဖက် ရွေးချယ်ရာမှာတော့ မိမိက စိတ်စည်းကမ်းမရှိဘဲ မိမိအိမ်ထောင်ဖက်က စိတ်စည်း

ကမ်းရှိနေမယ်၊ စိတ်ကောင်းရှိနေမယ်ဆိုရင် ပြဿနာ ပါပဲ။ မိမိက အဝတ်အစား အသွားအလာ အနေအထိုင် စည်းကမ်းရှိပြီး မိမိရဲ့ အိမ်ထောင်ဖက်က အဝတ်အစား အနေအထိုင် စည်းကမ်းမရှိဘူးဆိုရင်လည်း ပြဿနာ ပါပဲ။ ဒီတော့ အိမ်ထောင်ဖက်ရွေးရာမှာတော့ မိမိနဲ့ သဘောထားတူတဲ့လူကိုပဲ ရွေးရပါမယ်။

မဟာဂန္ဓာရုံဆရာတော်ကြီးမှာကြားတဲ့ စည်း မျဉ်း(၁၀)ချက်စလုံး ညီအောင်နေနိုင်တဲ့လူကတော့ အတော်ဆုံး ဘဝနေနည်းအမှန်ဆုံးလို့ ခေါ် ရမှာပါပဲ။

ဒါကတော့ စိတ်လည်း စည်းကမ်းရှိ အနေအ ထိုင်လည်း စည်းကမ်းရှိသူပါ။ အနေအထိုင်အသွား အလာ စည်းကမ်းရှိပြီး၊ စိတ်စည်းကမ်းမရှိသူနဲ့ စိတ် စည်းကမ်းရှိပြီး အနေအထိုင် အသွားအလာစည်းကမ်း မရှိသူ နှစ်ယောက်၊ ဘယ်သူဟာ လေးစားစရာကောင်း မလဲဆိုရင် ကျွန်တော်ကတော့ စိတ်စည်းကမ်းရှိသူကို လေးစားမှာပါပဲ။

ကျွန်တော် ကိုယ်ဘိုင်လည်း စိတ်စည်းကမ်း ရှိအောင်ကြိုးစားပြီး အနေအထိုင်အပြောအဆိုကတော့ အတော့်ကို စည်းကမ်းမဲ့တဲ့သူတစ်ဦး ဖြစ်နေပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

အစားပေး နိယာမတရား
THE LAW OF COMPENSATION

လောကတွင် အစားပေး နိယာမတရား သို့မဟုတ် အလျော်ပေး နိယာမတရားဆိုသည်မှာ ရှိ၏။ ထိုနိယာမတရား၏ သဘောမှာ မည်သည့်အရာကို မဆို တန်ရာတန်ကြေး ပေးကြရ၏။ တန်ရာတန်ကြေး မပေးလျှင် အစားပေး နိယာမတရား၏ တရားစီရင်မှုကို ခံကြရ မည်သာဖြစ်၏။ အစားပေး နိယာမဆိုသည်မှာ Law of Compensation ဟုခေါ်ပါသည်။

ထိုနိယာမတရားကို မည်သူက စီရင်ထား

www.burmeseclassic.com

www.burmeseclassic.com

သနည်းဟု ဆိုပါက ဘုရားသခင်ကလည်း ထိုတရား
ကို စီရင်နေခြင်း မဟုတ်ပါ။ အလားတူပင် သိကြားမင်း
သည် နှစ်စဉ် နှစ်ဆန်းကာလတွင် လူပြည်သို့ဆင်းကာ
မကောင်းမှုပြုသူများအား ခွေးသားရေဖြင့် မှတ်သား
၍တရားစီရင်နေခြင်းမဟုတ်ဘဲ အစားပေး နိယာမ
သည် လူသားတို့အတွင်း လူတစ်ဦးချင်းစီတွင်ရှိသော
အစွမ်းသတ္တိတို့ဖြင့် အပြန်အလှန် လွန်ဆွဲကာ သမ္မုတ
တရားအရ ဖြစ်ပေါ်နေသော သဘာဝတရားပင် ဖြစ်
ပါ၏။

အလွန်အမင်း မကွာကြ

လူများသည် တစ်ဦးနှင့်တစ်ဦး အလွန်အ မင်း
မကွာကြပါ။ လူများတွင် ဦးခေါင်းတစ်လုံး အပို
ပါသော၊ ဟိန္ဒူနတ်များလို လက်အပိုပါသော လူဟူ၍
မရှိပါ။ လူအားလုံးတွင် သဘာဝအားဖြင့် ခြေနှစ်
ချောင်း၊ လက်နှစ်ဖက်၊ အသည်းတစ်စုံ၊ နှလုံးတစ်ခု၊
အဆုတ်တစ်စုံ စသည်ဖြင့် သဏ္ဌာန်တူ ဖွဲ့စည်းထားပါ
၏။ လူတို့တွင် သွေးလည်ပတ်မှုပုံစံသည် အားလုံး
အတူတူပင် ဖြစ်၍ ကျန်းမာရေး လိုက်စားသူများသည်
မလိုက်စားသူများထက် သာလွန်သော ကျန်းမာရေး
ရှိခြင်း စသည်တို့သာ ကွာခြားမှုရှိပါ၏။

အသိဉာဏ်အားဖြင့်လည်း လူတို့တွင် တူညီ
သော အသိဉာဏ်ရှိ၍ တစ်ဦးနှင့် တစ်ဦး ကွာခြားမှုမှာ
မိမိတို့ထံတွင်ရှိသော ဝိရိယ အနည်းအများ၊ အကြံ
အစည် အနည်းအများ၊ တွေးခေါ်မှု၊ လောဘ ဒေါသ
မာနတရားတို့အနည်းအများ ရှိမှု၊ မရှိမှု၊ ထိန်းချုပ်
နိုင်မှု၊ မထိန်းချုပ်မှု၊ လေ့လာခွင့် ရမှု၊ မရမှု စသည်တို့
သာ ကွာခြားမှုများရှိပါ၏။ သဘာဝတရားက ပေးအပ်
ထားသော အရာများသည် များစွာမကွာကြပါ။

တစ်ဖန် လူ့အဖွဲ့အစည်းအတွင်း၌ လူတို့
နေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၆၀၀၀ ကျော်ခဲ့
ပြီး ဖြစ်ရာ နှစ်ပေါင်း ၆၀၀၀ ခရီးအတွေ့အကြုံအရ
လူများသည် မိမိတို့ အဖွဲ့အစည်းအတွင်း ဥပဒေများ၊
လူမှုရေး စည်းကမ်းများ၊ ကန့်သတ်ချက်များကို ချမှတ်
၍ တစ်ဦးနှင့် တစ်ဦး၊ မိသားစုတစ်စုနှင့်တစ်စု၊
ရပ်ကွက်တစ်ကွက်နှင့် တစ်ကွက်၊ ရွာတစ်ရွာနှင့် တစ်
ရွာ၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့်တစ်ကျောင်း၊
မြို့တစ်မြို့နှင့် တစ်မြို့၊ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊
ဘာသာတစ်ခုနှင့်တစ်ခု အတူတကွ ကမ္ဘာမြေပေါ်တွင်
နေကြရာ တစ်ဦးက တစ်ဦးအပေါ် မတရားလုပ်ပါက
မည်သူမျှ ကြာရှည် ငုံ့ခံနေကြမည် မဟုတ်။ လူတို့သည်
ခုခံပိုင်း၊ စိတ်ပိုင်းဆိုင်ရာတို့အရ တုံ့ပြန်မှုများရှိ၏။
ထို တုံ့ပြန်မှုများသည် ထိရောက်မှုလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်ကို မိမိ တရားစီရင်

လူလောကတွင် လူ၌ အသိတရားရှိရာ လောဘ ဒေါသ မောဟကြောင့် အမှားများကို လုပ်မိသော် ဘယ်ဟာမှားသည်၊ ဘယ်ဟာမှန်သည်ကို မိမိ ဘာသာ မိမိလည်း သိ၏။ အမှားတစ်ရပ်ကို ပြုလုပ်ခဲ့သော်လည်း ထိုအရာကို အမှား ဖြစ်ကြောင်း မိမိဘာသာ မိမိသိ၏။ ထိုအသိတရားသည် မိမိအား အစဉ် သတိပေးနေရာ အမှားလုပ်သူ၏စိတ်သည် ညစ်ထေးမှုရှိနေပြီး ထိုအမှားကို လုပ်မိသောဒဏ်ကြောင့် မိမိ၏ အသိတရားက (မသိစိတ်ဖြင့်) မိမိကိုယ်မိမိ တရားစီရင်နေသည်ကို ခံရစမြဲ ဖြစ်ပါ၏။

လူ့သမိုင်းတွင် ကျွန်ပိုင်ရှင်ခေတ်ဟူသော မတရားသည့် ခေတ်ကြီး၊ စနစ်ကြီးပေါ်ခဲ့၏။ ထိုစနစ်အောက်တွင် လူအချို့ကို ကျွန်ဖြစ်စေ၍ အချို့ကို သခင်အဖြစ် ဖန်တီးခဲ့သယောင် ပြောဆိုမှုများပြုလုပ်၍ တင်းကျပ်စွာ အုပ်ချုပ်ခဲ့သော်လည်း ကျွန်စနစ်ကို လူသားတို့သည် အပြီးတိုင်ဖြုတ်ချကာ ကျွန်စနစ်ထက် ပိုမိုလိုက်လျောညီထွေဖြစ်သည့် လူနေမှုစနစ်တစ်ရပ်ကို ဖန်တီးခဲ့ကြ၏။

အလားတူပင် မတရားသော မြေပိုင်ရှင် ခေတ်၊ ပဒေသရာဇ်၊ အရင်းရှင်၊ ငွေရှင်ခေတ်များကို လည်း လူသားတို့သည် တရားမျှတသော စနစ်အဖြစ် လက်မခံဘဲ ဖြုတ်ချခဲ့ရာ ကျွန်ပိုင်ရှင်များ၊ မြေပိုင်ရှင်များ ပဒေသရာဇ်များ၊ ငွေရှင်များသည် မိမိတို့ ပြုလုပ်ခဲ့ကြသည့်အတိုင်း ခံစားခဲ့ကြရ၏။ ထိုသူတို့သည် လူ့သမိုင်းတွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ကြရ၏။

ဟစ်တလာ ဒဏ်ခတ်ခံခဲ့ရ

အလားတူပင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဟစ်တလာသည် သူမတူသော အောင်ပွဲများဖြင့် ဥရောပတွင် အောင်ပွဲများကို ခံယူကာ ဥရောပလူထုအား ရက်စက်စွာ သတ်ဖြတ်ခဲ့၏။ ထိုအခါ လူများ၏ အမုန်းတရားကို ဟစ်တလာ ခံစားခဲ့ရ၏။ မိမိအား အခြားသူများက မော်၍ မကြည့်ဝံ့သည့်တိုင် မုန်းနေသည်ဟူသော အသိတရားသည် မိမိဦးနှောက်အတွင်း၌ မိမိဘာသာ ပဋိပက္ခဖြစ်၍ အလွဲတရား၊ အမှားတရားများကို ဆောင်ရွက်မိပြီး နောက်ဆုံး ဟစ်တလာသည် စစ်ရှုံး၍ အစားပေး နိဂ္ဂါမတရား၏ တရားစီရင်မှုကို ခံစားခဲ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အလားတူပင် လူရပ် လူ့ရွာတွင် လောဘကြီးသော သူဌေးကြီးတစ်ဦး ဒုက္ခရောက်သွားပုံ၊ မတရားပြုလုပ်သည့် သူကြီး၊ မတရားပြုလုပ်သည့် အကြီးအကဲများ အစားပေး နိယာမတရား၏ တရားစီရင်မှုကို ခံခဲ့ကြသည့်သာဓကများကျွန်တော်တို့ တွေ့မြင်နေကြရပါ၏။

လူ့သမိုင်း

အစားပေး နိယာမတရားသည် အလွန်မှလည်း သိမ်မွေ့လှပါ၏။ ဤလောက မြေကမ္ဘာတွင် ယနေ့ အသက်ရှင်နေသော ကျွန်တော်တို့ လူသားများသည် အလွန်နောက်ကျမှ ရောက်လာခဲ့ခြင်း ဖြစ်၏။ ရှေးဦး လူသားတို့သည် လူ့သမိုင်းရာဇဝင်တွင် သဘာဝတရားကြီးများဖြင့် ရင်ဆိုင်ခဲ့ရ၏။ ကမ္ဘာမြေပေါ်တွင် မိုးများရွာခြင်း၊ မုန်တိုင်းများ ကျခြင်း၊ မိုးကြိုးပစ်ခြင်း၊ သားရဲတိရစ္ဆာန်တို့ သောင်းကျန်ခြင်း စသည့် ကိစ္စများကို ကမ္ဘာ့လူသားများသည် ကမ္ဘာဦးအစမှစ၍ မည်သို့မည်ပုံ ခုခံကာကွယ်ရမည်ကို ရာစုနှစ်ပေါင်းများစွာ အနာခံ၊ အသေခံ၊ အဆင်းရဲခံကာ အဖြေထုတ်ခဲ့ကြ၏။ ထိုသို့ အဖြေထုတ်ရင်း စောစောပိုင်းလူသားတို့၏ ကျေးဇူးကြောင့်

* လမ်းတံတားခင်းသည့် အတတ်ပညာ၊
* ဆည်မြောင်းတာတမံ ဆောက်လုပ်သည့် နည်း၊
* တိရစ္ဆာန် သားရဲတို့အား ကာကွယ်သည့် စနစ်၊
* မိုးကြိုးပစ်ခြင်းကို မည်သို့ကာကွယ်ရမည်ဟူသော အကြောင်းတရား၊
* ရောဂါဖြစ်ပွားရခြင်းအကြောင်း
* ပင်နီစလင်နှင့် အခြားသော အစွမ်းထက်သည့် ဆေးဝါးများ၊
* လျှပ်စစ်မီး၊
* သံလိုက်ကိရိယာ၊
* စက်အမျိုးမျိုး၊
* ယာဉ်အမျိုးမျိုး၊
* ကောင်းကင်၌ ပျံသန်းနေသော လေယာဉ်ကြီးများ၊
* ရေခဲသေတ္တာ၊
* တီဗွီ၊ ဗီဒီယိုမှအစ မြောက်မြားစွာသော လူအသုံးအဆောင် ပစ္စည်းများ၊
* အထည်အလိပ်များ၊
* နေစရာအိမ်များ၊ အခန်းများ၊ အိုတယ်များ၊

www.burmeseclassic.com

www.burmeseclassic.com

* ဈေးတန်း ဈေးဆိုင်ကြီးများ၊
* စာပေ၊ စာအုပ်နှင့် သတင်းစာ၊
* တရားဥပဒေများ၊
* ဆင်ခြင်တုံတရား၊
* လူအချင်းချင်း ဆက်သွယ်သည့် နည်းစနစ်များ၊
* ကွန်ပျူတာ၊
* ဖက် (စ)၊
* တယ်လီဖုန်း၊

အစရှိသော လူတို့နှင့်မကင်းရာ မကင်းကြောင်း ပညာရပ်များကို ရှေးဦးလူသားတို့သည် တစ်ဆင့်ပြီး တစ်ဆင့် သုတေသနလုပ် ဆည်းပူးရှာဖွေကာ ယနေ့ လူဘုံ လူရွာ လူကမ္ဘာကို လူသားတို့သည် မိမိတို့ စွမ်းပကားဖြင့် ထူထောင်ထားခြင်း ဖြစ်ပါ၏။

စာပေသည် ပုဂ္ဂလိက မဟုတ်

ထို့ကြောင့် မြန်မာစာပေကို ကြည့်ရှုပါက ပျူခေတ်၊ ပုဂံခေတ်မှစ၍ ထိုခေတ် ထိုအခါက အသက်ရှင်ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများသည် ရရာ တုတ်ချောင်း၊ သံချောင်းတို့ဖြင့် ရေးမှတ်၍ စာပေတို့ တီထွင်ခဲ့ခြင်း ဖြစ်ပါ၏။ ထိုမှတစ်ဆင့် အင်း ဝခေတ်

ကုန်းဘောင်ခေတ်· စသည်ဖြင့် တစ်ခေတ်ပြီး တစ်ခေတ်ကျော်ဖြတ်ကာ ကျွန်တော်တို့၏ ခေတ်ကာလသို့ ရောက်ရှိလာရာ ကျွန်တော်တို့သည် စာမူတစ်ပုဒ်ရေး၍ ကျပ်ငွေ ၁၀၀၀ ရရှိပါက ကျွန်တော်နှင့် ကျွန်တော်မိသားစုအတွက် ၆ဝရာခိုင်နှုန်း နုတ်ယူသုံးစွဲခဲ့ပါလျှင် ၄ဝရာခိုင်နှုန်းသည် ထိုစာပေ ဆက်လက်ရှင်သန်ရေး၊ ထိုစာပေကို အစဉ်အဆက်ပြုစုခဲ့သော လူမျိုး၊ နိုင်ငံတည်တံ့၍ မြန်မာစာပေ တည်တံ့ခိုင်မြဲရေးအတွက် အသုံးပြုပါမှ ထိုအရာသည် မှန်ကန်မည် ဖြစ်ပါ၏။

ငါရေးသောစာမူသည် ငါ့အတွက်ချည်းဟု ဆိုပါက ထိုစာကို မိမိတစ်ဦးတည်း တီထွင်ခဲ့သည်မဟုတ်။ 'က' ဟူသော အက္ခရာ ပေါ်ပေါက်လာရေးအတွက် ရာစုနှစ်ပေါင်းများစွာ ကြာခဲ့သည်ကို ကျွန်တော်တို့ သတိပြုရမည်။

အလားတူပင် ဆေးပညာကိုလေ့လာကြပါစို့။

ဆေးပညာသည် အများပိုင်ပစ္စည်း

ဆေးပညာ၏အစသည် ရှေးဦးလူသားတို့ ဒုက္ခထိုင်မကောင်းပါက အနီးအနားရှိ သစ်ဥ၊ သစ်ဖုများကို ပြုတ်စားဖုတ်စား၊ သစ်ခေါက်များကို ဝေ့ွးလိမ်းကြ

www.burmeseclassic.com

ရာမှ တစ်ခုနှင့်မတည့်၊ တစ်ခုနှင့်တည့်ပြီး ရှည်လျားသောရာစုနှစ်ပေါင်းများစွာတွင် ပလေတို၊ အရစ်တို တယ်အစရှိသော ပုဂ္ဂိုလ်ကြီးများမှအစ ယနေ့ AIDS ရောဂါ၏ အဖြေကို ရှာဖွေနေသော ဆရာဝန်ကြီးများအထိ မြောက်မြားစွာသော သမားတော်ကြီးများသည် မိမိတို့၏ အချိန်၊ မိမိတို့၏ ပျော်ရွှင်မှု၊ မိမိတို့၏ အတွေ့တရားများကို ပေးအပ်ကာ၊ စတေးပစ်ကာ ခေတ်သစ်ဆေးပညာကို ရှာဖွေ ဖော်ထုတ်ခဲ့ခြင်း ဖြစ်၏။

ထိုမျှရှည်လျားသော အားထုတ် စုစည်းထားသည့် ပညာရပ်ကို ခုနစ်နှစ်မျှသာ စာသင်၍ ဆရာဝန်ဖြစ်လာသော ပုဂ္ဂိုလ်တစ်ယောက်က ငါ ခုနစ်နှစ်တောင် ကြိုးစားထားရတာပဲ၊ ငါတတ်သော ဆရာဝန်ပညာဖြင့် ငွေကို နှင့်အောင်ရှာမည်ဟုဆိုလျှင် မှားခြေမည်။ မိမိ ဆရာဝန်ဖြစ်အောင် အသိပညာကို ရှာဖွေသည်မှာ ခုနစ်နှစ်မျှသာ ကြာခဲ့သော်လည်း ခေတ်သစ်ဆေးပညာ၏ သမိုင်းသည် နှစ်ပေါင်း ၆၀၀၀ ကျော်ခဲ့ပြီဖြစ်၍ ထိုပညာကို ပညာရှင်ပေါင်း ခုနစ်သိန်း ခုနစ်သန်းမျှ ကိုယ်ကျိုးစွန့် အနစ်နာခံ ရှာဖွေခဲ့ခြင်းဖြစ်ရာ ဆေးပညာသည် ပုဂ္ဂလိကပိုင် ပစ္စည်းမဟုတ်၊ လူသားတစ်ရပ်လုံးပိုင် ပစ္စည်းဖြစ်သောကြောင့် ဆေးပညာကို တတ်ကျွမ်းသူတစ်ဦးသည် ထိုပညာကို

မိမိအတွက်သာမက အများအကျိုးအတွက်လည်း အသုံးပြုရမည်။ သို့မဟုတ်ပါက အစားပေး နိယာမ သဘောတရား၏ တရားစီရင်မှုကို ခံရမည်။

ပညာတတ်ပါလျှက် အများအကျိုး မဆောင်လျှင်

အလားတူပင် အင်ဂျင်နီယာပညာရပ်၊ ဥပဒေပညာရပ်၊ မိုးလေဝသ ဇလဗေဒ၊ သတ္တုတူးဖော် ခြင်း၊ ရေကြောင်း လေကြောင်း အစရှိသော ယနေ့ ကမ္ဘာပေါ်ရှိ ဝိဇ္ဇာသိပ္ပံ ပညာရပ်အားလုံးသည် ပုဂ္ဂလိကပိုင်မဟုတ်၊ လူသားအားလုံးအတွက် အစဉ် အဆက် ပညာရှင်ကြီး မြောက်မြားစွာက ကိုယ်ကျိုးစွန့် အနစ်နာခံထားခဲ့ရာ ထိုပညာများကို တတ်မြောက်သူမည်သူမဆို ပညာတတ်ဖြစ်ပါက ပညာကို မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အသုံးပြုရမည်။ ထိုသို့ အသုံးမပြုပါက အစားပေးနိယာမတရား Law of Compensation ၏ ဘရားစီရင်မှုကိုခံရမည် ဖြစ်၏။

မစ္စကာ လန်ဝှဒ်၏အဖြစ်ကို ကျွန်တော်တို့ ဖြန်ကြည့်ကြစို့။

ဝှဒ်သည် နာမည်ကြီး တက္ကသိုလ်နှစ်ခု ဆေးပညာနှင့် ဥပဒေပညာတို့ကို သင်ကြားတတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့၏။ ဆရာဝန်ဖြစ်ခဲ့ရုံသာမက ဥပဒေပညာရှင်လည်း ဖြစ်ခဲ့၏။ ဝှဒ်သည် ထိုပညာကို မိမိအတွက်သော်လည်းကောင်း၊ အခြား အများအတွက်လည်းကောင်း အသုံးမပြုဘဲနေခဲ့၏။ မိမိပညာကို အများအတွက် အသုံးမပြုမှုကြောင့် ဝှဒ်သည် အရက်နှင့် အပေါစား မိန်းမများနှင့် ပိုမိုနီးစပ်လာရာက ဘုရား ရှိခိုးကျောင်းဝင်းတစ်ခုတွင် အသေဆိုးနှင့် သေရခြင်း ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ဖူးပါ၏။ အကယ်၍ ဝှဒ်ဘေးတွင် လူနာများနှင့် ကံခေသူ အမှုသည်များ ဝိုင်းနေပါက မိန်းမပေါ်များနှင့် အရက်သည် ဝှဒ်နားသို့ ကပ်ခွင့်ရမည် မဟုတ်ဘဲ ဝှဒ်သည် လူသားအကျိုးပြု ကျေးဇူးရှင်တစ်ဦး အမှန်ဖြစ်လာပေမည်။ မိမိချမ်းသာသောကြောင့်၊ မိဘ အမွေများရထားသောကြောင့် မိမိပညာကို ငွေအကျိုးငှာ အသုံးမပြုသည့်တိုင် ပညာဟူသမျှတွင် သစ္စာတရား တည်ရှိနေသောကြောင့် ပညာရှင်တိုင်းသည် ပညာကို မိမိအတွက်သော်လည်းကောင်း၊ အများအတွက်သော်လည်းကောင်း မလွဲမသွေ အသုံးပြုရမည်။ ဥပဒေပညာရှင်များသည် ဥပဒေပညာကို သင်ကြားပြီး ဥပဒေနှင့်အညီ မပြုလုပ်ဘဲ ငွေကြေး အဓိကထား ဆောင်ရွက်ပါက အစားပေး နိယာမ တရား၏ တရားစီရင်မှုကို မလွဲအသွေ ခံရမည်။ မိမိတ

မတရားသဖြင့် တရားစီရင်ခြင်း၊ မတရားသဖြင့် *လျော်ကန်ပေးခြင်းအတွက် Law of Compensation* က ထိုသူအား တရားနှင့်အညီ စီရင်မှုကို တမလွန်ဘဝတွင်ပင် မုချခံစားရမည်။ မကြောက်ရွံ့သူများ လုပ်ဆောင်ကြည့်ကြရန်သာ ရှိပါ၏။

မိမိတတ်ထားသော ဥပဒေပညာဖြင့် အမှန်တရားအား သွေဖည်အောင် ပြုလုပ်မည်၊ မိမိထုတ်လုပ်သော ပစ္စည်းကို အမျိုးအစားမမှန် ပြုလုပ်မည်စသည်ဖြင့် ပညာဖြင့် မကောင်းမှုပြုသူများ၏ အကျိုးဆက်သည် အမှန်ပင် ပိုမို၍ ဆိုးဝါးလှ၏။ ထိုသူတို့သည် မိမိကိုယ်တိုင်က ပညာတတ်ဖြစ်ပါလျက် ပညာကို မကောင်းမှုတွင် အသုံးပြုသဖြင့် လူ့သမိုင်းအပေါ် ကျေးဇူးကန်းရာ ကျသောကြောင့် အစားပေး နိယာမတရား၏ ပိုမိုတိကျသော တရားစီရင်မှုကို ခံကြရပေမည်။ မြန်မာနိုင်ငံတွင် အရှက်ရ၍ မိမိကိုယ်မိမိ အသက်အဆုံးစီရင်သွားသော ဆေးပညာရှင် အကျော်အမော်များရှိပါသည်။ ထိုသူတို့သည် အစားပေး နိယာမတရား၏ တရားစီရင်မှုကို ခံကြရခြင်း ဖြစ်ပါ၏။

ဒေါက်တာ နော်မန်ဗက်သွန်

ဒေါက်တာနော်မန်ဗက်သွန်သည် ဥရောပတိုက်တွင် ဆရာဝန်ဖြစ်၍ အမေရိကတိုက်လွှင့် ဆေး

www.burmeseclassic.com

www.burmeseclassic.com

ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရာမှ အကြောင်းအားလျော်စွာ တရုတ်ပြည်သို့ ရောက်ရှိသွားခဲ့၏။ တရုတ်ပြည်သို့ ရောက်ရှိသွားချိန်တွင် ဒေါက်တာနော်မန်ဗက်သွန်သည် သူလိုငါလို ဆရာဝန်လေးသာ ဖြစ်ပါ၏။ သို့သော် ဒေါက်တာ နော်မန်ဗက်သွန်သည် တရုတ်ပြည်တွင် ဂျပန်တို့၏ ကျူးကျော်စစ်နှင့် ကြုံတွေ့ရသောအခါ စစ်မြေပြင်တွင် ဒဏ်ရာရရှိသော တရုတ်တပ်နီတော်မှ တပ်သားများ၊ ဆင်းရဲ သား ပြည်သူများ၊ မိုးထိလုနီးရှိသော တောင်တန်းများပေါ်မှ တရုတ်များသည် သူနှင့် ဆွေလည်းမတော်၊ မျိုးလည်းမစပ်၊ သူ့ဘဝတွင် တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးသော်လည်း ၎င်းတို့အား မိမိတတ်သော ဆေးပညာဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ငွေကြေးတစ်ပြားတစ်ချပ်မျှ မယူဘဲ မိမိ၏ အသက်ကိုပေး၍ ဆေးဝါးကုသ ပေးခဲ့၏။

ဒေါက်တာနော်မန်ဗက်သွန်သည် တရုတ်ပြည်တွင် ခြေလျင်ခရီး မိုင်ပေါင်းများစွာကို ဖိနပ်မပါဘဲ ဦးထုပ်မရှိဘဲ မိုးများ၊ နှင်းများ၊ ရွှံ့ဗွက်များအတွင်း၌ လျှောက်ခဲ့ပြီး တိုက်ပွဲတွင် ဒဏ်ရာရလာသော စစ်သည်များစွာ၏ အသက်ကို ကယ်ခဲ့၏။ ၎င်းတို့ သတ်သာရာ သက်သာကြောင်းများကို ဖန်တီးပေးခဲ့၏။ ထို့ကြောင့် ယခုအခါ အဒေါက်တာနော်မန်ဗက်သွန်ဟူသော နာမည်သည် လူသိမိုင်းတွင် ကျန်ရစ်ခဲ့ပြီး

တရုတ်ပြည်၌ ၂နှစ်ဟူသော ကာလအတွင်း ကိုယ်ကျိုးစွန့် အသက်ပေး ဆောင်ရွက်ခဲ့သော ဒေါက်တာနော်မန်ဗက်သွန်အား တရုတ်ပြည်သူ တစ်ရပ်လုံး ကသာမက တစ်ကမ္ဘာလုံးမှ လူသားများက သူ့အား မေ့မျောက်ခြင်းမရှိဘဲ ယနေ့ထက်တိုင် နိုဝင်ဘာလ ၁၃ ရက်နေ့သို့ ရောက်ရှိပါက နော်မန်ဗက်သွန် အထိမ်းအမှတ်နေ့ကို ကျင်းပကြပါ၏။ ၁၉၃၉ခု၊ နိုဝင်ဘာလ ၁၃ရက်နေ့တွင် တရုတ်ပြည်၏ တောင်တန်းများပေါ်၌ ဒေါက်တာမန်ဗက်သွန် ကွယ်လွန်ခဲ့သည်။

ထိုနေ့ရောက်တိုင်း နှစ်စဉ် သန်းပေါင်း တစ်ထောင်ကျော်သော တရုတ်ပြည်သူတို့သည် နော်မန်ဗက်သွန်အား သတိရသောအနေဖြင့် ရှန်ဟဲမှ တိဗက်အထိ၊ ကန်တုံမှ တရုတ်ပြည် မဟာတံတိုင်းကြီး အထိ တရုတ်ပြည်တစ်ခွင်တစ်ပြင်တွင် မူလတန်းကျောင်းသားလေးမှသည် တရုတ်ခေါင်းဆောင်ကြီးများ အထိ အခြားသော လုပ်ငန်းများကိုရပ်တန့်ကာ နော်မန်ဗက်သွန်အမှတ်တရနေ့တွင် ပါဝင် ဂုဏ်ပြုနေကြ၏။

ထိုအရာသည် မိမိ၏ပညာကို အများအတွက်၊ ဆင်းရဲဒုက္ခ ရောက်နေရရှာသော ဝေဒနာရှင်များအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သောကြောင့် အစားပေးနိယာမတရားက ကြီးမားစွာ ဂုဏ်ပြုခြင်းတမ်းတင်မှု တစ်ရပ် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

အတုံ့အလှည့်
THE LAW OF COMPENSATION

အစားပေးနိယာမတရား

အစားပေး နိယာမတရားသည် လူသားတို့၏ လုပ်ရပ်အားလုံးကို အမြဲတစေ စောင့်ကြည့်နေသည်။ အနှိပ်စက်ခံရသူကို အစားပေးနိယာမတရားက ချက်ချင်း (သို့မဟုတ်) အချိန်ယူ၍ အစားပြန်ပေးစေသည်။ နှိပ်စက်သူကို အစားပေး နိယာမတရားက ဒဏ်ခတ်တတ်သည်။ ကိုယ်ကျိုးမဖက် ဆောင်ရွက်သူကို ဤနိယာမတရားက ကောင်းကင်ဘုံသို့ ချက်ချင်း သို့မဟုတ် အချိန်ယူ၍ ဆောင်ရွက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မတရားပြုမူသူ၊ မတရား ကျင့်ကြံသူ၊ နိုင်ထက်စီးနင်း လုပ်ဆောင်သူတို့သည် ဤနိယာမ တရား၏ တရားစီရင်မှုကို ချက်ချင်း သို့မဟုတ် အချိန်ကာလ ကွာဟ၍ ခံစားကြရ၏။

လောကနိယာမတရား၏ တရားကို ယ်သ ဘောမှာ ဘယ်အရာမဆို တန်ရာတန်ကြေးပေးရ သည်။ တန်ရာတန်ကြေး ယူရသည်။ တန်ရာ တန် ကြေး မပေးသူ၊ တန်ရာ တန်ကြေးထက် ပိုယူသူ တို့ သည် အစားပေး နိယာမတရား၏ တရားစီရင်မှုကို ခံကြရသည်။

The Law of Compensation ဟူသော စကားလုံးကို ကျွန်တော်သည် **Tom Vallicte** ၏စာ အုပ်များထဲမှ ရရှိခဲ့ပြီး မှန်ကန်သော နိယာမတရား တစ်ခု၊ သိအိုရီတစ်ခုအနေဖြင့်၊ ဖော်မြူလာညီမျှခြင်း အနေဖြင့် ကျွန်တော်၏ စာအုပ်များထဲတွင် ရေးသား ခဲ့သည်။

အစားပေး နိယာမတရားနှင့် ပတ်သက်၍ ဂွမြို့နယ်၊ ရဟိုင်းကွင်းမှ ဦးမောင်မောင်ကြီးနှင့် ဦးကံမြင့် တို့ထံမှ စာရေး၍ မေးမြန်းခဲ့သည်။ အစား ပေးနိယာမတရားဆိုတာ 'ကံတရား'ကို ခေါ်တာလား။ 'ဘုရားသခင်ရဲ့ ဖန်ဆင်းမှုတရားလား' ဟုမေးပါ၏။ အစားပေးနိယာမတရားသည် 'ကံတရား' ဟုခေါ်လျှင်

လည်းရသည်။ သို့သော် ထိုကိစ္စသည် ကံ တရား၏ အကျိုးပေးဖြစ်၏။

ကျွန်တော်တို့ ယေဒယ်တုန်းက နယူတန်၏ **Law of Motion** ကို သင်ရသည်။ သတိရသမျှပြော ရလျှင် **To every action there is an equal and opposite reaction** ဆိုသော ဥပဒေသ သဘော လည်း **Law of Compensation** တွင် ပါဝင်နေပါ ၏။

အစားပေးနိယာမတရား၏ အဓိကပင်ကို သဘောမှာ 'စေတနာသည် ကံတရား' ဖြစ်သည်။

လူတို့သည် စေတနာအတိုင်း အကျိုးပေးနေ ကြခြင်းဖြစ်သည်။ ဤသည်ကို အစားပေးနိယာမ တရားဟု အမည်ပေးထားခြင်း ဖြစ်၏။ ဤကိစ္စသည် သဘာဝတရား ဖြစ်သည်။ သဘာဝတရားက မျှတ အောင် စီမံထားမှုတစ်ရပ်လည်း ဖြစ်၏။

သဘာဝတရားသည် ဤဘဝတွင် အသက် ရှင်နေနိုင်ရန် လူတိုင်း၊ သတ္တဝါတိုင်းအား တစ်စုံတစ် ရာ ပေးအပ်ထားခဲ့သည်။

သမင်အား အပြေးသန်သော ခြေထောက် များပေးထားသလို ကျား ခြင်္သေ့တို့အားလည်း ခွန်အား ကို ပေးထား၏။ ကြွက်ကိုလည်း သူဘဝ ရှင်သန်စေရန်

www.burmeseclassic.com

www.burmeseclassic.com

ကြွက်သတ္တိ၊ ကြောင်ကိုလည်း ကြောင်ဘဝရှင်သန်စေရန် ကြောင်သတ္တိ ပေးထား၏။

လူများသည် အရပ်အမောင်း အရွယ်အစားအားဖြင့် တစ်ဦးနှင့်တစ်ဦး မကွာကြပါ။ ဦးနှောက် အရွယ်အစားနှင့် အလေးချိန်မှာလည်း အတူတူပင် ဖြစ်ရာ တစ်ဦးကို တစ်ဦးကကျော်မည်၊ အမြတ်ထုတ်မည်၊ အနိုင်ကျင့်မည် ဆိုပါက အခြားသူတစ်ဦးကလည်း ငုံ့ခံမည်မဟုတ်။

လူတွင် တစ်ဦးက ခွန်အားကြီးသော်လည်း တစ်ဦးက ညာဏ်ပညာကြီးပေမည်။ တစ်ဦးက ဥစ္စာမနရှိသော် အခြား တစ်ဦးထံတွင် ဝီရိယ၊ ဇွဲ၊ သတ္တိတို့ရှိကြမည်။ ဤကဲ့သို့ ကိုယ့်အစွမ်းအစနှင့် ကိုယ်ရှိနေသော လောကတွင် တစ်ဦးက တစ်ဦးအပေါ် ငွေဖြင့်သော်လည်းကောင်း၊ ခွန်အားဖြင့်သော်လည်းကောင်း အစဉ်အနိုင်ယူ၍ မရနိုင်ပါ။

တစ်ဖန် လူတို့သည် တစ်ဦးနှင့်တစ်ဦး ကမ္ဘာဦးအစက ခြေနှင့်၊ လက်အမှတ်အသားများနှင့် ဆက်သွယ်ကြသည်။ ထို့နောက် စကားပြော၍ ဆက်သွယ်သည်။ စာအရေးအသား ပေါ်ပေါက်လာသောအခါ စာနှင့် ပေနှင့် ဆက်သွယ်ကြသည်။ ထို့နောက် တယ်လီဖုန်း၊ တယ်လီပေးရှင်း၊ တယ်လီပရင်တာ၊ ရေဒီယို

ဒီဒီယို၊ ဖက် (စ်)၊ အင်တာနက် စသည်တို့ဖြင့် ဆက်သွယ်လာကြသောအခါ တစ်ဦး၏ ကောင်းသတင်း၊ မကောင်းသတင်းကို တစ်ဦးက ချက်ချင်း သိလာကြသည်။ ထိုအခါ မကောင်းမှုများ၊ မတရားမှုများကို တစ်ဦးအပေါ် တစ်ဦးက ထင်သလိုမလုပ်နိုင်အောင် ထိန်းချုပ်မှုများ ရှိလာခဲ့၏။

ဤ ထိန်းချုပ်မှုများ၊ သတင်းများ၊ သဘာဝတရားက ပေးအပ်ထားသော စွမ်းပကား၊ လူမစွမ်းနတ်မမှုများကြောင့် 'အစားပေးနိယာမတရား' သည် လူ့လောကနယ်ပယ်တွင် အလိုလို တည်ရှိ ပေါ်ပေါက်လာတော့သည်။

အစားပေး နိယာမဟု ယခုအခါ ကျွန်တော်တို့က ကြီးကျယ်ခံ့ညားသော စကားလုံးများကို အသုံးပြုနေခဲ့သော်လည်း ထိုနိယာမတရား ဤလောကနယ်ပယ်တွင် တည်ရှိနေသည်မှာ ဤကမ္ဘာလောက၏ အစကတည်းကပင် ဖြစ်ပါ၏။

Law of Compensation အကြောင်းကို ပြောလျှင် ကျွန်တော်အဘွား ဒေါ်သင်းထုံကို သတိရသည်။ အဘွားက စာမတတ်။ သို့သော် ဘဝအကြောင်း၊ လောကအကြောင်း ကောင်းကောင်း သိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အဘွားက အတုံ့အလှည့် ဟူသော စကား မကြာခဏ ပြောဖူး၏။

တစ်ခါက ရွာတွင် ကျွန်တော့်ထက် ကြီးသော ကျောင်းသားတစ်ဦးက ကျွန်တော့်အား လက်သီးနှင့် ထိုး၏။ ကျွန်တော်သည် နားလည်းနာ၊ ဒေါသလည်း ဖြစ်ရုံသာမက ရှက်စိတ်၊ သိမ်ငယ်စိတ်ဖြင့် မခံမရပ် နိုင်အောင် ဖြစ်ပါ၏။ ထိုစဉ် ထိုသူကို လက်စားချေလို စိတ်က အရှူးအမူးဖြစ်မိ၏။ ကျွန်တော်တို့သည် ဘုန်း ကြီးကျောင်းတွင် လေ့ဖြင့် ဆွမ်းခံထွက်ရသည်။ တစ်ပတ်တစ်ခါ ကျောင်းခြံကို ရှင်းရသည်။ လေ့ဖြင့် သွားစဉ်၌ လည်းကောင်း၊ ခြံရှင်းစဉ် အခါ၌ လည်း ကောင်း လက်ဦးမှုယူကာ ထိုသူကို လက်စားချေရန် အခွင့်အလမ်းကို ကျွန်တော် အမြဲ စောင့်နေခဲ့၏။

ကစ်နေ့တွင် အဘွားထံမှ မုန့်ဖိုးတောင်းရင်း ထိုအကြောင်းကို အဘွားအား ပြောပြလိုက်၏။ ထိုအခါ အဘွားက ထိတ်ထိတ်ပျာပျာနှင့် 'ငါ့မြေး ကလဲစားချေတယ်ဆိုတာ မကောင်းဘူး၊ ဘုရားလဲ မကြိုက်ဘူး၊ သမင်ကို ကျားကစား၊ သမင်က ကျားဖြစ်၊ ကျားဖြစ်လာတဲ့ သမင်က သမင်ဖြစ်လာတဲ့ ကျားကို စား၊ အတုံ့အလှည့်ဆိုတာ မဆုံးဘူး ငါ့မြေး၊ ငါ့မြေးကို ဖိုးခွေးသားက ထိုးတယ်၊ ထိုးပြီးပြီပဲ၊ အစကတည်းက

မထိုးဖြစ်အောင် နေဖို့လိုတာပေါ့၊ ထိုးကြ၊ ခိုက်ရန်ဖြစ် ကြပြီးရင် အတုံ့အလှည့်မယူကြနဲ့၊ ကောင်းတဲ့ လုပ်ရပ် တွေဟာ ကောင်းကျိုးတွေကို ရစေပြီး မကောင်းတဲ့ဆိုး တဲ့ လုပ်ရပ်တွေဟာ ဆိုးဝါးတဲ့ အကျိုးတွေကို ရစေ တယ်" ဟု အဘွားက ဆို၏။

တကယ်တော့ အဘွား၏ အတုံ့အလှည့်မရှိ ရေး၊ ငြိမ်းချမ်းရေးဝါဒကို မှန်သည်ဟု ကျွန်တော်မယူ ဆပါ။ စိုးရိမ်ပူပန်မှု သောကများ လွန်ကဲသော အရှုံး ပေးဝါဒတစ်ရပ်အဖြစ်သာ ထင်မှတ်ခဲ့၏။

" ငါ့မြေး . . . . ၊ ကောင်းတဲ့ လုပ်ရပ်တိုင်း ဟာ တစ်နေ့ ငါ့မြေးဆီကိုပြန်ရောက်လာမှာပဲ၊ ငါ့မြေး လုပ်လိုက်တဲ့ မကောင်းတဲ့ လုပ်ရပ်တိုင်းဟာလဲပဲ သားဆီကို ပြန်ရောက်လာမယ်" ဟုလည်း အဘွားက ဆိုတတ်သည်။

ကျွန်တော်သည် ယခုအသက် ၆၀နီးပါး ရောက်မှ အဘွားအသက် ၇၀ က ပြောခဲ့ဖူးသော စကားများ၏ ပညာသား အဓိပ္ပါယ်ကို နားလည်လာ ခဲ့၏။ အခု တော့ အဘွားလည်းမရှိတော့ပါ။ အဘွား ကွယ်လွန်ခဲ့သည်မှာလည်း ကြာပြီ။

အဘွား မကွယ်လွန်မီက ဖြစ်ရပ်တစ်ခုကို ကျွန်တော် သတိရနေမိ၏။ အဘွားက တစ်နေ့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်နေသော ရန်ကုန်သို့ လိုက်လာသည်။ အဘွားဆေးလာကုခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်က အဘွားကို ဆေးခန်းသို့ ပြပေးသည်။ ကျွန်တော်ကိုယ်တိုင် ထမင်း ဟင်း ချက်ကျွေး၏။ တစ်နေ့တွင် ကျွန်တော်က အိမ်ပြန်နောက်ကျ၍ အိမ်ရောက်ရောက်ချင်း ထမင်းစားနိုင်ရန် မြို့ထဲမှပင် ထမင်းနှင့် ကြက်သားကြော်၊ ပဲကြီးနှပ် ဝယ်လာ၏။

အိမ်အပြန်နောက်ကျတတ်သော ကျွန်တော့်အတွက် ထမင်းကြိုတင်မချက်ထားနိုင်သောကြောင့် အဘွား ဝမ်းနည်းနေဟန် ဖြစ်နေ၏။ အဘွားတွင် ထမင်း ချက်နိုင်လောက်အောင် ခွန်အားများ မရှိရှာပေ။

ကျွန်တော်က 'အဘွား ကိစ္စမရှိပါဘူး၊ မြို့ထဲက ထမင်းရော ဟင်းရော ကျွန်တော် ဝယ်လာတယ်' ဟုဆိုကာ ကျွန်တော်နှင့် အဘွား ညနေစာစားရန်ပြင်ကြ၏။

ထမင်းဝိုင်းပြင်ပြီးတော့ အဘွား၏ ထမင်းများထဲသို့ ပဲကြီးနှပ်နှင့် ကြက်သားတစ်ဖတ် ဦးချလိုက်၏။ ဦးချပြီးတော့ ကျွန်တော်က ဆာဆာနှင့် ထမင်းနှင့် ဟင်းကို ပလုပ်ပလောင်း စား၏။

အဘွားကတော့ ပဲကြီးနှပ်လေးနှင့် မြို့ဝါးနေ

၏။ အဘွား၏ ထမင်းပန်းကန်ထဲကို ကြည့် လိုက်တော့ ကြက်သားတုံးက ပုံမပျက်သေးပါ။ ထိုအခါမှပင် ဤမျှကြီးသော ကြက်သားတုံးကို အဘွား မစားနိုင်ကြောင်းသိ၍ အဘွားထမင်းပန်းကန်ထဲမှ ကြက်သားတုံးကို ယူကာ အရေပြားများကို ဖယ်ပြီး အသားများကို ကျွန်တော် နွာပေးရ၏။ အဘွားအတွက် အမျှင်လေးများဖြစ်အောင် ကြက်သားကို မျှင်ပေးသည်။ ထိုအခါမှ အဘွားက ကြက်သားမျှင်လေးများကို တစ်စချင်းယူစားသည်။ အဘွားစားနေပုံ ကို ကြည့်၍ အဘွား၌ ခွန်အားများ အဆမတန်နည်းနေပြီကို ကျွန်တော် သိလိုက်၏။

ထိုအခါ ဟိုးအရင် အနှစ်၃၀ ကျော် ၄၀ရွာမှာ နေတုန်းက ဖြစ်ရပ်ကလေးကိုကျွန်တော် သတိရလာ၏။ထိုစဉ်က ကျွန်တော်က နာလန်ထစ။ ထို့ကြောင့် ထမင်းမစားရသေးဘဲ ဆန်ပြုတ်သာ သောက်ရသည်။ အဘွားက ဆန်ပြုတ်ကို ကြက်သားနှင့် ပြုတ် ပေးရင်း ယခုလိုပင် ကျွန်တော့်အား ကြက်သားဖတ် လေးများကို မျှင်၍ ခွံ့ကျွေးသည်။ ထိုဖြစ်ရပ်လေးကို သတိရပြီး ကျွန်တော် ထမင်းစားနေသည်ကိုရပ်၍ အဘွားကို ထမင်းခွံ့ပေးရန် ကြိုးစားသည်။ အဘွားလည်း ထိုဖြစ်ရပ်လေးကို ပြန်၍ သတိရဟန်တူသည်။

ကျွန်တော်သည် အဘွား၏ အားနည်းလာမှု

www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်ပြီး မျက်ရည်များစိုလာ၏။ လွန်ခဲ့သော အနှစ် ၃၀ ကျော် ၄၀မှ ဖြစ်ရပ်လေးများသည် အခုတော့ အတွံ့အလှည့် ဖြစ်ရပြီ။

အဘွားပြောသော အတွံ့အလှည့်ဆိုသော စကားကို ကျွန်တော် နားလည်ခဲ့၏။ အဘွားပြောတာ မှန်ပါသည်။ ကျွန်တော်တို့သည် စိုက်သည့်အတိုင်း ရိတ်သိမ်းရတာချည်း ဖြစ်၏။

အဘွား၏ ဩဝါဒက "ငါ့ မြေး . . . ငါမြေး လုပ်တဲ့လုပ်ရပ်ဟာ တစ်နေ့ သားဆီကို အဲဒီအတိုင်း ပြန်ရောက်လာတတ်တယ်" ပင် ဖြစ်သည်။

ကျွန်တော်တို့ စာကြိုး ပေကြိုးများဖြင့် ဥပဒေသများ ထုတ်ကာ Law of Compensation ဟူ၍ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် နိယာမတရားကြီးအဖြစ် ကျွန်တော်တင်ပြ ဟောကြားလေ့ရှိသော ဤအရာသည် အဘွား၏ အတွံ့အလှည့်တရားပင်ဖြစ်ပါ၏။

ကျွန်တော်ငယ်စဉ် ဘုန်းကြီး ကျောင်းသားဘဝက ကျွန်တော်အား ဝိုလ်ကျ အနိုင်ကျင့်ခဲ့သော ထိုသူငယ်ချင်းကို မကြာမီ သူ့ထက် ကြီးသော ကျောင်းသားများက တစ်ကြိမ်တွင် ဝိုင်း၍ ထိုးကြသဖြင့် သူ မျက်လုံးဖူးယောင် ဒဏ်ရာရခဲ့သည့်ဒဏ်မှာ ယနေ့ထိ မပျောက်တော့ပါ။

အခန်း (၁၄)

မိတ်ဖက်နှင့် ဝင့်ဖက်

ဆရာမောင်သိန်းဆိုင်တစ်ယောက် စာမရေးဘာ ကြာပါပြီ။

ပြီးခဲ့တဲ့ စာပေရာသီတုန်းကတော့ သူ့ကို အိမ်မှာအတင်းသွားခေါ်ပြီး ဆင်မလိုက်သဘော်ကျင်းက စာ ပေဟောပြောပွဲများမှာ ဟောပြောပေးဖို့ မေတ္တာရပ်ခံ ပြီး စင်ပါတင်ပေးရပါတယ်။ စင်နဲ့ကင်းနေတော့ ပထမတော့ ဆရာက အင်တင်တင်ဆိုး ဆို။ စင်ပေါ်လဲ ရောက်ရော တစ်နာရီလောက်ထိ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ရှည်လက်ရှည် ဟောပစ်လိုက်ပါတယ်။ ကျွန်တော်က ဆရာမောင်သိန်းဆိုင် ဘာတွေများဟောမလဲ၊ သူဟောတာနဲ့ သူ့နောက်ကဟောမယ့် ကျွန်တော် ဟောတာ မထပ်ရအောင်၊ ဆန့်ကျင်ဘက် မဖြစ်အောင် သူဟောတာတွေကို နား စိုက်ထောင်ရပါတယ်။

ဆရာမောင်သိန်းဆိုင်က သူ စာတစ်ပုဒ် ဖတ်ဖူးတယ်။ အဲဒီစာမှာဘာရေးထားသလဲဆိုတော့ **"ဝဋ်ဖက်မဖြစ်ကြနဲ့၊ မိတ်ဖက်ဖြစ်ကြပါ"**လို့ ရေးထားတယ်။ "မိတ်ဖက်"ဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေ ဖြစ်ကြ၊ သူ့အကျိုးကို ကိုယ်က လိုလား။ ကိုယ့်အကျိုးကို သူကလိုလားပြီး မိတ်ဖက်အဖြစ်နဲ့ နေကြဖို့ကို ဆိုလို တာ ပါ။ "ဝဋ်ဖက်"ဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် ရန်ညိုး ရန်စတွေနဲ့ ပြုမူရင် ဝဋ်လိုက်တတ်တာကို ဆိုတာပါ။ ဘုရားဟောကျမ်းအလာမှာ တစ်ခါ က ဘီလူးမတစ်ယောက်က ဒီဘဝမှာ အမေရဲ့ကလေး ကို ဖမ်းစားပစ်လိုက်တယ်။ ဒီဘဝမှာ ဘီလူးမက ကလေးကို စားပစ်တာခံရပေမယ့် နောက်ဘဝကျတော့ အမေက ဘီလူးမဖြစ်ပြီး ဘီလူးမက လူဖြစ်ကာ လူ အမေရဲ့ကလေးကို ဘီလူးက ဘတစ်ပြန်ကျားတစ်ပြန် စားပစ်၊ ဘီလူးမနဲ့ အမေ၊ အမေက ဘီလူးမဖြစ်လိုက်၊ ဘီလူးမက အမေဖြစ်လိုက်နဲ့ မိတ်ဆက်မဖြစ်ဘဲ ဝဋ်ဖက်ဖြစ်နေ

လိုက်တာ မဆုံးတော့တဲ့အကြောင်း ဆရာက ဟော သွားပါတယ်။

အဲဒီဟောပြောပွဲက ပြန်လာတဲ့အခါမှာတော့ ကျွန်တော်ဟာ မုံရွာမြို့ကို သွားဖြစ်ခဲ့ပါတယ်။ မုံရွာရောက်တော့ ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်က ဘုတလင် ညောင်ကန်က နိုင်ငံတော်က ထိန်းသိမ်းထားတဲ့ ကြေးခေတ်သချိုင်းနေရာကို လိုက်ပြလို့ ရောက်သွားပါတယ်။ အရိုးနေရာတွေဟာ အတော်များပါတယ်။ အချို့ ကလေးအရိုးတွေလဲပါတယ်။ ကျွန်တော်လဲ ကြေးခေတ်က လူအရိုးတွေကို ဓာတ်ပုံရိုက်ပြီး အရိုးစုတွေကို ထိုင်ပြီးကြည့်နေမိပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အဲဒီထဲက အရိုးစုတစ်ခုဟာ ငါကိုယ်တိုင်ရဲ့အရိုးစုတစ်ခုလဲ ဖြစ်နိုင်တယ်။ အခု ငါကြည့်နေတာဟာ ငါ့အရိုးကို ငါကြည့်နေတာမျှားလားလို့ တွေးမိလာပါတယ်။ ဒီအရိုးတွေဟာ ကိုယ့်အရိုးဖြစ်နိုင်သလို ကိုယ့်မိဘတွေရဲ့အရိုးတွေ လဲ ဖြစ်နိုင်တာပဲလို့လဲ ဆက်တွေးမိပါ့တယ်။ ဒီလိုဆိုရင် သံသရာမှာ ဆွေမျိုးတွေ ချည်းပါပဲလား။ ဘယ်သူက ဘယ်နှစ်ခါ အဖေဖြစ်ဖူးလို့ ဘယ်သူက ဘယ်နှစ်ခါ သားဖြစ်ဖူးကြတယ်ဆိုတာ ဘယ်လိုမှ မပြောနိုင်ကြပါ ဘူး။

ကျွန်တော်က ရန်သူလို သဲသဲမဲမဲ ဆဲဘော်ထားနေတဲ့သူဟာ ဟိုတစ်ဘဝက ကျွန်တော် အလွန်

www.burmeseclassic.com

www.burmeseclassic.com

ချစ်တဲ့သားလား၊ အဖေလားလဲ ဖြစ်နိုင်တာပါပဲ။ ဒီဘဝမှာ ကျွန်တော့်သားသမီးဖြစ်ပြီး သံယောဇဉ်တွေ နှောင်ဖွဲ့ထားတဲ့သူတွေကရော သံသရာမှာ ကျွန်တော့်ရန်သူတွေ မဖြစ်နိုင်ဘူးလား။ ကျွန်တော်တို့တွေဟာ မေ့ပင်ကြီးအောက်ရောက်လို့ မေ့နေတာ၊ တစ်ဘဝက တစ်ဘဝကို အကူး မေ့ကုန်တာတွေကြောင့် မသိတော့တာနဲ့ မိတ်ဆွေကို ရန်သူ၊ ရန်သူကို မိတ်ဆွေ သဘောထားကြတော့မှာလားလို့ ကျွန်တော့်ကိုယ် ကျွန်တော် မေးကြည့်မိပါတယ်။

လူတွေဟာ မျက်မှောက်ကာလတစ်ဘဝ၊ မျက်တောင်မွေးလေးတစ်ဆုံးမှာ လောဘ ဒေါသ မာန်မာနတွေကြောင့် အဖေဘယ်နှခါ ဖြစ်ဖူးမှန်းမသိတဲ့ လူကိုလဲ ရန်သူလိုသဘောထား၊ ရန်သူဖြစ်ခဲ့ဖူးတဲ့လူကိုလဲ အချစ် အနမ်းတွေနဲ့ ချစ်တမ်းကစားနေတာကို စစ်တမ်းကောက်ကြည့်ရင် ဘဝဆိုတာ မိတ်ဖက်လိုနေမှ၊ ဝဋ်ဖက်လိုနေလို့ မသင့်တော်ဘူး ဆိုတာတွေးကြည့်လေ ပေါ်လာလေပါပဲ။

ဒါပေမယ့် လူတွေဟာ မိမိရယူလိုတဲ့ လောဘ၊ ငါ ဆိုတဲ့ အတ္တအပေါ်မှာ အခြေစိုက်ပြီး ပေါ်လာတဲ့ မာန၊ ဒေါသ၊ ကျွဿမစ္ဆိယစိတ်တွေနဲ့ ခဏတာနေရတဲ့ လူ့ဘဝမှာ မာနတိုင်ကြီးထူထားတာ မဆုံးနိုင်

တော့ပါလား။

ငါတို့တွေ အချင်းချင်း မိတ်ဖက်နေကြမယ် လို့ မထွေးဘဲ ငါ့ကို လုပ်ရလား၊ ငါ့ကို တုရလား၊ ငါ့ကို ပြိုင်ရလားဆိုပြီး ငါဆိုတဲ့ နိုင်ငံကြီး ထူထောင်နေလိုက်တာ၊ တကယ်တော့ ငါဆိုတာကလဲ ဘာမှမဟုတ်ပါလား။

ငါတို့ မိသားတစ်စုအေးချမ်းဖို့၊ ငါတို့ရပ်ရွာအေးချမ်းဖို့၊ ငါတို့တိုင်း၊ ငါတို့နိုင်ငံ၊ ငါတို့ ကမ္ဘာကြီးအေးချမ်းဖို့ တရားမျှတမှုနဲ့မသွေ မိတ်ဖက်တွေဖြစ်ကြရင် တစ်ခဏ လူဖြစ်လာရတဲ့အချိန်မှာ အကျိုးထူးတွေ ချည်းပေါ့။ အခုတော့ ငါ့အတ္တကို လာမထိနဲ့၊ ငါ့မာန ကိုလာမတို့နဲ့ မီးပွင့်သွားမယ်ဆိုတဲ့ အယူအဆတွေနဲ့ မီးပွားတွေ မီးပွားတွေ လောင်မြိုက်နေတာတွေက ငြိမ်းသတ်ကို့မဆုံးနိုင်ပါတကား။

လူနဲ့ လူချင်း မိတ်ဖက်သဘောထားကြတာ အကောင်းဆုံးပဲ။ ဝဋ်ဖက်သဘောထားတာဟာ အဆိုးဆုံးပဲ။ လူတွေဟာ အချင်းချင်း ဝဋ်ဖက်တွေမဖြစ်ကြဘဲ မိတ်ဖက်တွေဖြစ်ရင် ကောင်းမှာပေါ့။ အတ္တမာန လျှော့ချ၊ စိတ်ကောင်းတစ်ခုထားရင် မိတ်ဖက်မဖြစ်နိုင်စရာဘာတစ်ခုမှ မရှိပါဘူးလို့ ကျွန်တော်စဉ်းစား နေမိပါတယ်။ ကျွန်တော်တို့ တစ်ဖွဲ့တည်းအတူရောက်နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆရာမောင်သွေးသစ်က "ဦးချစ်စံ . . . ဦးချစ်စံ ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်တော်တို့ ပြန်ကြတော့ မယ်"လို့ ဆိုပါတယ်။

"ဆရာရေ၊ ဟောဒီကြေးခေတ်အရိုးတွေထဲက တစ်ခုဟာ ကျွန်တော့်အရိုးမျှားလားလို့ တွေးနေမိ လို့ပါ ဆရာ" လို့ဆိုတော့ -

"ဒီအရိုးစုဟာ ခင်ဗျားအရိုးစုဆိုရင် ဟိုဘက် က အရိုးစုဟာလဲ ကျွန်တော့်အရိုးစုပေါ့ဗျာ"လို့ ဆရာ မောင်သွေးသစ်က ဆိုပါတယ်။ ကျွန်တော်တို့လဲ ကြေး ခေတ်က ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်အရိုးတွေကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါတယ်။ သံသရာကြီးမှာ ဝဋ်ဖက်တွေ မဖြစ်သင့်ဘဲ မိတ်ဖက်တွေဖြစ်သင့်တာ ကတော့ အတော့်ကို သေချာတဲ့ကိစ္စပါပဲ။

အခန်း (၁၅)

ဝန်ချတောင်းပန်ခြင်း အတတ်ပညာ

ကျွန်တော်တို့သည် ပုထုဇဉ် လူသားများဖြစ် သည်။ ထို့ကြောင့် အသက်ရှင်နေသမျှ ဘဝသက် တမ်းတွင် အမှားများ လုပ်မိတတ်ကြသည်။ ထိုသို့ အမှားလုပ်သောအခါတွင် ကျွန်တော်တို့သည် ဝန်ခံမှု ပြုကြရမည်။ ဝန်ခံမှု ပြုကြသောအခါ

"ဝမ်းနည်းပါတယ်ဗျာ"

" စိတ်မကောင်းပါဘူး" စသည်ဖြင့် ခေါ်ကြ နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့သောသူများက မိမိများမှန်းသိပါလျက်နှင့် အတ္တ တရားအခံဖြင့် အချိန်က ကုစားပေးလိမ့်မည်ဟုဆိုကာ တင်းခံမှုများ ရှိတတ်၏။ ထိုအခါ အလွန်နောက်ကျခြင်းနှင့် တွေ့ဆုံပြီး မိမိ ကိုယ်တိုင် မဟုတ်တောင် မိမိနှင့် ရင်းနှီးသူတို့ အဆုံးအရှုံးနှင့် ကြုံကြရ၏။

ကျွန်တော်တို့ရွာတွင် နေစဉ်က ဟိုဘက်ရွာမှ လယ်ရှင်သားနှင့် ဒီဘက်ရွာမှ သူကြီးသမီးတို့က မေတ္တာမျှကြရာ လူကြီးချင်း မာန ပြိုင်ကြရာမှ စကားများ အလွန်အကျွံပြောမိကြသည်။ နှစ်ဖက်စလုံးမှ တောင်းပန်ရန် ပျက်ကွက်ခဲ့ကြသည်။ ဝန်လေးခဲ့ကြသည်။

ထို့ကြောင့် ကလေးနှစ်ဦးလုံးသည် မိမိတို့မချစ်မနှစ်သက်သူများနှင့် လက်ထက်ခဲ့ကြပြီး ယင်းတို့၏ အိမ်ထောင်ရေးများသည် အသက်ထက်ဆုံး မပျော်ရွှင်ခဲ့ရဘဲ ဖြစ်ခဲ့ရ၏။

ဝန်ချတောင်းပန်ခြင်း အမှုသည် မာနနှင့် အတ္တရှိသူ လူသားတိုင်းအတွက် ခက်ခဲသော ကိစ္စဖြစ်သည်မှာ အမှန်ဖြစ်ပါသည်။

မိမိက မှားပြီဆိုပါက ဝန်ခံရန်၊ တောင်းပန်ရန် ဝန်မလေး သင့်ပါ။ ဤကိစ္စသည် အဂ်္ဂိုးရှိသော၊ အပြုသဘောဆောင်သည့် ကိစ္စတစ်ရပ် ဖြစ်ပါ၏။ တကယ်

တော့ အမှားတစ်ရပ် ပြောဆိုလုပ်ကိုင်မိ၍ ထိုကိစ္စအတွက် "ဝမ်းနည်းပါတယ်၊ ကျွန်တော်မှားပါတယ်" ဟု ပြောဆိုတောင်းပန်မည်ဟု ဆိုသည့်တိုင် ထိုသို့ ပြောဆိုရာတွင် လိမ္မာဖို့၊ ပြောတတ်ဖို့ လိုပါ၏။

သင်၏ အမှားကို သင်သိပြီ ဆိုပါစို့။ ထိုအခါ သင် ဘာလုပ်မည်နည်း? မည်ကဲ့သို့ ပြုလုပ်မည်နည်း?

သင်သည် ပထမအဆင့် အနေနှင့် သင်မှားကြောင်းသိဖို့ ဖြစ်၏။ သင့် အမှားကို သင်သိပြီ ဟု ဆိုလျှင် ဒုတိယအဆင့်အနေဖြင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်အား သင် မည်သည့်အတွက်ကြောင့် ဝမ်းနည်းရကြောင်းနှင့် မည်သည့်အတွက်ကြောင့် ထိုအမှားအယွင်းမျိုး ပြုခဲ့ရကြောင်းကို ရှင်းလင်း ပြောဆိုရန် ဖြစ်သည်။ ဤနည်းအားဖြင့် သင်သည် အမှန်တကယ်ပင် စိတ်မကောင်းဖြစ်ရခြင်း၊ ထိုသို့ ဖြစ်ရခြင်းကို ဝန်ခံရန် သတ္တိရှိသည်ဆိုသည့် အချက်များကို ပွင့်ပွင့်လင်းလင်းနှင့် ရိုးရိုးသားသား ဖော်ပြရန်လိုပါသည်။ ဤသို့ဖြင့် ထိုသူ၏ နားလည်မှုနှင့် ကရုဏာကိုပင်လျှင် ကျွန်တော်တို့ ပို၍ ရမည် ဖြစ်ပါ၏။

စိတ်ရင်းစေတနာ မှန်ကန်ပါ

သင်သည် ဝန်ခံမည်၊ တောင်းပန်မည်ဟု ဆိုပါက ထိုဝန်ခံတောင်းပန်မှုသည် စိတ်ရင်းစေတနာ

www.burmeseclassic.com

www.burmeseclassic.com

မှန်ကန်သော ဝန်ချတောင်းပန်ခြင်းဖြစ်ရန် လိုအပ်ပါ၏။ ကိစ္စပြီး ပြီးရော ဟူ၍ အကြောင်းပြချက် တစ်ခု ပြသရန်ထက် ပိုမိုရမည်ဖြစ်ပါ၏။ ၎င်းအပြင် အလားတူ အမှားမျိုးကို ထပ်မံ ရှောင်ကြဉ်မည်ဟု ဝန်ခံ ပြောကြားသော ဝန်ချတောင်းပန်ခြင်းမျိုး ဖြစ်သင့်ပါ၏။

ဝန်ချတောင်းပန်ရာ၌ လေးနက်သော အသံနှင့် မျက်နှာအမူအရာကို ဆောင်ရန်လည်း အရေးကြီးသည်။ ဝန်ချတောင်းပန်ရန် ကြိုးပမ်းနေသော်လည်း မျက်နှာ အမူအရာက စပ်ဖြဲဖြဲ အသွင်ဆောင်နေပါက တစ်ဖက် လူအား ပိုမို စိတ်ဆိုးအောင် ပြုမူရာသာ ကျပေတော့မည်။ ပြောဆိုရာတွင် ဆိုလျော်သော စကားလုံးများကိုလည်း ရွေးချယ်ပြောဆိုပါ။

စိတ်မကောင်းကြောင်း ပြောဆိုရာတွင် စိတ်တွင်းမှာလည်း လေးလေးနက်နက် ရည်ရွယ်ကြောင်း ဖော်ပြသည့်အနေနှင့် မှန်ကန်သည့် ကိုယ်ဟန် အနေအထားရှိရန် အရေးကြီးပေသည်။ သင်၏ ဦးခေါင်းကို မတ်မတ်ထားပြီး (သင် ဝန်ချတောင်းပန်နေသည့် လူက သင့်ထက် အရပ်နိမ့်နေလျှင်မှလွဲ၍) တစ်ဖက်လူ၏ မျက်စိတည့်တည့်ကိုကြည့်ကာ ပြောဆိုပါ။ ထိုအခါမို့ တွင် မြေကြီးဖြစ်စေ၊ အခြား တစ်နေရာကိုဖြစ်စေ မကြည့် ပါနှင့်။ အာရုံစူးစိုက်မှုလည်း ရှိပါစေ။

ရှောင်ကြဉ်ရမည့် အချက်များ

ပြဿနာ၏ ဇာတ်ဖြစ်သို့ မရောက်ရှိဘဲ ဝေဖါးပြောဆိုခြင်းကို ရှောင်ကြဉ်ပါ။ တိုက်ရိုက် ပြောဆိုခြင်းက အခြိန်ကုန် လူပန်းဖြစ်မှုကို သက်သာစေရုံမက သင်၏ ဝန်ချတောင်းပန်မှုကိုလည်း အလေးအနက်ပြုရာ ရောက်စေသည်။ 'အမှားကလေး တစ်ခုအတွက် တစ်သက်စာ ပြစ်ဒဏ်ခံရတာပေါ့' စသည့် ငေါ့တော့တော့စကား။ 'ကောင်းပြီလေ၊ ငါ့ကို ခွင့်မလွှတ်ပါနဲ့၊ မင်း တစ်သက်လုံး ငါ့ကို မုန်းနေပါ' စသည့် ခံပြင်းဒေါသထွက်သည့် စကားများသည် ဝန်ချ တောင်းပန်ခြင်းနှင့် လားလားမျှ မသက်ဆိုင်ပါ။

ရှင်းရှင်းလင်းလင်း ချိုချိုသာသာနှင့် ရိုးရိုးသားသား ဝန်ချတောင်းပန်ခြင်းသည် ခွင့်လွှတ်မှုကို ဖြစ်ပေါ် စေသည်။ "ငါ စိတ်မကောင်းပါဘူး၊ မင်းကလဲ သိပ်ထိခိုက်လွယ်တာပဲ" ဟူသော စကားမျိုးကို ဘယ်တော့မှ မပြောပါနှင့်။ ထိုသို့ ပြောဆိုခြင်းသည် သင်၏ ဝန်ချတောင်းပန်ရန် ကြိုးပမ်းမှုကို လက်ဦးမဆွ အသေအချာ ဖျက်ဆီးပစ်လိမ့်မည် ဖြစ်၏။

လွန်ကဲခြင်းမဖြစ်စေရန်လည်း ဂရုစိုက်ရမည်။ အလွန် အလွယ်တကူ အရမ်းကာရော ဝန်ချတောင်းပန်ခြင်းသည်လည်း အကျိုးသက်ရောက်မှုမရှိ။

www.burmeseclassic.com

www.burmeseclassic.com

မိမိက အပြစ်တင်မှုမျိုး ဖြစ်မလာစေရန် စိတ်မကောင်းပါ ဟူသော ပြောဆိုခြင်းမျိုးကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။ ခင်ပွန်းဖြစ်သူက ဇနီးသည်၏ ဗျစ်တောက် ဗျစ်တောက် ပြောဆိုမှုကို ရပ်ဆိုင်းသွားစေရန် အကျင့်တစ်ရပ်အနေနှင့် စိတ်မကောင်းပါဟု ဝန်ခံတောင်းပန်သည့် အခြေအနေမျိုး ဖြစ်သည်။ ဤနည်းသည် ဇနီးသည်၏ အဆက်မပြတ် မြည်တွန် တောက်တီးမှုကို ရပ်ဆိုင်းစေမည့် ထိရောက်သည့်နည်း ဖြစ်နိုင်သော်လည်း ပြဿနာကို အမြဲတစေ ဖြေရှင်းနိုင်ပါမည်လား? မည်သူမှန်သည်၊ မည်သူမှားသည်ဟု အငြင်းပွားနေခြင်းဖြင့် မည်သည့်အကျိုးရှိမည်နည်း? မည်သူ့အပြစ် ဖြစ်စေကာမူ မိမိ၏ အပြစ်ဖြစ်သည်ဟု ဝန်ခံလိုက်၊ စိတ်မကောင်းပါဟု တောင်းပန်လိုက်ခြင်းဖြင့် ပြဿနာကို ပို၍ လျင်မြန်စွာ ဖြေရှင်းလိုက်နိုင်သည်ဟု အချို့က ယူဆကြသည်။ ပြဿနာကို ရှုတ်ခြည်း ဖြေရှင်းနိုင်သည်က မှန်ပါသည်။ သို့ရာတွင် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအတွက် အကျိုးရှိနိုင်ပါမည်လား? ရေရှည်အတွက် အကျိုးမရှိနိုင်ပါ။

အပြုအမူက စကားလုံးများထက် ပို၍ထိရောက်သည်။

'အကြီးအကျယ် ငြင်းခုံ ရန်ဖြစ်ပြီးတိုင်း ကိုမြင့်က လက်ဆောင်ပစ္စည်း တစ်ခုခုဝယ်ပေးတာတို့ အပြင်ထွက်ပြီး အစားအသောက်ကျွေးတာတို့ လုပ်တတ်တယ်' ဟု လှလှက သူ၏ခင်ပွန်း အကြောင်းကို ပြောပြသည်။ " ဒါဟာ ပင်ကို အပြုအမူမျိုး မဟုတ်ပေမယ့် ဒီလုပ်ရပ်ရဲ့ နောက်ကွယ်က အတွေးအခေါ်ကလေးကိုတော့ အသိအမှတ်ပြုရတယ်လေ" ဟုလှလှက ဖြည့်စွက်ပြောကြားသည်။ သင်၏ နောင်တရမှုကို သက်သေပြရန် အကြီးအကျယ် အကုန်အကျခံ၍ ကျွေးမွေးခြင်းမျိုး မလိုအပ်ပါ။ အချို့သော အပြုအမူကလေးများဖြင့်လည်း သင်၏ စိတ်မကောင်းခြင်းခံစားမှုကို ဖော်ပြနိုင်ပါသည်။ နေ့လယ်စာ ဖိတ်ကျွေးခြင်း၊ လက်ဆောင်ကတ်ပြား တစ်ခုပေးပို့ခြင်း သို့မဟုတ် မှတ်စု၊ စာတိုလေးတစ်စောင် ရေးသားခြင်း စသည်တို့ဖြင့် သိရှိစေနိုင်သည်။

ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေအပေါင်း အသင်းများအကြား အမှားအယွင်း ပြုလုပ်မိမှုကြောင့် ပေါ်ပေါက်လာသော နာကျင်ခံစားမှုများကို လျော့ပျောက်စေရန်နှင့် ဒဏ်ရာများကို ကျက်စေနိုင်မှာမူ

www.burmeseclassic.com

www.burmeseclassic.com

'စိတ်မကောင်းပါ' ဟူသော စကားလုံးမျှဖြင့် လုံလောက်ခြင်းမရှိပေ။ နောင်အခါတွင် တစ်ဖက်လူ၏ လိုအပ်ချက်များကို ပိုမို၍ နားလည်ခံစားမှုရှိအောင် ကြိုးပမ်းနေကြောင်း ပြသသည့်အနေနှင့် အစားအသောက်များ ဖိတ်ကျွေးခြင်း၊ သူနှင့် ဘောလုံးပွဲ၊ ရုပ်ရှင် စသည်တို့ အဖော်လိုက်ပေးခြင်း စသည့် အပြုအမူကလေးများသည် လိုလားအပ်ပေသည်။

ဝန်ချတောင်းပန်မှုကို လက်ခံခြင်း

ဝန်ချတောင်းပန်မှုကို လက်ခံခြင်းသည် လည်း ဝန်ချတောင်းပန်မှုကို ပြုသကဲ့သို့ပင် အရေးကြီး သော လူမှုဆက်ဆံရေး ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပေ သည်။ လူများစွာတို့အတွက် ဝန်ချတောင်းပန်မှုသည် ခက်ခဲသော လုပ်ရပ် တစ်ခု ဖြစ်လေရာ လက်ခံရသူ အနေဖြင့် ယင်းကြိုးပမ်းချက်ကို မွန်ရည်စွာ အသိအမှတ်ပြုရန် လိုအပ်ပေသည်။ ' အခုလို တောင်းပန်ဖို့ ခင်ဗျားအနေနဲ့ အတော်ကြိုးပမ်းရမယ်ဆိုတာ ကျွန်တော်သိပါတယ်' သို့မဟုတ် ' ခင်ဗျားရဲ့ တောင်းပန်မှုကို ကျွန်တော်တကယ်ပဲ တန်ဖိုးထားပါတယ်' အစရှိသည့် ပြောကြားချက်လေးများသည် အာဃာတမထားကြောင်းကို ဖော်ပြကာ တစ်ဖက်လူအား ယုံကြည်မှုကို ပိုမို တိုးပွားစေသည်။

ကိုယ်ဟန် အမူအရာဖြင့် ခွင့်လွှတ်ကြောင်း ဖော်ပြခြင်းသည်လည်း အလွန်တရာ ထိရောက်ပေသည်။ ရင်းနှီးသည့် သဘောဖြင့် ပခုံးကို ပုတ်ခြင်း၊ နွေးထွေးစွာဖက်ခြင်း၊ လက်ကို ကိုင်ဆွဲခြင်းစသည့် အပြုအမူကလေးများသည်လည်း မပြေမလည်ဖြစ်သွားသော ဆက်ဆံရေးကို ထိရောက်စွာ ပြန်လည်ကုစားပေးနိုင်သည်။ အပြစ်ဝန်ခံခြင်းကို စိတ်ဓာတ်ကျစရာ၊ သေးသိမ်ဖွယ်ရာ လုပ်ရပ်အဖြစ် ယူဆကြသော အထူးသဖြင့် ယနေ့ လူမှုနယ်ပယ်တွင် ပျက်ပြားသွားသော ပေါင်းသင်းဆက်ဆံရေးများကို ပြန်လည် ဖာထေးရန်အတွက် အတွင်စိတ်ကြီးမှုနှင့် မာနတရားများက အနှောင့်အယှက် ပေးနေကြလေသည်။ ထို့ကြောင့် ကျေနပ်နှစ်သိမ့်မှုကို ဖြည့်ဆည်းပေးသည့် လူမှုဆက်ဆံရေးကို အပြည့်အဝ ခံစားနိုင်ရေးတွင် အတွင်စိတ်က အဟန့်အတား မဖြစ်စေရန် ကြိုးစားရပေမည်။

ထို့ကြောင့် သင်မှားယွင်းသည့်အခါမျိုးတွင် စိတ်မကောင်းပါ၊ ဝမ်းနည်းပါသည် စသည်ဖြင့် ပြောဆိုခြင်းသည် တစ်ဦးနှင့် တစ်ဦး ပေါင်းသင်းဆက်ဆံရေးတွင် အရေးပါလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

စင်ကာပူက မြတ်နိုးဝိတိစေတနာ

'မြတ်နိုး'ဆိုသော စကား၊
'ဝိတိ'ဆိုသော စကား၊
'စေတနာ'ဆိုသော စကား၊
'မိသားစု'ဆိုသော စကားရပ်တို့သည် မြန်မာတွင် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ၍ သန့်ရှင်းဖြူစင်သောအဓိပ္ပါယ်ကိုဆောင်ယူသည့် စကားရပ်တို့ဖြစ်သည်။ မြတ်နိုးခြင်းဆိုသော စကားရပ်သည် ခုမ်ဟာ၊ မေတ္တာထားတာထက် အတွယ်အတာပိုပါသည်။ ဝိတိဆိုသောစကားရပ်က ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်

www.burmeseclassic.com

ထက် ကျေနပ်စရာပိုပါသည်။ စေတနာဆိုသော စကား ရပ်ကလည်း ငြဟ္မာစိုရ်တရား ရင့်သန်ကြီးထွားစေဖို့ မြေ ကောင်းမြေသန့်ဖြစ်၏။ မိသားစုဆိုသောစကား တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတရားများ ပါဝင်၍ လူ့အဖွဲ့အစည်း၏ အခြေခံအကျဆုံး အဖွဲ့အစည်း ဖြစ်ပါသည်။

စင်ကာပူတွင် တရားဝင်အလုပ်သွားလုပ်နေ သော မိသားစု ၈၀ ခန့်က မြတ်နိုးပီတိစေတနာရှင် မိသားစုများဟု အမည်ပေးထားကြသည်။ ထိုမိသားစု များက ဘာတွေကို မြတ်နိုးတာလဲ။ ဘာတွေကို ပီတိ ဖြစ်တာလဲ။ ဘာတွေကို စေတနာထားတာလဲဟု ဆိုတော့ သူတို့သည် မိဝေးဖဝေး၊ ရပ်ဝေးရွာဝေး၊ တစ် နယ်တစ်ကျေးတွင် အလုပ်သွားလုပ်ရင်း စင်ကာပူ နိုင်ငံ သြဈတ်လမ်းမကြီးပေါ်မှ လူ့အသုံးအဆောင် များကို မြတ်နိုးတွယ်တာကြသူများမဟုတ်။ သူတို့သည် ဟားဗလော့လမ်းမကြီးပေါ်မှ အပိုလို၊ ကင်းနှင့် ရေဗားဖြူဟိုတယ်ကြီးများတွင် ဇိမ်ကျကျတည်းခိုပြီး ပီတိဖြာလိုကြ သူတို့မဟုတ်။ သူတို့သည် စင်ကာပူ နိုင်ငံရှိ သွယ်လျလျ၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးပမာ လှပချောမွတ်၍ ခြေတစ်လှမ်းကို ကုဋေတစ်သန်း တန်သူ စင်ကာပူမ လေးများကို စေတနာပိုကြသူများ မဟုတ်။

သူတို့ကား မြန်မာနိုင်ငံမှ မျက်မမြင်ဒုက္ခိတ များ၊ အနာကြီးရောဂါသည်များ၊ ဆွံ့အနားမကြားသူ များ၊ ဆွံ့အနားမကြားသူများ၊ မိဘမဲ့ကလေးများ၊ ပရဟိ တနှင့်သက်ကြီးရွယ်အိုများ၊ သီလရှင်ကျောင်း များ၊ ဘုန်း တော်ကြီးပညာသင်ကျောင်းများကို စေတနာထားကြ ခြင်းဖြစ်၏။ စေတနာထားရုံသာမက မိမိတို့ ဝင်ငွေထဲမှ လစဉ် တစ်လလျှင် ခြောက်သိန်းမှ ခုနစ်သိန်းအထိ စုဆောင်း၍ လှူဒါန်းကာ ထိုသို့ လှူဒါန်းကြသည်ကိုမှ ထိုမိသားစုများက ပီတိဝေဖြာ ခြင်းဖြစ်သည်။

'ကောင်းလေစွ။ ကောင်းလေစွ'

စင်ကာပူတွင် တရားဝင်သွားရောက်အလုပ် လုပ်ကိုင်နေကြမှာ မြန်မာမိသားစုများက မိမိတို့ရပ် ရွာဇာတိ မြန်မာနိုင်ငံကိုလွမ်းကြသည်။ ထိုအခါ အချင်းချင်းလွမ်းနေလို့အလကားပဲ။ ကိုယ့်ရပ်ကိုယ့်ရွာ လွမ်းတာကို ငါတို့တွေ တစ်ခုခုနဲ့ အစားထိုးရင် မကောင်းဘူးလားဟု စဉ်းစားပြီး မိမိတို့၏မုန့်ဖိုး လက်ဖက်ရည်ဖိုး၊ အချို ရည်ဖိုးထဲမှ တစ်ဦးလျှင် တစ်လ စင်ကာပူငွေ ၂၀ လောက်ကို ချွေတာကာ စုဆောင်းကြ ၏။ စိတ်တူသဘောတူ ပုဂ္ဂိုလ်(၅၀) (၁၀၀)ခန့်ရှိ၏။ ထိုသူများတွင် လူငယ်အွေ့က အများစုဖြစ်သည်။ လူကြီး တွေလည်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လျှ ဒါန်းပေးပါဟုဆိုရာမှ သူတို့က 'ဆရာရေ တခြား လျှသင့် လျှထိုက်တဲ့နေရာများလဲ ရှာပေးပါ' ဟု ဆို သောကြောင့် ကျွန်တော်က လစဉ် လျှဒါန်းရမည့် နေရာများကို ရှာပေးရသောဘဝသို့ ရရှိပါ၏။ တကယ် လိုအပ်သောနေရာများကို ရှာကြရ၏။ တကယ် လိုအပ်သောနေရာများက ကျွန်တော်နှင့် ဆက်သွယ်ပါ လျှင် ကျွန်တော်က မြတ်နိုးပီတိလူငယ်များနှင့် ဆက် သွယ်၍ အလှူအတန်းဖြစ်မြောက်အောင် ဆောင်ရွက် ကြပါသည်။

မြတ်နိုးပီတိမိသားစု စေတနာရှင်များသည် ၂၀၀၁၊ အောက်တိုဘာလမှစ၍ လျှဒါန်းခဲ့ရာ ယခုဆို ပါက ဆယ်ကြိမ်ရှိ၍ တန်ဖိုးအားဖြင့် (၅၈)သိန်းဖိုးရှိပြီ ဖြစ်၏။ လျှဒါန်းခဲ့သော ဌာနများမှာ (၁)မိတ္ထီလာ ပရဟိတ၊ (၂) မရမ်းချောင်းအနာကြီးစခန်း၊ (၃) ပြင်ဦး လွင်မျက်မမြင်အနာကြီးစခန်း၊ (၄) နံ့သာမြိုင် အနာကြီးစခန်း၊ (၅) ကျိုက်ထို ဆိပ်ဖူးတောင်ပရဟိတ၊ (၆) နောင်ချိုမျက်မမြင်ဂေဟာ၊ (၇) လှိုင်းဘွဲ့မိကြောင် ပရဟိတ၊ (၈) ပြင်ဦးလွင် ဗိုးပင်အောင် ကံသာမိဘမဲ့ ကျောင်း၊ (၉) မော်လမြိုင်တောင်ဝိုင်းအနာကြီးရောဂါ စခန်းနှင့် (၁၀) ဒဂုံဆိပ်ကမ်း ဝိသာခါ သီလရှင်မိဘမဲ့ ကျောင်းတို့ဖြစ်ပါသည်။ အဓိကအားဖြင့် ဆန်တို့လှူ ဒါန်း၍ အခြားလိုအပ်သည့် ပစ္စည်းများဖြစ်သော

ပုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် မွတ်စလင် အမျိုး ကောင်းသား၊ အမျိုးကောင်းသမီးများပါကြ၏။ မိမိ နိုင်ငံကို မိမိတို့ချစ်ကြရာတွင် ကိုးကွယ်မှု မတူသော် လည်း အတူတကွ ချစ်မြတ်နိုးကြသည်ချည်း ဖြစ်ပါ၏။ ထိုစင်ကာပူရောက် စေတနာရှင်များက တစ်ဦးကို စင်ကာပူငွေ (၁၀)ကျပ်၊ (၁၅)ကျပ်စီစုလေလျှင် တစ်လ စင်ကာပူငွေ(၁၀၀၀)မှ (၁၅၀၀)ခန့်ရကြ ၏။ ထိုငွေသည် မြန်မာငွေနှင့်ဆိုပါက ခြောက်သိန်းမှ ခုနစ်သိန်းခန့်ရှိ၏။ ထိုငွေများကို မြန်မာနိုင်ငံသို့ ပို့ပေးကာ မျက်မမြင်ကျောင်းများ၊ ဆွံ့အနားမကြား ဂေဟာများ၊ မိမဲ့ဖမဲ့ပရဟိတဂေဟာများ၊ အနာကြီး ရောဂါသည်စခန်းများသို့ လစဉ်ပေးပို့ လှူကြသည်။

မြတ်နိုးပီတိစေတနာရှင်များ၏ အလှူက တစ်ဦး(၁၀)မှ (၁၅)ကျပ်သာဖြစ်၏။ သို့သော် နည်း ရောင်း များရောင်း တောင်းပြည့်ဆိုသလို လူ (၈၀)မှ (၁၀၀) လောက် လျှဒါန်းငွေကို ပေါင်းလိုက်တာ တစ်လမြန်မာငွေ ကျပ်ခြောက်သိန်း၊ ခုနစ် သိန်းခန့် ရ၏။

စင်ကာပူတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကိုတင်မြင့်ထွန်း၊ မစိုးသီတာတို့က ကျွန်တော့်ထံ ဆက် သွယ်လာပါ၏။ ဆရာ အနာကြီးရောဂါသည် စခန်း များကို လျှဒါန်းသည်ကို သိရပါသည်။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

ဆေးဝါး၊ စောင်၊ ခြင်ထောင်၊ ဆီ၊ ချိုင်းထောက်၊ အဝတ်အထည်၊ ဆပ်ပြာ ဆား၊ ကျောင်းစိမ်း အဝတ်အထည်၊ ဗလာစာ အုပ် စသည်တို့ကိုလည်း ဝယ်ယူလှူဒါန်း၏။

ကျွန်တော်သည် ကျိုက်ထိုဆိပ်ဖူးတောင် ပရဟိတသို့ ဆန်သွားရောက်လှူဒါန်းစဉ်က စာရေးဆရာကြီး ဦးဌေးမောင်နှင့် ဆရာမ ဒေါ်သန်းမြင့်အောင်တို့လည်း လိုက်ပါခဲ့ကြ၏။ ဆိပ်ဖူးတောင် ပရဟိတတွင် မိဘမဲ့ ကလေးက(၄၃၅)ဦးရှိ၏။ ကျွန်တော့်တွင် သားသုံးယောက်ရှိရာ သားများကို မနည်းကျွေးပြီးမွေးခဲ့ရာ ဆရာတော် ဘယ်လိုများ (၄၃၅) ယောက်သောကလေးများကိုကျွေးနေပါလိမ့်ဟုလည်း စဉ်းစားမိ၏။ ထိုပရဟိတဂေဟာမှ ဆရာဝန်နှင့် ဗိုလ်ကြီးအဆင့်ရှိသူတို့ ပေါ်ထွန်းခဲ့ပြီဟု ဆို၏။ ထိုနေ့က ဆရာကြီးဦးဌေးမောင်က အလှူဒါန အတွက် အမှာစကားပြောရာတွင် မိမိသည် ရပ်ဝေးရပ်ခြားမလေးရှားတွင် အလုပ်သွားလုပ်နေသော သားဖြစ်သူဆုံးပါးခဲ့၍ သားဆုံးသော ဖခင်ကြီး ဖြစ်သည်။ နိုင်ငံခြားတွင် အလုပ်လုပ်ခြင်းဆိုသည်မှာ သက်စွန့်ဆံဖျား သွားရောက်လုပ်ကိုင်ရ ခြင်းဖြစ်သည်။ ထိုသို့သော ရရှိငွေမှ အမိနိုင်ငံမှ လိုအပ်သော နေရာများတွင် လှူဒါန်းခြင်းကိုမှ ဇာတိသွေး၊ ဇာတိမာန်ဟု မခေါ်ဆို မရှည်ညွှန်းပါလျှင် ဘာကိုခေါ်ဆိုရမည်နည်း'

ပြောဆိုသွားခဲ့ပါ၏။

မြတ်နိုးပိတိစေတနာရှင်များ လှူဒါန်းသော ဆန်အိတ်ကို ပွေ့ပိုက်လျက် မတ္တရာမြို့နယ်၊ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းမှ ဘကြီးပေါင်က 'ဟိုးအဝေး ကျွန်တော်တို့ မျှော်မှန်းတွေးကြည့်လို့တောင် မရနိုင်တဲ့နေရာက ကျွန်တော်တို့ တကယ်လိုနေတဲ့ဆန်နဲ့ဆေးကို လိုနေတဲ့အချိန်မှာ အိမ်တိုင်ရာရောက် လာလှူတာဟာ ကာလဒါန၊ ဇီဝိတဒါန၊ အာဟာရဒါနဖြစ်နေလို့ ကျွန်တော်တို့အတွက် အလွန်အလွန်ကြီးကျယ်မှုကြီးပါ။ အလှူရှင်မြတ်နိုး ပိတိစေတနာရှင်များကို ဘာဆုတောင်းပေးရမယ် ဆိုတာတောင် စဉ်းစားလို့မရတဲ့အဖြစ်ပါ'ဟု ဆိုပါသည်။

မော်လမြိုင်မြို့ တောင်ဝိုင်းအနာကြီးရောဂါသည် စခန်းမှ ဝေဒနာရှင်ဦးခင်ဝင်းက "မိမိ ဘဝတွင် ဆန်ဆယ်ပြည်တစ်ခါဖူးမှ အလှူခံမရဘူးပါ။ ဒီနေ့တော့ ရောဂါသည်ဝေဒနာရှင်အားလုံး မှီရတဲ့မျက်နှာများနဲ့ ဆန်လှူဒါန်းမယ့် ဘုရားရှိခိုးကျောင်းသို့ ရောက်လာကြတာ။ ကျွန်တော်တို့ ဘုရားရှိခိုး ကျောင်းဟာလည်း ဆန်ဂိုဒေါင်ကြီးဖြစ်သွား တဲ့နေ့ဆိုရင် မမှားပါဘူး။ လှူဒါန်းတဲ့ မြတ်နိုးပိတိ စေတနာရှင်များရော ဝိုင်းဝန်းဆောင်ရွက်သူများပါ ဆန်ဆိုသော စကားစုသည်းဟာ ကမ္ဘာ တည်သ၍ ဖြူစင်နေသလို ဖြူစင်

www.burmeseclassic.com

www.burmeseclassic.com

ပြည့်ဖြိုးကြပါစေလို့ ဆုတောင်းတယ်"ဟု ဆိုသည်။

မြတ်နိုးပီတိမိသားစု အလှူရှင်များ၏ ဒါန သည် အလွန်လှပဝေဆာသောဒါနဖြစ်သည်။ မိမိလုပ် အားမှ ရရှိငွေကို လှူဒါန်းမှုကြောင့် သမ္မာအာဇီဝဒါန လည်း ဖြစ်သည်။ သမ္မာအာဇီဝမှ ရရှိသောငွေ၊ ပစ္စည်းကို လှူဒါန်းခြင်းသည် မြင့်မြတ်ကြီးမားသောဒါန ဖြစ်ပါ၏။

အဝေးသို့ရောက်ရှိနေသော်လည်း မိမိအမျိုး ဇာတိရပ်ရွာကို မမေ့သောလှူဒါန်းမှုသည် (၃၈)ဖြာ မင်္ဂလာတရားအားလုံးနှင့် ပြည့်စုံသော အလှူလည်း ဖြစ်သောကြောင့် မြတ်နိုးတတ်သော၊ လှူဒါန်းသော၊ ပီတိ ဖြင့် မွေ့လျော်သော၊ စေတနာ ခါတ်ခံကြီးမား သော စင်ကာပူရောက် မြတ်နိုးပီတိ မြန်မာမိသားစုများ အား ဤဆောင်းပါးဖြင့် လေးစားစွာ ဂုဏ်ပြုအပ်ပါ သတည်း။

ဤမြင့်မြတ်သောလုပ်ငန်းတွင် ပါဝင်သော စင်ကာပူရောက် မြန်မာလူငယ်များသည် အောက်ပါ စင်ကာပူမှ စေတနာရှင်မိသားစုများနှင့် ဆက်သွယ်နိုင် ကြောင်း သိရှိရပါ၏။

ကိုတင်မြင့်ထွန်း - ၉၄၅၆၇၀၉၄
Jennifer - ၉၀၆၀၂၇၈၁
ကိုရန်နောင်စိုး - ၉၈၆၇၈၀၅၁

ကိုသန်းမင်းထွန်း - ၉၀၄၆၀၈၇၆
ကိုကျော်မြင့်သန်း - ၉၀၅၉၇၈၆၂
ကိုအေးကျော် - ၉၀၈၉၀၀၄၃
ကိုလွင်နိုင်စိုး - ၉၃၅၂၈၅၇၉
ကိုကျော်ငြိမ်းဝင်း ၉၆၁၂၀၁၃၂
ကိုတင်မောင်ထွေး - ၉၃၅၈၆၇၂၀
ကို ကျော်လင်းဟန် - ၉၇၉၉၄၀၅၃
ကိုအေးမင်းစိုး - ၉၆၉၈၈၀၂၀
မခင်သီဦး
မခင်သက်မော်

အလှူပစ္စည်းအလိုရှိသော ပရဟိတဂေဟာ များ၊ မိဘမဲ့ကလေးများ၊ မျက်မမြင်ဆွဲ့အနားမကြား ကျောင်းများကလည်း ပန်းမျိုးတစ်ရာစာပေ၊ တိုက်- ခ၊ အခန်း- ၂၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ဖုန်း- ၂၀၂၃၇၂ e-mail : chitsanwin@myanmar.com.mm နှင့်ဆက်သွယ်နိုင်ပါသည်။ အလှူခံပုဂ္ဂိုလ်များရော၊ အလှူပေးပုဂ္ဂိုလ်များပါ ဝမ်းမြောက်ရွှင်လန်းကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ပြုကျင့်ရမည့်သီလ

တစ်နေ့တွင် ကျွန်တော်နှင့် မကင်းရာမကင်းကြောင်း လူငယ်တစ်ယောက်သည် ကျွန်တော့်စာအုပ်တိုက်သို့ရောက်ရှိလာပြီး သူ့ကုမ္ပဏီတွင် အလုပ်တွေများနေသည့်ကြားမှ လစ်ထွက်လာခြင်းဖြစ်ကြောင်း မြို့ရေ ရွာရေ ပြောနေပါသည်။ ပထမတော့ ခဏသည်းခံ၍ နားထောင်နေသေးသော်လည်း လစ်ထွက်လာသော ကိစ္စကို ထိုလူငယ်က မိမိ၏အရည်အချင်းအဖြစ်ဂုဏ်ယူကာ ဆက်ပြောနေသဖြင့် ကျွန်တော်သည် ထိုလူငယ်နှင့် စကား ပြောရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ငါတူရဲ့၊ အလုပ်ခွင်မှ အလုပ်မလုပ်ဘဲ လစ်ထွက်လာတာကို ငါတူကတော့ဂုဏ်ယူပြီး ပြောနေတယ်၊ တကယ်တော့ အဲဒီကိစ္စဟာ ငါတူ သီလဖျက်တဲ့ကိစ္စ" ဟု ကျွန်တော်က ဆိုတော့ "အလုပ်ခွင်က လစ်လာတာနဲ့ သီလ ဘာဆိုင်လို့လဲ အန်ကယ်ရာ"ဟု ဆိုပါသည်။

ကျွန်တော်တို့သည် များသောအားဖြင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် ရှောင်ကြဉ်ရမည့်ကိစ္စများကိုသာ သီလဟု မှတ်ယူ၍ ဆောင်ရမည့်ကိစ္စများကို သီလဟူ၍ မမှတ်ယူဘဲအမှတ်မထင်နေကြ၏။ သီလတွင် နှစ်မျိုးရှိပါ၏။ တစ်မျိုးမှာ ရှောင်ကြဉ်ရမည့် သီလဖြစ်ပါ၏။ ရှောင်ရမည့်သီလသည် စာရိတ္တသီလဖြစ်၍ ပြုကျင့်ရမည့်သီလသည် စာရိတ္တသီလဖြစ်သည်။

ရှောင်ရမည့်သီလကို လူတိုင်းသိကြသည်။ ဆောက်တည်ကြသည်။ သူ့ပစ္စည်းမခိုးယူရ၊ သူတစ်ပါးအသက်ကို မသတ်ရ၊ သူတစ်ပါးအိမ်ရာကိုမကျူးကျော်ရ၊ သေရည်နှင့်မူးယစ်စေသောအရာကို မသုံးစွဲရ လိမ်လည်လှည့်ဖြားရ၍ မပြောဆိုရဟူသော ငါးပါးသော ရှောင်ကြဉ်ရမည့်အရာကို ငါးပါးသီလဟု ခေါ်၍ ယင်းသည် စာရိတ္တသီလဖြစ်၏။ မပြုလုပ်ရမည့် ထိုအရာများကို မပြုလုပ်ခြင်းသည် သီလကို ဆောက်တည်ခြင်းမည်ပါ၏။

တစ်ဖန် လူဘဝတွင် မိမိတို့၌ ပြုကျင့်ရမည့် တာဝန်များ ဝတ္တရားများလည်းရှိသည်။ သားသမီးက သားသမီးဝတ္တရား၊ မိဘက မိဘဝတ္တရား၊ လင်က လင်ဝတ္တရား၊ မယားက မယား ဝတ္တရား၊ မင်း ပုဏ္ဏားအကြီးအကဲတို့၏ ဝတ္တရား၊ ရဟန်းသံဃာတို့ဆောင်ရွက်ရမည့်တာဝန်နှင့် ဝတ္တရားများရှိသလို အစိုးရကလည်း အစိုးရ ဝတ္တရား ပြည်သူကလည်း ပြည်သူ့ဝတ္တရားများရှိကြသည်။ ဝန်ထမ်းကလည်း ဝန်ထမ်း၏တာဝန်နှင့် ဝတ္တရားများရှိကြပြီး ကုမ္ပဏီဝန်ထမ်း၊ စက်ရုံဝန်ထမ်း၊ နေ့စားအလုပ်သမား၊ စာရေး၊ ပန်းချီဆရာ၊ စျေးသည်၊ စျေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးကအစ တာဝန်နှင့် ဝတ္တရားများအသီးသီးရှိကြ၏။ ယခုအခါ မန်နေဂျာ၊ ဧည့်ကြို၊ ကြီးကြပ်သူ၊ ယာဉ်မောင်း၊ ညစောင့်ကအစ မိမိတို့တာဝန်မိမိတို့ဝတ္တရာများ အသီးသီးရှိကြ၏။ ထိုကဲ့သို့ တာဝန်နှင့် ဝတ္တရားများ အသီးသီးရှိရာတွင် မိမိတာဝန်ယူထားသည့်ရာထူး ဌာနနှင့်အညီ ထိုတာဝန်နှင့်ဝတ္တရားများကို ကြေပွန်အောင် ထမ်းဆောင်ကြရမည်။ ထိုသို့မထမ်းဆောင်ကြပါက ထိုမထမ်းဆောင် မှုသည် တာဝန်ဖျက်မှု၊ ဝတ္တရား လစ်ဟင်းမှု၊ သီလဖျက်မှုပင် ဖြစ်၏။ ထိုသီလဖျက်မှုကို စာရိတ္တသီလဖျက်ခြင်း ဟုခေါ်၏။ စာရိတ္တသီလဖျက်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com

သည်။ မိမိနိုင်ငံကို မိမိမြတ်နိုးခြင်း၊ မိမိ ယဉ်ကျေးမှုကို မိမိမြတ်နိုးခြင်း၊ မိမိရပ်ရွာ မိမိဇာတိကို စောင့်ရှောက်ခြင်း၊ အမျိုးကို ချစ်စိတ်၊ နိုင်ငံချစ်စိတ် ရှိခြင်းသည် သီလရှိခြင်းဖြစ်၍ မြန်မာနိုင်ငံသားဖြစ်ပါ လျက် မြန်မာ့ယဉ်ကျေးမှုကို အထင်သေးခြင်း၊ ဇာတိသွေး ဇာတိမာန် မရှိခြင်းတို့သည်လည်း သီလပျက်ခြင်း မည်ပါ၏။

စာရိတ္တသီလ၊ ပြုလုပ်ရမည့်သီလ ပြည့်စုံရန် လူတစ်ယောက်တွင် (၁) သဒ္ဓါတရား၊ (၂) သစ္စာတရားနှင့် (၃) ဝိရိယတရားတို့လိုအပ်၏။ သဒ္ဓါ သစ္စာနှင့် ဝိရိယမရဘဲ စာရိတ္တသီလသည် မခိုင်မြဲနိုင်ပါ။ ကုမ္ပဏီမှ လစ်ထွက်လာသော လူငယ်သည် သဒ္ဓါနှင့် ဝိရိယပျက်သုန်းခြင်းဖြစ်၍ မိမိ ထိုသို့ လစ်ထွက်လာမှုအား မြန်ရေရှက်ရေပြောခြင်းသည် သစ္စာမဲ့ခြင်း ဖြစ်သည်။

သီလဟူသည် လူတစ်ဦးချင်းစီ၏ခွန်အားဖြစ်သလို အလှတရားလည်း ဖြစ်သည်။ သီလပျက်ခြင်းသည် လူ၏ အလှပျက်ခြင်းဖြစ်သည်။ ပညာရှိသူတော်ကောင်းတို့က

- ရစ်မသည် မိမိ၏အသက်ကို စွန့်၍ ဥကိုစောင့်ရှောက်သကဲ့သို့၊
- စာမရီသားကောင်းသည် မိမိအသက်ကိုစွန့်၍ မြီး

စာရိတ္တပျက်ခြင်းပင်ဖြစ်၍ အကျင့် မကောင်းခြင်းနှင့် အတူတူပင်ဖြစ်သည်။ မြန်မာလူငယ်တစ်ယောက် ဖြစ်ပါလျက် အလုပ်မှ လစ်ထွက်လာခြင်းကို မြန်ရေရှက်ရေပြောဆိုနေသည်မှာ ရှက်စရာဖြစ်၏။ ရှက်စရာကို ထိုလူငယ်သည် ရှက်စရာမှန်းမသိ၍ ပြောဆိုနေခြင်း ဖြစ်သည်။

တစ်ဖန် အဖွဲ့အစည်းများရုံး ဌာနများတွင် မိမိတို့ အဖွဲ့အစည်း၏ သီးခြားစည်းမျဉ်းများရှိကြ၏။ ထိုစည်းမျဉ်းတို့မှာ ငွေကို ဘယ်လိုထုတ်ရမည်၊ ငွေကို ဘယ်လို သိမ်းရမည်ဆိုသော ဖွဲ့စည်းမှုစည်းမျဉ်းများ ရှိရာ ထိုစည်းမျဉ်းများကို လိုက်နာမှုမရှိခြင်းသည်လည်း တာဝန်လစ်ဟင်းမှု သီလပျက်ခြင်းပင်ဖြစ်သည်။

ဝန်ထမ်းတစ်ယောက်သည် အလုပ်ခိုကပ်ခြင်း၊ တာဝန်ကို ထိရောက်စွာ မထမ်းဆောင်ခြင်း၊ လာဘ်လာဘ မျှော်ကိုးလုပ်ဆောင်ခြင်းတို့သည် သီလပျက်ကွက်ခြင်းဖြစ်၏။ မိမိ၏ တာဝန်နှင့်ဝတ္တရားကို ကြေပွန်စွာထမ်းဆောင်မှုသည် စာရိတ္တသီလကို နေ့စဉ်မပြတ် စောင့်ရှောက်သူဖြစ်၍ နတ်ပြည်နတ်ရွာသို့ရောက်၏။ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဌာနများ အလုပ်ခွင်များ၊ ကုမ္ပဏီများ၊ ကော်ပို ရေးရှုင်းများတွင် အုပ်ချုပ်သူက အုပ်ချုပ်သူတာဝန်၊ ဝန်ထမ်းထ ဝန်ထမ်း တာဝန် အသီးသီး တာဝန်ကျေ ကြရမည်ဖြင်

www.burmeseclassic.com

www.burmeseclassic.com

ဆံကိုစောင့်ရှောက်သကဲ့သို့၊
- သားတစ်ယောက်တည်းရှိသူ မိခင်သည် တစ်ယောက်တည်းသောသားကို စောင့်ရှောက်သကဲ့သို့၊
- မျက်စိတစ်ဖက်တည်းသာ အကောင်းရှိသူသည် ထိုတစ်ဖက်တည်းသောမျက်စိကို အရေးယူ စောင့်ရှောက်သကဲ့သို့ ၊

လူသည် သီလကိုစောင့်ထိန်းရ၏ဟု ဆုံးမ၏။ သီလပျက်သူတို့နှင့် လုပ်ငန်းတစ်ရပ်ရပ်ကိုလည်း ကောင်း၊ ကုမ္မဏီတစ်ခုခုကိုလည်းကောင်း ဘဝတစ်ခုခုကို လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံကိုသော် လည်းကောင်း မတည်ဆောက်နိုင်။ တည်ဆောက်မှု အရပ်ရပ်ကို သီလဖြင့် တည်ဆောက်မှ အောင်မြင်ရာ ၏။

ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ စသောရတနာများ အဝတ်တန်ဆာများသည် အချိန်အားဖြင့်သာ လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်၏။ ဆန်းပြားလှပသော အဝတ်အထည်များသည် လူငယ် လူရွယ်တို့နှင့်သာ တင့်တယ်၏။ အိုမင်းရင့်ရော်သူတို့နှင့် မတင့်တယ်။ အိုမင်းသူတို့သည် မိမိတို့အရွယ်နှင့်လိုက်သော အဝတ်ကိုသာ ဝတ်ဆင်ရ၏။ ထိုသို့မဟုတ်ပါက ကဲ့ရဲ့ဖွယ်ဖြစ်၏။ သို့သော် သီလဆိုသောအရာသည်ကား လူကြီးလူငယ် လူလတ်၊ ကျား၊ မ အချိန်အခါမရွေး

ဆင်မြန်း၍ တင့်တယ်သောအရာဖြစ်သည်ဟု ပညာရှိတို့က ဆို၏။

သီလကို တစ်နည်းဖြင့် စေတနာဟုလည်း ခေါ်၏။ စေတနာမပါဘဲ သဒ္ဓါတရား၊ သစ္စာတရားနှင့် ဝိရိယ တရားတို့ဖြစ်ပေါ်ရန် ခဲယဉ်း၏။ စေတနာ၏ စေ့ဆော်မှုဖြင့် သဒ္ဓါတရားသည် ဖြစ်ရ၏။ သစ္စာတည်ကြည်မှု သည်ရ၏။ ဝိရိယသည်နိုးကြ၏။

ထို့ကြောင့် ကျွန်တော်တို့သည် သီလကို ဆောက်တည်ကြရမည်။ ပြုကျင့်မည့်သီလဲကို မပြုကျင့်ခြင်းသည် ငါးပါးသီလ၊ ဆယ်ပါးသီလ စသော ခါးဝတ်ပုဆိုးကဲ့သို့မြစွာ ဝတ်ဆင်ရမည့် သီလပျက်ခြင်းနှင့် ထပ်တူထပ်မျှပင် အပြစ်ကြီးပါ၏။ ပြုကျင့်ရမည့် သီလပျက်ကွက်ပါက ပို၍ဆိုးသော အရာမှာ လုပ်ငန်း ခွင့်ပျက်ကွက်ခြင်း၊ ကျေးဇူးတရား ပျက်သုဉ်းခြင်း၊ သစ္စာမဲ့ခြင်းတို့ဖြစ်ရ၍ အရာရာ ပျက်စီးတတ်ပါ၏။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကို တည်ဆောက်နေချိန်ဖြစ်သည်။ အားနှင့်ခွန်နှင့် လုံ့လဝိရိယ ဇွဲသတ္တိတို့ကိုသုံး၍ ၂၁ရာစုကမ္ဘာရွာတွင် မြန်မာဟေ့ကု ငါကြွေးကြော်လုပ်ဆောင်ရမည့်ကာလ ရောက်ခါမှ အလုပ်မှ လစ်ထွက်လာသည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုရမည့်အချိန်မဟုတ်။ နိုင်ငံတော်တစ်နံ့တလျားတွင် အထက်အောက်မလျှံ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

တော်၏ ဝန်ထမ်းကလည်း နိုင်ငံတော် ဝန်ထမ်း အလျောက်၊ ကုမ္ပဏီဝန်ထမ်းကလည်း ကုမ္ပဏီဝန်ထမ်း အလျောက် မိမိပြုကျင့်ရမည့် စာရိတ္တ သီလကို စောင့်ထိန်းပါမှ ၂၁ ရာစုတွင် အများတကာနိုင်ငံများကို ရင်ဘောင်တန်း နိုင်၍ ကမ္ဘာမှာ မြန်မာဟု ဝံ့ကြွားနိုင်မည်ဖြစ်ပါသည်။

အခန်း (၁၈)

တရားနှင့်ညီညွတ်သော အသက်မွေးမှု

ကျွန်တော်သည် လူငယ်တစ်စုအား နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် မိတ်ဆက်ပေးဖူးပါသည်။ မမျှော်လင့်ဘဲ သူတို့အလုပ်ဖြစ်သွားကြသည်။ ထိုလူငယ်များက ယင်းနိုင်ငံခြားကုမ္ပဏီသို့ ငရုတ်သီးအမှုန့်များ တင်ပို့ ပေးရသည်။ ထို့ကြောင့် လူငယ်များသည် နိုင်ငံခြားငွေ မြိုးမြိုးမြှက်မြှက်ရကြသည်။ တစ်နှစ်လောက်ကြာပြီး တော့နိုင်ငံခြားကုမ္ပဏီက ထိုလူငယ်များထံမှ ငရုတ်သီး နှင့် နနွင်းမှုန့်များကို မဝယ်တော့ဟုသိရ၏။ အကြောင်းရင်းကိုမေးကြည့်တော့ လူငယ်

www.burmeseclassic.com

www.burmeseclassic.com

များသည် ပထမပိုင်းတွင် အရည်အသွေးရှိ ငရုပ်သီးမှုန့်များကို ပေးသွင်းသော်လည်း နောက်ပိုင်းတွင် ငရုပ်သီးဖလံဖြူ၊ ငရုပ်သီးအညှာ နှင့် အရိုးများကိုပါ ကြိတ်ထည့်၍ အရည်အသွေးမမီသောကြောင့် မဝယ်ဟုဆိုပါ၏။ အခုတော့ ထိုလူငယ်တစ်စုလည်း အလုပ်မရှိတော့။ ပြည်တွင်း၌သာ ရှာစားနေကြရ၏။

တခြားမိတ်ဆွေတစ်ဦး၏ မကြာသေးမီက အဖြစ်က မြန်မာပြည်မှ ပဲမျိုးစုံကို တောင်ကိုရီးယားသို့ ပို့သည်။ တောင်ကိုရီးယားရောက်တော့ ပေးပို့လိုက်သောပဲများသည် ခဲများ၊ အမှိုက်များမစင်၍ ပစ္စည်းများကို မြန်မာပြည်သို့ ပြန်ပို့သည်။ သန့်စင်အောင်လုပ်ပြီး မှ ကိုရီးယားသို့ပြန်ပို့ရန် ဖြစ်၏။ ပြန်ပို့စရိတ်ကို တစ်ယောက်တစ်ဝက်စီ ခံကြရမည်ဟု ဆို၏။ ထိုဖြစ်ရပ်က လုံးဝမိတ်ပျက်မသွားသော်လည်း နှစ်ဖက်စလုံးက သဘော်စရိတ် အပိုကုန်ခြင်း၊ အချိန်ကုန်ခြင်းများဖြစ်ရသည်။

ကြိမ်နှင့်ဝါးတို့ဖြင့်လုပ်သော တူများတင်ပို့ရာတွင်လည်း အလားတူအဖြစ်ပျက်မျိုးများကို ကြားရသည်။

၂၁ ရာစုတွင် နိုင်ငံတကာနှင့် ဆက်ဆံရာ တွင် အပြန်အလှန်ရိုးသားကြမှ၊ အစွမ်းကုန် အရည် အသွေး တည်ဆောက်မှ အလုပ်ဖြစ်နိုင်ကြမည်ဖြစ်သည်။ သို့

မဟုတ်ပါက ဖေါ်ပြပါအတိုင်း ဖေါက်သည် ဆုံးရှုံးမှုကိစ္စ မလွဲမသွေ ကြုံတွေ့ရမည်။ စျေးကွက် စီးပွားရေးစနစ်တွင် ဖေါက်သည် ဆုံးရှုံးခြင်းသည် စီးပွားပျက်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ဖေါက်သည်ကို တည်ဆောက်ရာတွင် ရိုးသားမှု၊ အရည် အသွေးရှိမှုနှင့် တည်ဆောက်ကြရမည်ဖြစ်သည်။

၂၁ ရာစုတွင် လူသားများသာ အသိဉာဏ်ရှိကြမည်မဟုတ်၊ လူသားတို့နေထိုင်သောအဆောက် အအုံများပင်လျှင် အသိဉာဏ်ရှိကြသည်။ ခေတ်သစ် လူသားသည် INTELLIGENT BUILDING ခေါ် အသိဉာဏ်ရှိသောအဆောက်အအုံများတွင်သာနေကြမည်ဖြစ်၏။ လူသားတို့သည် ၂၁ ရာစုတွင် မိမိတို့နေထိုင်သောအဆောက်အအုံများနေအိမ်များကို တယ်လီဖုန်း၊ ဖက်(စ)၊ အင်တာနက်၊ အီးမေး(လ်)၊ တီဗွီလိုင်းများ၊ လျှပ်စစ်လိုင်းများ တပ်ဆင်ထား ကြမည်ဖြစ်၏။ ထို့ကြောင့်လည်း ဤကမ္ဘာကြီးကို ချိတ်ဆက်ထားသော ကမ္ဘာ WIRED WORLD ဟုခေါ် ဆိုကြခြင်းဖြစ်၏။ ဤကဲ့သို့ ဆက်သွယ်ရေးကွန်ယက်များကို ချိတ်ဆက်ထားခြင်းကြောင့် ဤကမ္ဘာမြေသည်လည်း ရွာကမ္ဘာဘဝသို့ရောက်ရတော့၏။ ၁၉၉၀ ပြည့်နှစ်က ကမ္ဘာပေါ်တွင် အင်တာနက်တပ်ဆင်မှုသည် တစ်သန်းခန့်သာရှိသော်လည်း ၂၀၀၀ ပြည့်နှစ်တွင် သန်း ၇၀

www.burmeseclassic.com

www.burmeseclassic.com

မျှရှိခဲ့ပြီး ၂၁ ရာစုအစတွင် သန်း ၇၀၀ မျှရှိလာမည်ဟု ခန့်မှန်းထားကြ၏။ ဆက်သွယ်မှုအရပ်ရပ်သည် တစ်နေ့ထက်တစ်နေ့ ပိုမိုထက်မြက်လာသည်နှင့်အညီ ရှေးအခါက ကမ္ဘာပေါ်တွင် သမုဒ္ဒရာကြီးများခြားနားမှုသည် လူသားတို့အတွက် အကြီးအကျယ် အဟန့်အတားဖြစ်ခဲ့သော်လည်း ၂၁ ရာစုတွင် သမုဒ္ဒရာဟူသောအရာသည် ဘာအဟန့်အတားမျှ မဖြစ်နိုင်တော့ပေ"

ကမ္ဘာ့ဆက်သွယ်မှုကွန်ယက်သည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလျှက်ရှိ၏။ ယခုအခါ လေယာဉ်ပျံသန်းနေစဉ်ကာလ၌ပင် ကွန်ပျူတာဆက်သွယ်ရေးစနစ်များကို လေကြောင်းကုမ္ပဏီကြီးများက စတင်အသုံးပြုနေပြီဖြစ်၏။ မကြာမီ လူသားသည် အလွန်အားကောင်းသော ဆက်သွယ်ရေးစနစ်များကို အသုံးပြုကာ ကမ္ဘာ့မည်သည့်နေရာတွင်မဆိုရှိသော မိမိတွေ့ဆုံလိုသည့်သူကို ဖန်သားပြင်ပေါ်မှတစ်ဆင့် အလွယ်တကူမြင်တွေ့စကားပြောနိုင်မည်ဖြစ်၏။ ကွန်ပျူတာတယ်လီဗေးရှင်းဖြင့် ဈေးဝယ်ခြင်း၊ ဆေးကုခြင်း၊ စည်းဝေးခြင်း၊ ကျောင်းသင်ခန်းစာပို့ချခြင်း ဟောပြောခြင်းတို့ကို ပြုလုပ်လာကြမည်ဖြစ်၏။ အစည်းအဝေးများကို လူခြင်းဆုံတွေ့စရာမလိုဘဲ ဗီဒီယိုကွန်ဖရင့်ဇင်းများ ပြုလုပ်လာကြမည်ဖြစ်ရာ မိမိ

ကုမ္ပဏီက အမှားတစ်ချက်ပြုလုပ်မိရုံဖြင့် ထိုဆက်သွယ်မှုကွန်ယက်များကြောင့် ကမ္ဘာအရပ်ရပ်က ချက်ချင်းသိရှိကာ ထိုကုမ္ပဏီ ထိုကော်ပိုရေးရှင်းကို မည်သူမျှ ဆက်သွယ်တော့မည် မဟုတ်ပေ။ ဆက်သွယ်မှုစနစ်များကောင်းလေ ရိုးသားမှု ဖြောင့်မတ်မှု အရည်အသွေး တည်ဆောက်မှုတို့သည် ပို၍ လိုအပ်မည်ဖြစ်သည်။ မရိုးဖြောင့်ခြင်း၊ အရည်အသွေးမရှိခြင်းတို့ကို ဆက်သွယ်ရေးကွန်ယက်များမှ တစ်ဆင့် လူတိုင်းသိရှိနိုင်မည်ဖြစ်ရာ မိမိတစ်ချက်မှားယွင်းရုံမျှဖြင့် ထိုအမှားသည် ချက်ချင်းဆက်သွယ်ရေး ကွန်ယက်မှ တစ်ကမ္ဘာလုံးသို့ ပြန့်သွားမည်ဖြစ်ပါ၏။ ထိုအခါ မိမိ၏ဖေါက်သည်လည်း နာရီပိုင်းအတွင်း အဆက်အသွယ်ပြတ်တောက်ကုန်စရာရှိနေ၏။ ကမ္ဘာပေါ်တွင် ဘရစ်စတုန်းတာယာသည် နာမည်ကြီး တာယာကုမ္ပဏီကြီးဖြစ်သည်။ သို့ မိမိမှထုတ်လုပ်သော ဖယားစတုန်းတာယာများ၏ အရည်အသွေးညံ့ဖျင်းမှု ကြောင့် အနှစ် ၁၀၀ ကျော်ဆက်ဆံခဲ့သော မိတ်ဆွေ ဖို့ဒ် ကုမ္ပဏီနှင့် အိုးစားကွဲကာ စီးပွားပျက်ရသော ဘဝနှင့်ကြုံခဲ့ရ၏။

ရှေးအခါက ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရာတွင် ငွေကြေး၊ ပစ္စည်း၊ အိမ်ရာ၊ မြေ စသည်တို့သည် အရေးအကြီးဆောရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစုဌ် ရင်းနှီးမြှုပ်နှံမှုပြုကြရာတွင် ငွေ၊ ပစ္စည်း၊ အိမ်ရာ၊ မြေ စသည်တို့ထက်ပို၍ ရှေးတန်းသို့ရောက်လာသောအရာများရှိပါ၏။ ယင်းတို့မှာ ရိုးသားမှု၊ အရည်အသွေးနှင့် သတင်းအချက်အလက်များဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် တစ်နှပ်စားပြုလုပ်၍ ရသောကမ္ဘာကြီးမဟုတ်တော့ပြီ။ မြန်မာနိုင်ငံသည် ယခုမှစျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးစ နိုင်ငံဖြစ်သည်။ မြန်မာသည် ကမ္ဘာ့စျေးကွက်တွင် မြောက်မြားစွာ တွင်ကျယ်မှုမရှိသေးပေ။ ထိုအခါမျိုးတွင် ပန်းထိမ်မတတ်ခင်က ရွှေခိုးသင်သော ဖြစ်ရပ်များ ရှောင်ဖို့လိုပါ၏။

လောကီစီးပွားရှာရာတွင် ရိုးသားမှုကို အခြေခံရမည်ဆိုသည့်အကြောင်းကို လွန်ခဲ့သောအနှစ် တစ်ရာကျော် လယ်တီဆရာတော်ကြီးသည် တပည့် တကာဒကာမတို့အား အလေးအနက်ထား ဆုံးမခဲ့သည်။

ဆရာတော်ကြီးက စီးပွားရေးလုပ်ရာတွင် ဆီထဲတွင်ရေနွေးရော၊ ဆေးရွက်ထဲထဲ ရွက်ခြောက်ညှပ်ရေနံတွင် ရေစွတ်၊ လက်ဖက်တွင် ရေထိုးပြီး ပါးစပ်ကတော့ မိမိတို့ရောင်းချသည့်ကုန် တကယ်ကောင်းအဟုတ်ကောင်း ကျိန်တွယ်၍ပြောတတ်ကြသည်။ ထိုသို့လိမ်လည်ကျိန်တွယ်ပြောဆိုသူများသည် အပေ

ဉာဏ်လောဘနှင့် ဝစီကံစောရများဖြစ်သည်ဟု လယ်တီဆရာတော်ကြီးက ရိုးရိုးနှင့်ရှင်းရှင်းဆုံးမခဲ့၏။

ဆီထဲမှရေနွေး
ဆေးရွက်မှာရွက်ခြပ်
ဗျပ်ထဲမှ မုရင်းဆန်
ရေနံမှာရေရော
လက်ဖက်မှာရေကူ
ဘယ်ကုန်မျိုးမတူပြီ
တူသာတူ ပေသာပေ
ညစ်နည်းတွေကိုယ်စီနှင့်
အပလီဉာဏ်လောဘ
ဝစီကံစောရများ . . . . ကဲ့သို့

ဟူ၍ ဆုံးမရုံသာမက ဆရာတော်ကြီးက ထိုကဲ့သို့လုပ်ဆောင်၍ စီးပွားရှာသူများကို သပွတ်အူအသက်မွေးမှုဖြင့်၊ အပြောက ဝတီ သုံ၊ မနောက ကလိမ်ခြို့၊ သူတော်ယောင်၊ တစ်ဖက်လှ၊ ပါးစပ်ပြောက ပျားသကာ၊ ခါတ်သဘောက ခါးတမဲ၊ မပြုသာလျှင် ငရဲကြောက်၊ ပြုသာလျှင် အလဲအမှောက်ပြုကြသည်ကို ရှောင်၍ အာဇီဝဖြူ ဖြူနှင့် တရားနှင့်ညီညွတ်သော အသက်မွေးမှုကို လုပ်ဆောင်ရန်အထင်အရှား ဆုံးမခဲ့ဖူးပါ၏။ ဆရာတော်ကြီး၏မေတ္တာစာသည် လွန်ခဲ့သော အနှစ် ၁၀၀ ကျော်က တပည့်တကာများကို ဆုံးမခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

လည်း ယနေ့ကမ္ဘာစီးပွားရေးကို မြန်မာတို့ တိုးဝင်လုပ်ဆောင်နေသည့်ကာလ၊ မျက်မှောက်ကာလကို ဆုံးမနေသည့်အတိုင်း ခေတ်မီ၍နေပါ၏။

ယနေ့ကာလသည် ကမ္ဘာစီးပွားရေးနယ်ပယ်သို့ မိမိတို့ဝင်ဆံ့နိုင်အောင် ကြိုးစားနေရသောကာလဖြစ်သည်။ ထိုအချိန်မျိုးတွင် ကမ္ဘာစီးပွားရေးနယ်ပယ်အရပ်ရပ်တွင် ဖောက်သည်များ တိုးပွားအောင်ရရှိပြီး ဖောက်သည်များ မပျက်ရအောင် ကြိုးစားကြရမည်ဖြစ်၏။ ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်များဖြင့် နှတ်မျက်စိရနေသော ဤနေ့လိုကာလများတွင် ကမ္ဘာစီးပွားရေးနယ်ပယ်၌ မိမိတို့ဝေစု၊ မိမိတို့နေရာကို ဝင်ရောက်နေရာယူကြရာတွင် လယ်တီဆရာတော်ကြီး ဆုံးမတော်မူခဲ့သည့်အတိုင်း အာဇီဝဖြူဖြူနှင့် တရားနှင့်ညီညွတ်သော အသက်မွေးမှုကိုပြုမှ ကမ္ဘာ့အလယ်တွင် မိမိတို့ တစ်နေရာ ရနိုင်မည်ဖြစ်ကြောင်း ရေးသားရပါသည်။

အခန်း (၁၉)

အကောင်းဆုံးအနုပညာပစ္စည်း ပေါ်ထွက်ချိန်

အကျော်အမော်မြန်မာပန်းချီဆရာတစ်ဦးဖြစ်သူ ဆရာပေါ်ဦးသက်က မိမိသည် အကောင်းဆုံးပန်းချီကားများကို စိတ်အတည်ငြိမ်ဆုံးအချိန်တွင် ရေးသောအခါများတွင် သာရသည်။ မိမိသည် မကြာခဏတရားထိုင်၍ စိတ်တည်ငြိမ်မှုကို ရှာပြီးသောအခါတွင်မှ ပန်းချီရေးဆွဲသည်။ အနုပညာရှင်များ၏ အကောင်းဆုံးလက်ရာ Master Piece များကို စိတ်အတည်ငြိမ်ဆုံးကာလများ တွင်မှ ရတတ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဦးဖူးဇင်။

စာရေးဆရာတစ်ဦး၏အကောင်းဆုံးစာ၊ ပန်ပုဆရာတစ်ဦး၏အကောင်းဆုံးပန်းပု၊ မည်သည့်အကောင်းဆုံး အနုပညာပစ္စည်းများမဆို ထိုအနုပညာရှင်၏ စိတ်အရှင်းဆုံးအချိန်၊ စိတ်အအေးချမ်းဆုံးအချိန် ၌ ဖန်တီးမှုများသာဖြစ်တတ်သည်ဟု ဆရာပေါ်ဦးသက်က ဆို၏။ တစ်ခါက မိမိထံ ကြက်ခြေနီပန်းချီကားတချပ် လာရောက် အပ်နှံရာ ပထမ ဘာရေးရမှန်းမသိ။ ကြက်ခြေနီတံဆိပ်ကိုပဲ ဆွဲရမှာလား၊ ကြက်ခြေနီဝတ်ဝုံ နှင့် လူငယ်များပုံကိုပဲ ရေးရမလား၊ လမ်းကူးနေသော အဘွားတစ်ဦးကို ကြက်ခြေနီမောင်မယ်များက ကူညီနေသည့်ပုံကိုပဲ ဆွဲရမည်လား၊ ဘာဆွဲရမည်ကို မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေ၏။ ထိုအခါတရားစခန်း ဝင်၍ တရားထိုင်ပြီး မိမိ ဘာဆွဲရမည်နည်းဟု စိတ်ကူးရာ စိတ်ကူးတစ်ခုပေါ်လာ၍ ယင်းပုံကို ဆွဲခဲ့ရာ မိမိလည်းကြိုက်၊ ပန်းချီအပ်နှံသူလည်း ကြိုက်နှစ်သက်ခဲ့သည်ဟုဆို၏။ ထိုအခါက မိမိ ရေးဆွဲသောပုံသည် တောလမ်းခရီးတစ်ခုတွင် အဘိုး၏ ခြေထောက် ဆူးစူးနေသည်ကို မြေးဖြစ်သူက ဆူးထွင် ပေးနေသောပုံဖြစ်၍ မြန်မာမှုလည်းပါ၊ အဘိုးနှင့်မြေးတို့၏မေတ္တာ တရားလည်း ပေါ်လွင်ပြီး ကြက်ခြေနီစိတ်ခါတ်လည်း ထိုပုံတွင်

ထင်ဟပ်နေ သည်ဟု ပြောလို၏။

ဆရာပေါ်ဦးသက်ပြောခဲ့သော စိတ်အတည်ငြိမ်ဆုံး၊ အအေးချမ်းဆုံး ၊သမာဓိအရှိဆုံးဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနဟူသော စိတ်များလည်း ကင်းစင်၍ ကြောက်စိတ်၊ စိုးရိမ်စိတ်၊ ပူပန်မှုသောကဗျာပါဒတရားများမှလည်း လွတ်လွတ်မြောက်နေချိန်ဖြစ်သည်။ ထိုအချိန်သည် စိတ်ကောင်းတည်ရှိနေချိန်ဖြစ်သည်။ ထိုအချိန်သည် စိတ်၌ ရိုးသားဖြူစင်မှု ကိန်းအောင်းနေချိန်ဖြစ်သည်။ ထိုအချိန်တွင် လုပ်ဆောင်သောအရာများ တိုးတက်အောင်မြင်မှုရကြသည်။ လောဘ ဒေါသ မောဟတို့ဖြင့် ဆောင်ရွက်သောကိစ္စများ၊ ပူပန်စိတ်၊ စိုးရိမ်စိတ် သောကဗျာပါဒ အကြောက်တရားများဖြင့် ဆောင်ရွက်သောအခါများတွင် ပျက်စီးမှုဆုံးရှုံးမှု ရှိတတ်သည်။

စကော့လူမျိုးသောမတ်(စ်)ကာလိုင်းဆိုသူ စာရေးဆရာကြီးက Hero and Heroworship ဆိုသောစာအုပ်တစ်အုပ်ကို ရေးဖူးသည်။ ထိုစာအုပ်သည် လူကဲခတ်နည်း စာအုပ်တစ်အုပ်ဖြစ်၍ ယင်းစာအုပ်သည် ကမ္ဘာ့ထိပ်တန်းကြဲ အောင်မြင်ရပုဂ္ဂိုလ်တစ်ရာကျော်အကြောင်းကို ရေးထားသည်။ သူလေ့လာရေးသားထားသော ပုဂ္ဂိုလ်များထဲတွင်

www.burmeseclassic.com

www.burmeseclassic.com

စကင်ဒီနေဗီးယားနိုင် ငံများတွင် အလွန်ကျော်ကြား သည့် အိုဒင်၊ အီတလီမှ ကဗျာဆရာ ကြီး ဒန်တေ၊ ပြိတိန်နိုင်ငံမှ စာရေးဆရာကြီး ရှိတ်စပီးယား၊ ပြင်သစ်နိုင်ငံမှ တွေးခေါ်ပညာရှင်ကြီး ရူးဆိုး၊ စစ်သူကြီးနပိုလီယံ၊ အိုလီဗာကရွန်းဝဲ အစရှိသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများပါဝင်၏။ သောမတ်(စ်)ကာလိုင်း၏ လေ့လာချက်အရ မိမိလေ့လာခဲ့သော ယင်းကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ ကမ္ဘာ့ဆင်ကြီးများ အားလုံး၌ ဖြူစင်ရိုးသားမှု ရှိခြင်းပင်ဖြစ်သည်ဟု ဆိုပါ၏။

ထို့ကြောင့် အကောင်းဆုံး အနုပညာပစ္စည်း များပေါ်ထွက်လာဖို့ ရိုးသွားဖြူစင်မှု လိုအပ်သလို အကောင်းဆုံး၊ အတော်ဆုံးလူပုဂ္ဂိုလ်များ၊ အထင်ရှား ဆုံး ပုဂ္ဂိုလ်များတွင်လည်း ရိုးသားမှုရှိနေစမြဲဖြစ်သည်။

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကျေးဇူး ရှင် ကျမ်းပြုဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ၏ ကျောင်းတိုက်နေ စာသင်ရဟန်းပုဂ္ဂိုလ် ရှင် ပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်း ၁၀ ချက်ကို သတ်မှတ်ထားသည်။

၁။ စိတ်ကောင်းရှိဖို့သည် ပထမ
၂။ ဝိနည်းလေးစားဖို့က ဒုတိယ
၃။ ကျန်းမာဖို့က တတိယ

၄။ သန့်ရှင်းဖို့က စတုတ္ထ
၅။ အဝတ်အစားဝတ်တတ်ဖို့က ပဉ္စမ
၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ
၇။ အသွားအလာတတ်ဖို့က သတ္တမ
၈။ အပြောအဆိုတတ်ဖို့က အဋ္ဌမ
၉။ စည်းကမ်းလိုက်နာဖို့က နဝမ
၁၀။ စာတတ်ဖို့က ဒသမ

ဟူ၍ သတ်မှတ်ထားပါ၏။ ကမ္ဘာသိကျော်ကြားသော ဗုဒ္ဓစာပေကျမ်းဂန်သင်ကြားမှုကျောင်းတော်ကြီးတွင် စည်းကမ်းသတ်မှတ်ရာတွင် စိတ်ကောင်းရှိဖို့ကိစ္စကို ပထမ ထားရှိပါ၏။ စိတ်ကောင်းရှိဖို့ဆိုသော စကားရပ် ကိုရှင်းလင်းရာတွင် ဆရာတော်ကြီး အရှင် ဇနကာဘိဝံသက "ထင်ရှားသော လောဘ၊ ဒေါသ၊ မာန၊ ဣဿ၊ မစ္ဆရိယ တစ်စွန်းတစ်စမပေါ် အောင် စိတ်ကို အမြဲ စောင့်ရှောက်စေခြင်း ဗုဒ္ဓနာဿတိစသော ဘာဝနာ တစ်မျိုးမျိုးဖြင့် ငယ်ရွယ် စဉ်မှစ၍ တဖြည်းဖြည်းစိတ်ကို ယဉ်လာအောင် ပြုပြင်ခြင်း"ဟု အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်း ခဲ့ပါ၏။

မကြာသေးမီက စင်ကာပူနိုင်ငံ၏ ဝန်ကြီး ချုပ်ဟောင်း ဝါရင့် ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သူ လီကွမ်ယူး စင်ကာပူနိုင်ငံ၏ ပညာရေးစနစ် နှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိတို့ လူငယ်များ

www.burmeseclassic.com

www.burmeseclassic.com

သည် အဆင့်မြင့်နည်းပညာများကိုချည်း သင်ကြား နေရာမှ ခေတ်သစ် ကမ္ဘာတွင် ရုပ်ကြွမ်းအယူအဆ များ စွဲကပ်လာနိုင်သည်။ ထို့ကြောင့် လောကနီတိ ဆိုင်ရာ သင်ခန်းစာများကို ယခုကတည်းထဲက လူငယ် များအား သင်ကြားပေးရန် ပြောဆိုခဲ့၏။ သို့တိုင် အောင် စင်ကာပူနိုင်ငံ၏ပညာရေးစနစ်သည် အတတ် ပညာ ဖွံ့ဖြိုးရေး၊ စာရိတ္တကောင်းမွန်ရေး ကိုယ်လက် ကြံ့ခိုင်ရေးတို့ကို ညီညွတ်မျှတစွာ ဦးတည်ထားသော ပညာရေးစနစ်ဖြစ်၏။

ယနေ့မြန်မာသည် ကမ္ဘာ့အလယ်တွင် ထည် ထည်ဝါဝါဝင်ရောက်နိုင်ရန် ကြိုးစားအားထုတ် နေသောအချိန်ဖြစ်သည်။ ကမ္ဘာကလည်း မြန်မာ ဆိုတာဘာလဲ ဟု စတင်စူးစမ်းနေချိန်ဖြစ်သည်။ မြန်မာ သည် ဇာတိသွေး၊ ဇာတိမာန်ရှိသော၊ ထူးခြားသည့် ကိုယ်ရည် ကိုယ်သွေးရှိသော လူမျိုးဖြစ်သည်။ သို့သော် ကိုလိုနီ ခေတ်ကာလတွင် မြန်မာတို့သည် ဇာတိသွေး၊ ဇာတိမာန်ရော ကိုယ်ရည် ကိုယ်သွေးပါ အချို့နှိမ်ခံ ခဲ့ရသည်။ ထိုကဲ့သို့ အချို့နှိမ်ခံခဲ့ရသည်ကို လွတ်လပ် ရေးရပြီး ရောင်စုံသောင်းကျန်းမှုကာလကို ဖြတ်သန်းခဲ့ ရချိန်တွင်လည်း ထိရောက်စွာ မဖြေပြင်နိုင်ဘဲရှိရာ ယခုကဲ့သို့ ကမ္ဘာ့ နယ်ပယ်အသီးသီးသို့ ဝန်ဆံ့နိုင် ရေးအတွက် ကြိုးစားရာတွင် ပထမဆုံး ရှိုးသားမှု

SINCERITY နှင့်အရင်းတည်ရမည် ဖြစ်သည်။ ရိုးသားမှုဆိုသည်မှာ အကောင်းဆုံးဖြစ်ရုံ သာမက အခြားရွေးချယ်ဖွယ်မရှိသည့် တစ်ကြောင်းတည်း သော လမ်းဖြစ်ပါ၏။

ယနေ့ကမ္ဘာသည် လူသားတို့နှစ်ပေါင်း ၆၀၀၀ ခန့်ဖြတ်သန်းလာခဲ့ပြီဖြစ်သောကြောင့် အရည် အသွေးဆိုသောကာလသို့ရောက်ရှိနေသော အချိန် ဖြစ်သည်။ အရည်အသွေးမရှိဘဲ ယနေ့ကာလတွင် မိမိအိမ် ခြံစည်းရိုးကိုမျှ ကျော်၍မရသော မျက်မှောက် ခေတ် ကမ္ဘာ့ အလယ်တွင် ထည်ထည်ဝါဝါ ဝင်ရောက် လိုပါက ပထမဆုံး တည်ဆောက်ရမည့် အရာမှာ အရည်အသွေးပင်ဖြစ်သည်။ အကောင်းဆုံး အရည် အသွေးကို ရိုးသားမှု နှင့်မှတစ်ပါး အခြားဘာနှင့်မှ တည်ဆောက်၍မရပေ။ ရိုးသားမှုအရည်အသွေး သည် တစ်ခုတည်းသောမှတ် ကျောက်ဖြစ်ပါ၏။ ရိုး သားမှု မှတ်ကျောက်တွင် အတင်မခံနိုင်သော မည် သည့်ကိစ္စ၊ မည်သည့်ပစ္စည်းမျှ အရည်အသွေးကို တည်ဆောက်နိုင်မည်မဟုတ်။

နိုင်ငံတည်ဆောက်ရာတွင် သဘာဝသယံ ဇာတပေါကြွယ်ဝမှုသည် အားသာချက်တစ်ခုဖြစ်သလို လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးမှာလည်း မရှိမဖြစ် အရေး ကြီး သောအရာဖြစ်၏။ လူ့အရင်းအမြစ် ဖွံ့ဖြိုး

www.burmeseclassic.com

www.burmeseclassic.com

မှုကို တည်ဆောက်ရန် မဖြစ်မနေ ပါဝင်ရမည့် အရာသည် ရိုးသားမှုပင်ဖြစ်ပါ၏။ ရိုးသားမှုမပါပဲ လူအရင်းအမြစ်ဖွံ့ဖြိုးအောင် မည်သို့မှ တည်ဆောက်နိုင်မည် မဟုတ်။ လူအရင်းအမြစ်ဖွံ့ဖြိုးမှုကို ရိုးသားမှုဟူသော ပေတံနှင့်သာ တိုင်းတာကြရမည်။

ထို့ကြောင့် အမိနိုင်ငံအား ဖွံ့ဖြိုးအောင်၊ ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်ကြရာတွင် အရိုးဆုံးနည်းဖြစ်သော ရိုးသားသောတည်ဆောက်မှုကို စတင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တင်ပြရပါသည်။

အခန်း (၂၀)

ငါ့မိကိုကား ငါမသိ

မကြာသေးမီက ကျွန်တော်သည် မန္တလေးသို့ ရောက်ရှိခဲ့ပါသည်။ ကျွန်တော် မန္တလေးရောက်၍ မီးရထားစာကြည့်တိုက်သို့ ရောက်ရှိစဉ် မီးရထားဝန်ကြီးဌာနဝန်ကြီးက ကျွန်တော့်အား ခေါ်သည်ဟုဆို၍ ကျွန်တော်သည် ဝန်ကြီးတည်းခိုရာနေရာ ဧည့်ရိပ်သာသို့ သွားရောက်တွေ့ဆုံခဲ့ပါ၏။ မီးရထားဝန်ကြီးဌာနဝန်ကြီးက 'ကျွန်တော်ရွာထောင်မှာ ဘိုးဘွားရိပ်သာတစ်ခုနှင့် ချောင်ဦးတွင် လူငယ်အမျိုးသမီးစောင့်ရှောက်ရေးဌာနတစ်ခုကို ဖွင့်လှစ်ထားသည်။ လိုက်ကြည့်ပြီး အကြံ

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ်ပေးပါဦး' ဟု ဆို၍ ထိုစဉ်က စာရေးဆရာ မင်းလူနှင့် ဒါရိုက်တာမောင်ဝဏ္ဏတို့သည် ဝန်ကြီးနှင့်အတူ ရွာထောင်နှင့် ချောင်းဦးသို့ သွားရောက်ကာ မီးရထားဝန်ကြီးဌာနဝန်ကြီး၏ စေတနာအပြည့်အဝနှင့် စီစဉ်ထားသော ဘိုးဘွားရိပ်သာနှင့် လူငယ်စောင့်ရှောက်ရေးဌာနသို့ သွားရောက်လေ့လာခဲ့ပါ၏။

ချောင်းဦးတွင် ကျွန်တော်တို့ တစ်ညအိပ်ခဲ့၏။ နောက်တစ်နေ့တွင် ဝန်ကြီးစောင့်ရှောက်ထားသော ကလေးများကို သွားရောက်လေ့လာခဲ့ပါသည်။ ဝန်ကြီးက 'ကိုချစ်စံ ကလေးများကို အားပေးစကားပြောပါဦး' ဟု ဆို၍ ကျွန်တော်က 'တစ်ခါတုန်းက အမျိုးသမီးကြီး တစ်ဦးရှိသည်။ ထိုအမျိုးသမီးကြီးသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး လူခြောက်ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ သူမသည် စာအုပ်ပေါင်းများစွာကို ရေးသားခဲ့သည်။ ဒေါက်တာဘွဲ့ကို ရယူခဲ့သည်။ တစ်ကမ္ဘာလုံးသို့ ခရီးထွက်ခဲ့သည်။ ကမ္ဘာကျော်လူပုဂ္ဂိုလ်များနှင့် အစိုးရအဖွဲ့အသီးသီး၊ လူအဖွဲ့အစည်းအသီးသီး၏ လေးစားမှုကိုလည်း ရရှိခဲ့သည်။ ထိုအမျိုးသမီးကြီးသည် စကားမပြောတတ်။ စကားမပြောတတ်ရုံသာမက မျက်စိလည်းမမြင်။ မျက်စိမမြင်ရုံသာမက နားလည်းမကြား။ ထိုအမျိုးသမီးကြီးသည် မွေးရာပါ ဆွံ့အနားမကြားသည့် ဘဝမှ လူသမိုင်းတစ်ရပ်လုံးက

လေးစားမှုရရှိအောင်၊ လူအဖွဲ့အစည်းကြီး ကောင်းမွန်မြင့်မြတ်အောင် ဆောင်ရွက်ကာ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးကား အခြားသူမဟုတ်။ မျက်မမြင် ဆွံ့အ နားမကြားသည့် ဒုက္ခိတအမျိုးသမီးကြီး မစ္စက်ဟယ်လင်ကဲလားပင် ဖြစ်သည်။ ဆွံ့အ နားမကြား ဒုက္ခိတဘဝမှ ကမ္ဘာကျော်သွားအောင် ဟယ်လင်ကဲလားပင်လျှင် ကြိုးစားနိုင်ခဲ့လျှင် ချောင်းဦးမြို့ရှိ အေးရိပ်မွန်ဟု အမည်ပေးထားသော၊ မီးရထားဝန်ကြီးဌာနဝန်ကြီးက ဖခင်သဖွယ်ပြုစုစောင့်ရှောက်ထားသော သမီးတို့သည် ခြေ၊ လက် အပြည့်အစုံရှိ၍ ဒုက္ခိတများလည်းမဟုတ်ကြ။ မျက်စိမြင်၊ နားကြားကာ သွက်လက်ချက်ခြာစွာ စကားပြောတတ်ပြီး ငယ်ရွယ်၍ အားမာန် အပြည့်ရှိနေသော သမီးတို့သည် အမိမဲ့ရုံ၊ အဖမဲ့ရုံ၊ မိဘမဲ့ရုံမျှဖြင့် ဤလောကကမ္ဘာမြေတွင် ဘာမျှ အား ငယ်စရာမရှိပြီ' ဟု ပြောကြားခဲ့ပါ၏။

ထိုစဉ်ကပင် ကျွန်တော်သည် ချောင်းဦး အေးရိပ်မွန်ရှိ ကလေးများကို စိတ်ဝင်စားခဲ့၏။ သူတို့၏ အားမာန်များကို တွေ့နေရ၏။ သူတို့တွင် မိဘဆွေမျိုးသားချင်းကို မှီ၍ ဖြစ်ပေါ်လာသော မာန်မာနတရားများ မရှိကြ။ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်များနှင့် တက်ကြွခြင်း၊ ငယ်ရွယ်ခြင်း၊ လုံ့လဝီရိယရှိခြင်းအစရှိသော

www.burmeseclassic.com

www.burmeseclassic.com

အားမာန်များကို တွေ့ခဲ့ရပေရာ ယခုမျှလောက်သော အချိန် ဖြင့်ကား စာတစ်ပုဒ်ရေးသားရန် မလုံလောက်။ ကျွန်တော်သည် ချောင်းဦးသို့ထပ်မံလာရောက်၍ လေ့လာခွင့်ပြုပါဟု မေတ္တာရပ်ခံခဲ့သည်ကို ဝန်ကြီးက ခွင့်ပြု၍ ကျွန်တော်တို့ ထိုနေ့က ချောင်းဦးမှ ပြန်ခဲ့ကြပါ၏။

ကျွန်တော်သည် ချောင်းဦးသို့ ဝန်ကြီးမပါရှိဘဲ သုံးခေါက်ခန့်ရောက်ခဲ့ပါ၏။ ထို့နောက် အေးရိပ်မွန် (၂) ဟု အမည်ပေးထားသော ယင်းစောင့်ရှောက်ရေးဌာနမှ လူငယ်များနှင့် အချိန်ယူ၍ တွေ့ဆုံခဲ့ပါ၏။

အေးရိပ်မွန် (၂)

ချောင်းဦးအမျိုးသမီးစောင့်ရှောက်ရေးဌာနကို အေးရိပ်မွန် (၂) ဟု အမည်ပေးထားခြင်းမှာ မန္တလေးနန်းရှေ့မှ ဖွားထေတို့ပြုစုစောင့်ရှောက်ထားသော လူငယ်အမျိုးသမီးစောင့်ရှောက်ရေးဌာနတစ်ခုဖြစ်သည့် အေးရိပ်မွန် (၁) ကို နမူနာယူ၊ အကူအညီယူကာ ဖွင့်လှစ်ထားခြင်းကြောင့် အေးရိပ်မွန် (၂) ဟု အမည်ပေးထားခြင်းဟု သိရ၏။

အေးရိပ်မွန် (၁) ၏ အစကား ချောင်းဦးမြို့နယ်တွင် ဘလွေဟူသော ကျေးရွာလေးတစ်ရွာရှိ၏။

ထိုရွာမှ ရွာသူရွာသားတို့သည် တစ်နှစ်တစ်ကြိမ်အဝေးသို့ သွားရောက်၍ အလုပ်လုပ်ကြရသည်။ ရှမ်းပြည်နယ်တွင် လက်ဖက်သွားခူးခြင်း ကျောက်တွင်းနှင့် ရွှေတွင်းများတွင် သွားရောက်လုပ်ကိုင်ကြရာတွင် အချို့လည်း ငှက်ဖျားမိ၊ အချို့လည်း အခြားရောဂါများ၊ မတော်တဆ ကိစ္စများကြောင့် ပျက်ဆီးဆုံးရှုံးကြရာတွင် နှစ်ကာလရှည်ကြာသောအခါ ဘလွေကျေးရွာတွင် မိဘမဲ့ကလေးများ များလာခဲ့၏။

ထိုကလေးများသည် ဘကြီးဘထွေး ဘုန်းတော်ကြီးကျောင်းတို့တွင် ကပ်နေခဲ့ရာ ဘကြီးဘထွေးတို့ကလည်း ဆင်းရဲသူများဖြစ်နေကြပြန်ရာ ထိုကလေးများအကြောင်းကို မီးရထားဝန်ကြီးဌာနဝန်ကြီးက ကြားသိရသောအခါ မိဘမဲ့အမျိုးသမီးငယ်များအား စောင့်ရှောက်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ကာ မန္တလေးမြို့ အေးရိပ်မွန် (၁) ကို စံနမူနာယူ၍ ချောင်းဦးတွင် အေးရိပ်မွန် (၂) ကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်၏။

ကျွန်တော် သွားရောက်လေ့လာချိန်တွင် ချောင်းဦးအေးရိပ်မွန် (၂) ၌ အစောင့်အရှောက်ခံ အမျိုးသမီးငယ် (၁၀၉) ဦးရှိ၍ ၁၀ နှစ်အောက် သမီးငယ် ၄၀ ကျော်၊ ၁၀ နှစ်အထက် သမီးငယ် ၅၀ ဦးကျော်ရှိသည်။ လသားနို့စို့အရွယ် သမီးငယ်လေးတစ်ဦးတိုပါ တွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဦးအေးရိပ်မွန် (၁) တွင် နာဂနှင့် ပအိုဝ်၊ ချင်းနှင့် ကချင် တိုင်းရင်းသူလေးများကိုလည်း တွေ့ခဲ့ရ၏။ ထိုတိုင်းရင်းသူလေးများကား မိဘမဲ့ မဟုတ်ကြ သူတို့မိဘများက ဆင်းရဲ၍ ပညာရေး အတွက် ချောင်းဦးအေးရိပ်မွန် (၂)သို့ လာရောက်မှီခို နေကြသောသူများဖြစ်ကြ၏။

မကာသီချော

ကျွန်တော်သည် ပထမဦးဆုံးအေးရိပ်မွန် (၂) ရှိ နာဂအမျိုးသမီးလေး မကာသီချောနှင့်တွေ့ဆုံသည်။ အေးရိပ်မွန် (၂)၌ အသက် ၁၈နှစ်သည် အကြီးဆုံး ပင်ဖြစ်သည်။ သူသည် လေရှီးမြို့နယ်မှဖြစ်၍ မိခင်မှာ မိမိအသက် ၇ နှစ်အရွယ်ကပင်ဆုံးသွားပြီး ဖခင်ကြီး နှင့် နေရသည်။ ဖခင်ဖြစ်သူက တောင်ယာလုပ်၍ညီ အစ်ကိုမောင်နှမလေးယောက်ရှိသည်။ 'သမီးအခု ရှစ်တန်းရောက်နေပါပြီ၊ သမီးတို့ဆီမှာက နေရထိုင် ရတာ ခက်ခဲပါတယ်၊ အခုလိုစားသောက်စရာရော အဝတ်အစားရောပေးတယ်၊ စာလဲသင်ပေးတယ် ဆိုတာ ကို ကျွန်မတို့ရွာက အစကတော့မယုံကြဘူး၊ မဖြစ်နိုင် ဘူးလို့ထင်ပါတယ်။ ဝန်ကြီးကိုယ်တိုင်က ပြုလုပ်တာဆိုတော့ အဖေကလည်း ငါတို့ပညာမတတ် လို့ ဆင်းရဲတယ်၊ သမီးစာတတ်အောင်သွားသင်ခဲ့ဆိုလို့

ကျွန်မ ချောင်းဦးကိုရောက်လာတာပါ။ သမီးဆယ်တန်း ဒါမှမဟုတ် ဘွဲ့ရတဲ့အထိ စာသင်မယ်၊ နောက်ပြီး သမီးတို့ရွာကို ပြန်ပြီး သမီးသိတာ တတ်ခဲ့တာတွေကို သမီးတို့ရွာက ကလေးတွေ ပညာတတ်အောင် သမီး ပြန်စာသင်ပေးမှာ'ဟု ဆိုပါ၏။

မဆွေ

ပအိုဝ်အမျိုးသမီးလေး မဆွေ၏ အသက်က (၁၄)နှစ်ဖြစ်၏။ သမီးလည်း ပညာတတ်ချင်လို့လာ တာပါ။ အေးရိပ်မွန်က သတ်မှတ်ထားတဲ့စည်းကမ်း တွေကို သမီးလိုက်နာပါတယ်။ သမီးတို့ရွာမှ တီဗွီတို့ ဘာတို့ မကြည့်ဘူးပါဘူး၊ အခုဒီရောက်မှကြည့်ရတာ တီဗွီထဲမှာ ထက်ထက်မိုးဦးနဲ့ အခြားအစ်မတွေ သိပ် လှတာပဲဟု ဆိုပါ၏။

မနီနီဝင်း

မနီနီဝင်း၏ အသက်က ၁၀နှစ်ဖြစ်သည်။ နီနီဝင်းက ဘလွေကျေးရွာမှဖြစ်သည်။ ဘလွေကျေးရွာ တွင် မိဘများက ဆင်းရဲ၍ စားဝတ်နေရေးကခက်ခဲ သောကြောင့် ပညာရေးအတွက် အေးရိပ်မွန် (၂) သို့ လာရောက်နေထိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မခင်ဖြူလင်း

မခင်ဖြူလင်းက မိဘများ အိမ်ထောင်ကွဲ၍ အေးရိပ်မွန် (၂) သို့ ရောက်ရှိလာခြင်းဖြစ်၏။

မအေးအေးမြင့်

မအေးအေးမြင့်၏ အသက် ၁၄ နှစ်ဖြစ် သည်။ ဖခင်က အသက် ငါးနှစ်အရွယ်တွင် ဆုံး၍ မိခင်က နောက်အိမ်ထောင်ပြုသည်။ အသက်ခြောက်နှစ် အရွယ်တွင် ပထွေးနှင့် နေရပြီး ပထွေးက နှိပ်စက် သည်။ ထို့နောက် အိမ်ဖော်လုပ်ဖို့ ရန်ကုန်သို့ သွား နေရသည်။ ထိုမှတဆင့် မြင်းမူသို့ရောက်သည်။ မြင်းမူမှတစ်ဆင့် အေးရိပ်မွန်(၂) သို့ ရောက်လာခြင်း ဖြစ်ရာ အမေနှင့်လည်း အဆက်အသွယ်မရှိတော့။ ဘယ်ရောက်နေပြီဆိုတာလည်း မသိတော့ဟု ဆိုပါ၏။

မမာမာအောင်

မမာမာအောင်က အသက် ၁၅နှစ်ဖြစ်၏။ ယခုတော့ သူက ကိုးတန်းရောက်နေပြီဖြစ်သည်။ စာတော်၍ အမိရောအဖပါ မရှိတော့။ မာမာအောင်က ' သမီးစာကြိုးစားမယ်၊ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်အောင် ကြိုးစားမယ်။ သမီး အင်ဂျင်နီယာ ဖြစ်ချင်တယ်။ သမီး အင်ဂျင်နီယာ

ဖြစ်ပြီးရင် သမီးတို့လို ဘဝတူလူငယ်တွေကို သမီး ကူညီမယ်။ မိဘမဲ့ခြင်းဆိုတာကို တကယ်မိဘမဲ့တော့မှ ဘယ်လိုခံစားရတယ်ဆိုတာ သိရတာပါပဲ။ မိဘမရှိ တာဟာ ဘယ်လောက်အားငယ်ရတယ်။ ဘယ်လောက် စိုးရိမ်ရတယ်ဆိုတာ သမီးသိပါတယ်။ အဲဒီ စိုးရိမ်စိတ် တွေ၊ အားငယ်စိတ်ဆွေ ခံစားရတဲ့ လူငယ်တွေကို သမီး အနေနဲ့ ကိုယ်ချင်းစာတယ်။ သမီးကြိုးလာရင် လူငယ် တွေကို သမီး အင်ဂျင်နီယာကြိုးလုပ်ပြီး၊ ကူပြီး မီးရထား ဝန်ကြီးဌာနဝန်ကြီးရဲ့ ကျေးဇူးကို ဆပ်ပါမယ်' ဟု ဆိုပါ၏။

မခင်စန်းမင်း

မခင်စန်းမင်းက နတ်မောက်မြို့ လင်ကဒိုး ကျေးရွာက ဖြစ်သည်။ မိဘနှစ်ပါးရှိသော်လည်း ဆင်းရဲ၍ ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိ၍ အေးရိပ်မွန် (၂) တွင် ပညာရည်နှီသောက်စို့ရန် လာရောက်ခြင်းဖြစ်သည်။ မိမိ အင်ဂျင်နီယာဖြစ်အောင် လုပ်မည်၊ အေးရိပ်မွန်ကို ပြန်လည်စောင့်ရှောက်မည်ဟု ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မစန်းစန်းမိုး

မစန်းစန်းမိုးက စစ်ကိုင်းမှဖြစ်သည်။ အဖေ မရှိ၊အမေတော့ရှိသည်။ အစ်ကိုတစ်ယောက်လည်း ရှိသည်။ တစ်ခါတစ်ရံအစ်ကိုက လာတွေ့ပါသည်ဟု ဆို၏။

မခင်စိုးဝင်း

မခင်စိုးဝင်းက အသက် ၁၃ နှစ်ရှိပြီး ခန္ဓိမှ ဖြစ်သည်။ မိဘနှစ်ပါး ကွယ်လွန်သွားပြီးဖြစ်၍ အစ်ကို များတော့ရှိသည်။ ခန္ဓိကိုလည်း မပြန်တော့။ ပညာ တတ်အောင်သင်မည်။ အေးရိပ်မွန်ကိုပြန်၍ စောင့် ရှောက်မည်ဟု ဆိုပါ၏။

ကျွန်တော်သည် အေးရိပ်မွန်တွင် တောင်ကြီးမှ ပအိုဝ်အမျိုးသမီးငယ် မသိန်းထူးနှင့် မစမ်းစမ်းမိုး၊ မနန်းနွယ်မိုး အစရှိသော သမီးငယ်လေးများနှင့်လည်း တွေ့ခဲ့၏။ ချောင်းဦး အေးရိပ်မွန် (၂) သည် အစစ အရာရှိ ပြည့်စုံမှုရှိပါသည်။ လူငယ်အများစုသည် အားမာန်တက်ကြွ၍ အေးရိပ်မွန် (၂) သည် မိမိတို့ အတွက် ဘဝမှီခိုရာဟု သတ်မှတ်ထားသော်လည်း အချို့သော ကလေးများမှာ လောကဓံတရား၏ ရိုက်ခတ်မှုကို ပြင်းထန်စွာ ခံစားခဲ့ရသဖြင့် ယနေ့

ထက်တိုင် အားငယ်စိတ် မပြေသေးဘဲရှိနေသည် ကိုလည်း တွေ့ခဲ့ရပါ၏။ ထိုကလေးများကိုလည်း အားပေးရသည်။

အေးရိပ်မွန်ကို ကော်မတီတစ်ရပ်ဖွဲ့စည်း အုပ်ချုပ်ပြီး မီးရထားဝန်ကြီးဌာန အထက်မြန်မာပြည် အထွေထွေမန်နေဂျာဖြစ်သူ ဦးဝင်းအောင်နှင့် ဇနီး တို့ကလည်း ရင်အုပ်မကွာ ပြုစုစောင့်ရှောက်လျက် ရှိပါ၏။

လောကတွင် ယခုကဲ့သို့ ဘဝအစကပင် မိမဲ့ဖမဲ့ ဖြစ်ကြရှာပြီး အကြောင်းကံမလှသူများ ရှိတတ်ကြရာ ထိုသို့သောသူများကို ကျန်လူ့အဖွဲ့အစည်းက စောင့် ရှောက်ကြရစမြဲ ဖြစ်ပါ၏။ ယခုမူ မီးရထား ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးက ခိုကိုးရာမဲ့ အမျိုးသမီးငယ်များ အား သမီးရင်းချာနှင့်မခြား ပြုစုစောင့်ရှောက်ထား သည်မှာ လေးစားအားရဖွယ်ရာဖြစ်၏။ ကံအကြောင်း မလှသော ဘဝကံခေသူများအား လူ့အဖွဲ့ အစည်းက မလွှဲမရှောင်သာစောင့်ရှောက်ထားရမည် ဖြစ်ပါ၏။

ဤကိစ္စသည် လူသားတိုင်းအတွက် မိမိတို့ အသက်ရှင်၍ လူဟူသော ဘဝကို ခံယူနေစဉ်ကာလ တစ်လျှောက်လုံး ဤကဲ့သို့သော ကိစ္စများကို တွေ့ ကြုံလာရပါက ကူညီစောင့်ရှောက်ရမည့်တာဝန် ဖြစ်ပါ ၏။ မီးရထား ပို့ဆောင်ရေးဝန်ကြီးသည် လိုတာဝန်ကို

www.burmeseclassic.com

www.burmeseclassic.com

ကျေပွန်သူ၊ မြင့်မြတ်သူတစ်ဦးဖြစ်၏။ မြန်မာ့ လူအဖွဲ့အစည်းသည် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အဖွဲ့အစည်းဖြစ်ပါ၏။

မြန်မာ ဘုန်းတော်ကြီးကျောင်းများသည် မိဘမဲ့ကလေးများကို သမိုင်းအစဉ်အဆက် တာဝန်ယူစောင့်ရှောက်ပေးခဲ့သည်။

မြန်မာ့သမိုင်းကို လေ့လာပါက စူဠသမ္ဘဝ၊ မဟာသမ္ဘဝသည်လည်းကောင်း၊ သရေခေတ္တ-ရာမဂတပါးမင်းသည်လည်းကောင်း၊ ပျူစောထီးသည်လည်းကောင်း မိဘမဲ့၊ ခိုကိုးရာမဲ့ လူငယ်များ ဖြစ်ပါ၏။ မြန်မာတို့သည် မြန်မာ အချင်းချင်းသာမက တိုင်းတစ်ပါးသား ခိုကိုးရာမဲ့ ဒုက္ခသည် ကုလားညီနောင်ကို သဒ္ဓါဆရာတော်က စောင့်ရှောက်ပြုစုခဲ့သော ဖြစ်ရပ်လည်းရှိသည်။ ဗျတ်ဝိန့်ဒ် ဗျတ္တသည် ခိုကိုးရာမဲ့ ဒုက္ခသည် ကုလားညီအစ်ကိုဖြစ်ပါ၏။

ပုဂံခေတ် ဘုန်းတော်ကြီးကျောင်းများ

၁၉၅၈ ခုနှစ် စက်တင်ဘာလက လူမှုဝန်ထမ်းဌာနက ထုတ်ဝေသော 'ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်းစာအုပ်နိဒါန်းတွင်

မြန်မာနိုင်ငံကြီးတွင် ပုဂံခေတ်ဦးမှစ၍ ဘုန်းတော်ကြီးကျောင်း ဟူသမျှ

ကျား / မ မရွေး အခမဲ့ ပညာပေးရာ ဌာန ဝိဟာရကြီးများ ဖြစ်ခဲ့ကြ၍ ရဟန်း ၊ သံဃာတော်အပေါင်းသည်လည်း ဂရုဓမ္မနှင့် သွန်သင်ပြသပေးကြသည်-

ဟု ရေးသားဖော်ပြခဲ့၏။

ပုဂံခေတ် ဘုန်းတော်ကြီးကျောင်းများသည် မြန်မာ့ပညာရေးကို တာဝန်ယူခဲ့ရုံသာမက ခိုကိုးရာမဲ့ လူငယ်များကို စောင့်ရှောက်မှုများ ပေးခဲ့ရာ ဌာနများ ဖြစ်ခဲ့၏။ ပုဂံခေတ် ကျောက်စာများတွင်

နိုင်စိုဝ်၊ နိုဝ်အ်စိုဝ်အ်	- နွဲ့စို့
စာတတ်	- စားတတ်
သူငဲ	- သူငယ်
ကလေ	- ကလေး

စသည်ဖြင့် ကလေးငယ်များကို ခေါ်ဆိုသည့် အရေးအသားများကို တွေ့ရ၏။ အိုဝ်အ်ပုစု ဟူသော အရေးအသားသည် ကလေးငယ်များအား ပုဂံခေတ်က ချစ်စနိုးခေါ်သော အခေါ်အဝေါ် ဖြစ်ပါ၏။

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခ ဒေါက်တာကျော်စိန်က 'မြန်မာ့ လူအဖွဲ့အစည်းတွင် ခိုကိုးရာမဲ့ လူငယ်များသည် ပြဿနာတစ်ရပ်အနေလောက်ဖြင့် ကြီးကြီးကျယ်ကျယ် ရှိခဲ့ဟန်မတူ၊

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်လာခဲ့သော ခိုကိုးရာမဲ့ လူငယ်များကိုကား ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသတွင်ပင် မိမိတို့ ဆွေမျိုး မိဘများက စောင့်ရှောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများက စောင့်ရှောက်ပြုစုထားခြင်းတို့ကြောင့် ပြဿနာ တစ်ရပ်အနေနှင့် မရှိခဲ့ပါ ' ဆိုခဲ့ပါ၏။ အလားတူပင် ဒေါက်တာရီရီကလည်း ' မြန်မာ့လူ့အဖွဲ့အစည်းတွင် မိဘမဲ့ ကလေးများအား ဆွေမျိုးဉာတိတို့ က စောင့်ရှောက်ခဲ့သည်။ ခိုကိုးရာမဲ့ လူငယ်များသည် ဘုန်းတော်ကြီးကျောင်းများတွင် အခြားလူငယ်များနည်းတူ ပညာသင်ခွင့် ရကြသည်' ဟု ပြောဆိုခဲ့ပါ၏။

မိထွေးမွေး၍ ငါကြီး၏

ပုဂံမင်းဆက် ၅၁ ဆက်မြောက် ကျစွာမင်းကြီးသည် စာတတ်ပေတတ် ဘုရင်တစ်ပါးဖြစ်သည်။ ပိဋကတ် သုံးပုံကို ကိုးခေါက်ပြန်၍ သင်ကြားခဲ့သူဖြစ်၏။

ကျစွာမင်းကြီးကိုယ်တော်တိုင် စိုက်ထိုးသော ကျောက်စာ(ပုံ ၁၈၁-၁)တွင်

သက္ကရာဇ် ၅၉၇၊ အာသိန်နှစ်နံကာလ ဆန်း၄ ရက် ကြာသပတေးနေ့၊ ကျစွာမင်း၊ ရွှေတောင်တက်ပြီး၊ ငါမိကိုကား ငါမသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏

ဟု ရေးသားထားပါ၏။

ကျစွာမင်းကြီး ကိုယ်တော်တိုင်သည် 'အမိအရင်းကို မသိလိုက်' မိမိ၏ မိထွေး မိကြီးတို့မွေး၍ ကြီးပြင်းလာရကြောင်း သိရ၏။ ပုဂံခေတ်တွင် ကလေးများအား မိဘများက မစောင့်ရှောက်နိုင်ပါက ကျန်လူ့ အဖွဲ့အစည်းမှ ဝိုင်းဝန်းစောင့်ရှောက်ကြောင့် သိရ၏။

မြန်မာနိုင်ငံတွင် ယနေ့ထက်တိုင် ဆရာတော်ကြီးများ ဦးစီးစောင့်ရှောက်ထားသော ပရဟိတ လုပ်ငန်းများစွာ ရှိပါ၏။ ရန်ကုန်မြို့ ကျားကျောင်းဆရာတော်ကြီး ဦးဉာဏိန္ဒ၊ တောင်တွင်းကြီး ဆရာတော် ရှင်ဥက္ကဋ္ဌနှင့် ဆရာတော် ဇဝန၊ ကျိုက်လတ်မြို့ သီလရှင်ကြီး ဒေါ်ပညာဝတီ အစရှိသည်ဖြင့် ရှေးက ပရဟိတ လူငယ်စောင့်ရှောက်ရေးဂေဟာ အများအမြား ရှိခဲ့ပါ၏။

ဒေါ်တိတိလုစ်

၁၉၃၀ ပြည့်နှစ်လောက်က ရန်ကုန်မြို့တွင် လူငယ်စောင့်ရှောက်ရေး အဖွဲ့တစ်ခု တည်ထောင်စောင့်ရှောက်ခဲ့ရာ အလွန်မှ စိတ်ဝင်စားစရာကောင်းသည်။ ထိုလူငယ်စောင့်ရှောက်ရေး အဖွဲ့ကို ရန်ကုန် တက္ကသိုလ်နယ်မြေ အင်းလျားလမ်းတွင် တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခြင်းဖြစ်၏။ ထိုအသင်း၏ အတွင်းရေးမှူးသည် ဒေါ်တီတီလုစ်ဖြစ်သည်။ ဒေါ်တီတီလုစ်သည် ဆရာကြီး ဦးဖေမောင်တင်၏ ညီမရင်းဖြစ်သည်။

ဒေါ်တီတီသည် ၁၉၅၂ခုနှစ် တစ်နေ့သောညတွင် ရုပ်ရှင်ညပွဲအပြီးတွင် ရန်ကုန်မြို့တွင်း၌ လမ်းဘေးတွင် အိပ်နေသော ကလေးများကို တွေ့ခဲ့ရာ ယင်းကလေးများနှင့် မိတ်ဖွဲ့ပြီး ကလေးများအကြောင်းကို ချော့မော့မေးမြန်းခဲ့သည်။ ထိုအခါ ရန်ကုန် အနောက်ပိုင်း၊ ဗိုလ်ချုပ်စျေး၊ သိမ်ကြီးစျေး အစရှိသော နေရာများတွင် ခိုကိုးရာမဲ့ လေလွင့်လူငယ် အများအပြားရှိကြောင်းနှင့် သူတို့ ကျက်စားနေရသော ဘဝများကို သိခဲ့ရ၏။

ထိုဒေသများတွင် ဘိန်းခန်းပိုင်ရှင်များ၊ ခါးပိုက်နှိုက်များ၊ မိန်းမထိန်းများက လူငယ်များကို မွေးထားပြီး မကောင်းသော မိန်းမများအတွက် စျေးခေါ်ရန်၊ ခါးပိုက်နှိုက်ရာတွင် ဓားစာခံလုပ်ရန်၊ လူငယ်များကို ကိုယ်တိုင် အလစ်သုတ်ရန်တို့အတွက် မွေးထားကြောင်း သိလာခဲ့၏

ထို့နောက် ဒေါ်တီတီသည် အင်္ဂလန်သို့သွားကာ လေလွင့်လူငယ်ကယ်ဆယ်ရေးလုပ်ငန်းများကို လေ့လာခဲ့၏။ ထို့နောက်မြန်မာနိုင်ငံတွင် လေလွင့်လူငယ် စောင့်ရှောက်ရေးလုပ်ငန်းကို စတင်ခဲ့၏။

ဒေါ်တီတီသည် ညအချိန်တွင် ယောကျ်ားကဲ့သို့ ရုပ်ဖျက်ဝတ်ဆင်၍ ကလေးများအား ကြိုးကိုင်ထားသော လူမိုက် လူတေကြီးများနှင့် မိတ်ဖွဲ့ကာ နောက်တစ်နေ့တွင် မိမိအိမ်သို့ ထမင်းသုံးဆောင်ရန် ဖိတ်ခဲ့သည်။ ထမင်းပွဲရောက်မှ ဒေါ်တီတီကို အမျိုးသမီးမှန်း သိကြသည်။ ဒေါ်တီတီက ထိုလူဆိုး လူတေကြီးများအား အကူအညီတောင်းက လေလွင့်လူငယ်များကို စုဆောင်းခဲ့သည်။

ထို့နောက် လူငယ်ခြောက်ဦးကို တက္ကသိုလ်ရိပ်သာလမ်းဘေးရှိ ပုဂ္ဂလိကပိုင် မြေကွက်တစ်ခုပေါ်တွင် တဲထိုးကာ စတင်စောင့်ရှောက်ခဲ့သည်။ ထို့နောက် သစ်ကုန်သည်ကြီး ဦးဘအိုက အင်းလျားလမ်းရှိ ၂ ဒသမ၄ ဧကရှိသော မြေကို လျှူဒါန်းခဲ့ရာ ထိုနေရာတွင် အုတ်တိုက်ဆောက်၍ တိုးချဲ့လာခဲ့ရာ ဒေါ်တီတီ၏ လူငယ်စောင့်ရှောက်ရေးကျောင်းသည် အောင်မြင်လာခဲ့သည်။

ဆာဂျေအောင်ကြီး အစိုးရလက်ထက်တွင် ၁၆နှစ်အောက် တရားခံများအား ဒေါ်တီတီကျောင်းမှ လက်ခံစောင့်ရှောက်ရန် မေတ္တာရပ်ခံခဲ့သည်ကို ဒေါ်တီတီက သဘောတူ လက်ခံစောင့်ရှောက်ပေးခဲ့၏။ ထို့နောက် ၁၆နှစ်အောက် အမှုစစ်ဆေးဆဲ ကလေးများကို ဒေါ်တီတီ၏ ကျောင်းမှ ဆက်၍

www.burmeseclassic.com

www.burmeseclassic.com

လက်ခံခဲ့၏။

ဒေါ်တီတီသည် ကလေးများကို ပြုစု စောင့်ရှောက်ရုံသာမက အားကစားရုံတစ်ခုကိုလည်း ဖွင့်လှစ်၍ စနစ်တကျ သင်ပေးခဲ့ရာ မြန်မာ့ဂုဏ်ဆောင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့၏။ ထို့နောက် အင်းလျားလမ်းကျောင်းတွင် ရက်ကန်းစင်နှင့် စာအုပ်ချုပ် လုပ်ငန်းကိုလည်း ထူထောင်ပေးခဲ့၏။ ၁၉၃၅-၃၆ ခုနှစ်တွင် ဒေါ်တီတီသည် ကြံတောသုသာန်အနီးတွင် စာသင်ကျောင်းတစ်ခုကို ဖွင့်ကာ သုသာန်နေ လူငယ်များကို စာသင်ကြားပေးခဲ့၏။

ဂုဏ်ပြုအပ်သော အမျိုးသမီးကြီး

ဒေါ်တီတီသည် ဗုဒ္ဓဘာသာဝင်တို့ အထူးရိုသေလေးစားခြင်းခံရသော မဟာသယ်ရာဇာ သာသနာပိုင် ဆရာတော်ကြီး၏ မြေးဖြစ်၍ ဖခင်မှာ ဝန်ထောက်ဦးဖေခင်ဖြစ်၏။ မိခင်မှာ ဒေါ်မြိုင် ဖြစ်သည်။ အင်္ဂလိပ် မြန်မာ အဘိဓာန်ကို ပြုစုခဲ့သူ ဦးထွန်းငြိမ်းမှာ ဒေါ်တီတီ၏ ဦးလေးတော်သူ ဖြစ်ပါ၏။

ဒေါ်တီတီ၏ အစ်ကိုတော်သူ ဦးဖေမောင်တင်မှာ ရှေးဟောင်းနှင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်သော မြန်မာ ပညာရှိကြီးတစ်ဆူဖြစ်ပါ၏။ ဒေါ်တီတီသည် ပညာတတ် အသိုင်း

အဝိုင်းမှ မွေးဖွားလာပြီး လူမှုရေးလုပ်ငန်းများကို စိတ်ဝင်စားလျက် မိဘမဲ့ လူငယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့သူ တစ်ဦးအနေနှင့် အလွန်မှ လေးစားစံပြုထိုက်သော မြန်မာ အမျိုးသမီးကြီးတစ်ဦးဖြစ်၍ နှစ်ပေါင်း ၆၀ ကျော် အကြာတွင် အေးရိပ်မွန် အမှတ်(၂) မှ သမီးပျိုလေးများအကြောင်းကို ရေးသားရင်း လူငယ် စောင့်ရှောက်ရေးလုပ်ငန်းကို စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့သော မြန်မာအမျိုးသမီးကြီး ဒေါ်တီတီအားလည်း လေးစားစွာ ဂုဏ်ပြုအပ်ပါ၏။

ချစ်စံဝင်း
၂၇. ၀၅. ၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com

သင် ဘယ်လိုလူစားမျိုးလဲ

မိမိကိုယ်ကိုသော်လည်းကောင်း၊ အခြားသူများကိုလည်းကောင်း လေ့လာကြည့်ရှုခြင်းဖြင့် လျှို့ဝှက်ထားသော ဆက်သွယ်မှုများလမ်းကြောင်းကို ရှင်းလင်းစွာ တွေ့မြင်ရသည်။

ကိုယ်အမူအရာသည် စကားလုံးထက် တာသွားတတ်သည်။ တစ်စုံတစ်ယောက်က လက်ပိုက်ထားခြင်းသည် ရာသီဥတုအေးမြသည်ကို အကာအကွယ်တစ်စိတ်တစ်ဒေသ ရလိုသောကြောင့်လည်းကောင်း၊ နားနားနေနေ သက်သောင့်သက်သာရှိလိုသောကြောင့်သော်လည်းကောင်း၊ အခြားတစ်ဘက်၌လည်း ထိုသူ၏ပင်ကိုသွင်ပြင် ထူးခြားမှုကို ဖုံးကွယ်လိုသောကြောင့်လည်းကောင်း၊ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်လေသည်။ ခြေထောက်များ တစ်စုံတစ်ခုကို ကန်ကျောက်နေခြင်း၊ ထိုင်နေစဉ် ခြေထောက်များကို လှုပ်ရှားလေ့ယမ်းကာ

www.burmeseclassic.com

www.burmeseclassic.com

အငြိမ်မနေနိုင်ခြင်းသည် စိတ်လှုပ်ရှားခြင်း၊ တည်ငြိမ်မှုမရှိခြင်းကို ဖော်ပြလေသည်။

လူတစ်ဦးတစ်ယောက်၏ အမူအရာသွင်ပြင်ကို လေ့လာရှာဖွေနိုင်ရန် မြရိပ်ညို၏ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။ ထိုအမူအကျင့်မျိုး မကြာခဏ ပြုလုပ်တတ်သည်ဟုဆိုပါက ၂ မှတ်ပေးပါ။ ရံဖန်ရံခါဆိုပါက ၁မှတ်ပေး၍ လုံးဝပြုကျင့်လေ့မရှိပါက သုည ပေး၍ ဆန်းစစ်လေ့လာကြည့်နိုင်သည်။ မိမိကိုယ်မိမိ ပထမဆန်းစစ်၍ အခြားမိမိနှင့် ရင်းနှီးသူများ၏ အမူအကျင့်၊ အနေအထိုင်ကို ဝေဖန်ဆန်းစစ်ပါက ထူးခြားသော သွင်ပြင်မူရာတို့မှတစ်ဆင့် ထိုသူ၏စိတ်နေသဘောထား အတွင်းစိတ်တစ်ပိုင်းတစ်စကို လေ့လာတွေ့ရှိနိုင်ပေမည်။

၁။ သင်သည် တောင်စဉ်ရေမရ အဓိပ္ပာယ်မဲ့စွာ စာရွက်ပေါ် ရေးခြစ်တတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၂။ သင် မေးစေ့ကို မကြာခဏ ပွတ်သပ်တတ်သလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ

(ဂ) လုံးဝ မပြုလုပ်ပါ။

၃။ သင်သည် ခဲတံ၊ ဖောင်တိန် သို့မဟုတ် စီးကရက်များကို လက်ထဲတွင် ဖျစ်ညှစ်ကိုင်တွယ်ထားတတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မကိုင်တွယ်တတ်ပါ။

၄။ လက်သည်းကိုက်တတ်သော အကျင့်သည် လူတော်တော်များများတွင် ရှိတတ်သည်။ သင်ကော လက်သည်းကိုက်တတ်သည့် အကျင့် ရှိပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မကိုက်တတ်ပါ။

၅။ သင်သည် ခြေနှစ်ဘက်ကို တစ်ဘက်နှင့် တစ်ဘက် ပွတ်တတ်သည့် အကျင့် ရှိပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပွတ်သပ်ပါ။

၆။ ကလေးသူငယ်များသည် သွားကြိတ်တတ်သည်၊ အသက်အရွယ် အတော်အတန်ရလာသော သင်ကော သွားကြိတ်တုန်းပဲလား?

(က) မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com

(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မကြိတ်တတ်ပါ။

၇။ ကိုယ်ခန္ဓာကို ဆန့်ထုတ်ခြင်းသည် အလွန်ကောင်းမွန်သော လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ အပျင်းဆန့်ခြင်းသည် အာရုံခံစားဖွယ်တစ်ခုဟု သင်ထင်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မထင်ပါ။

၈။ အချို့သူများ နားရွက်ကို မကြာခဏ ဆွဲကိုင်တတ်သည့် အကျင့်ရှိကြောင်း တွေ့ရသည်။ သင်ကော ဤအပြုအမူရှိပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၉။ သင် ဆေးလိပ်သောက်သည့်အခါ တစ်ဝက်တစ်ပျက်နှင့် လုံးခြေမီးသတ်တတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၁၀။ လူတော်တော်များများသည် မိမိတို့လက်ညှိုးဖြင့် ဆံပင်များကို ရစ်ခွေလိမ်ပတ်၍ နေတတ်သော အကျင့်

ရှိသည်။ သင်ကော မကြာခဏ ပြုလုပ်ဖူးပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၁၁။ သင့်လက်သြင်းကလေးများကို မကြာခဏ အချင်းချင်း ဆုတ်ညှစ်နေတတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၁၂။ အချို့လူများ လက်သြင်းကလေးများဖြင့် ဗုံတီးသလို သစ်သားစားပွဲပေါ်ဖြစ်စေ၊ စာအုပ်ပေါ်ဖြစ်စေ၊ တတွေက်တောက်တီးခတ် ခေါက်နေတတ်သည်။ သင်ကော သူတို့လိုလိုက်လုပ်တတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၁၃။ သင် တအံ့တသြရှိသည့်အခါ မျက်လုံးကို ပင့်တတ်ပါသလား?

(က) မကြာခဏ
(ခ) ရံဖန်ရံခါ
(ဂ) လုံးဝ မပြုလုပ်ပါ။

၁၄။ သင် မကြာခဏ လက်ပိုက်ထားလေ့ ရှိပါ

www.burmeseclassic.com

www.burmeseclassic.com

သလား?

(က) မကြာခဏ

(ခ) ရံဖန်ရံခါ

(ဂ) လုံးဝ မပြုလုပ်ပါ။

၁၅။ အချို့သူများသည် မိမိတို့ပါးစပ်ကို လက်ဖြင့်၊ လက်ကိုင်ပုဝါများဖြင့် ဖုံးကွယ်ထားလေ့ရှိသည်။ သင်ကော ထိုအကျင့်မျိုး ရှိပါသလား?

(က) မကြာခဏ

(ခ) ရံဖန်ရံခါ

(ဂ) လုံးဝ မပြုလုပ်ပါ။

ကဲ သင့်ကိုယ်သင် အမှတ်ပေးပြီးပြီလား၊ အမှတ်ဘယ်လောက်ရပါသလဲ?

၁ မှ ၅ မှတ်ရပါက သင်သည် အလွန် ချွံပ်တီးထိန်းသိမ်းနိုင်သူဖြစ်သည်။ သင့်နှုတ်ထွက် စကားများအရသော်လည်းကောင်း၊ အမူအကျင့်များအရသော်လည်းကောင်း၊ သင့်စိတ်တွင်း ဖြစ်ပေါ်မှုဆန္ဒအားလုံးကို အခြားသူတစ်ဦးဦးက ခန့်မှန်းရန် လွယ်ကူမည်မဟုတ်ပါ။

၆ မှတ်မှ ၁၃ မှတ်ရပါက သင်သည် စိတ်သဘောပျော့ပြောင်း၍ ပြုပြင်ရ လွယ်ကူသောသူ ဖြစ်သည်။ သင်သည် ကျိုးကြောင်းပြ အပြုအမူအနေအထိုင်ဖြင့် အဆီးအတားများကို ကျော်လွှားနိုင်မည့်သူ

ဖြစ်သည်။

၁၄ မှတ်မှ ၂၁ မှတ်ရပါက သင့်အပြုအမူအနေအထိုင်နှင့် သင့်နှုတ်ထွက်စကားများသည် အညီအမျှ သဘောရှိသူဖြစ်သည်။

၂၂ မှတ်မှ ၃၀ မှတ်ရပါက သင်သည် အစွန်းရောက်သမားတစ်ဦးဖြစ်သည်မှာ သေချာသည်။ သင့်အမူအကျင့်များသည် သင့်ဆိုစကားများကို ဖုံးကွယ်ထားလေ့ရှိပြီး အတွေးအခေါ် ကြွယ်ဝသလောက် သင့်အတွေးအမြင်များကို ဖော်ပြရန် စကားလုံး မလုံလောက်နိုင်သေးပါ။

အမူအကျင့်ဆိုသည်မှာ ဘာသာစကားရပ်တစ်ခု၏ လက္ခဏာပင် ဖြစ်သည်။

စိတ်ပညာရှင်များသည် အခြားသူ တစ်ယောက်ယောက်၏ အတွေးအခေါ်ကို စကားလုံးများဖြင့် ဖော်ထုတ်လေ့မရှိဘဲ အမူအကျင့်များမှတစ်ဆင့်သာ သဲလွန်စဖော်ထုတ်၍ လူမနောကို စောကြေလေ့ရှိသည်။ ယခု သင့်စိတ်ဓာတ်၏ သဲလွန်စကို သင်ထုတ်ဖော်ခဲ့ပြီမဟုတ်ပါလော။

စိတ်ဘဘ၊ အလေ့အကျင့်ဟူသမျှကို ပြုပြင်နိုင်ရသည်ဟု မှတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်း

ရေးသားပြုစုခဲ့သော စာအုပ်များ

၁။ ပါဏာဗေဒနိဒါန်း (၁၉၆၇)

၂။ အမေနှင့် အမေ့အကြောင်း (၁၉၇၇/၈၀/၈၁/၉၀/၉၂/၉၅/၂၀၀၀/၂၀၀၂/၂၀၀၃)

၃။ ပြည်သူ့ရင်သွေး (၁၉၇၉)

၄။ အမေ့ရင်သွေး (၁၉၈၀)

၅။ နိုင်ငံသစ်နိဒါန်း (၁၉၈၀)

၆။ မိုးထက်မြင့်သည့် စိတ်ထားများ (၁၉၇၀/၁၉၈၀)

၇။ မြတ်လယ်တီ (၁၉၈၆/၁၉၉၃/၁၉၉၄)

၈။ ဤခရီး နိုးသလား (၁၉၈၆/၈၇/၈၈/၈၉/၉၀/၉၁/၉၃/၉၄/၉၅/၉၅/၂၀၀၁/၂၀၀၂/၂၀၀၄)

၉။ မြတ်ပညာနှင့် သားထဲပေးစာများ (၁၉၇၈/၈၉/၂၀၀၄)

၁၀။ ကျပန်လှငယ်တစ်ယောက်အကြောင်း (၁၉၈၉/၉၀/၉၁/၉၃/၉၉/၂၀၀၁/၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

၁၁။ မြန်မာ့ရုပ်သေးသဘင် (၁၉၈၉)
၁၂။ မြန်မာလူငယ်တစ်ယောက်အကြောင်း (၁၉၉၀)
၁၃။ ယသော်ရောအလွမ်း (၁၉၉၀/၉၁/၂၀၀၃)
၁၄။ ဆန်ဖွပ်သည့် အဘိုးအို (၁၉၉၀/၉၁/၉၃/၂၀၀၃)
၁၅။ မြန်မာသူကြွယ်တစ်ယောက်အကြောင်း (၁၉၉၁)
၁၆။ ဘန်ကောက်–၁ (၁၉၉၁)
၁၇။ အနုပညာမဲ့သောနေ့ (၁၉၉၁)
၁၈။ တူနှစ်ကိုယ်ချစ် (၁၉၉၁/၉၃)
၁၉။ ဘန်ကောက်–၂ (၁၉၉၁/၉၃)
၂၀။ သာသနာစက်ခြည်လင်းစေဖို့ (၁၉၉၁)
၂၁။ ဒေါင်းဖက်စာပုံပြင်များ–ပထမတွဲ (၁၉၉၂/၂၀၀၀)
၂၂။ အုံပွယ်လူသား ကိုရီးယား (၁၉၉၂)
၂၃။ ဒေါင်းဖတ်စာပုံပြင်များ–ဒုတိယတွဲ (၁၉၉၂/၂၀၀၀)
၂၄။ စင်ကာပူ (သို့) အရှေ့ဖျားကခြေသုံ့မြို့ (၁၉၉၂/၉၂)
၂၅။ အမေခြေရာ(၁၉၉၂/၉၂/၉၃/၉၅/၉၉/၂၀၀၀/၀၃)
၂၆။ စိတ်ကောင်းရှိဖို့သည် ပထမ (၁၉၉၂/၉၃/၉၅/၉၉/၂၀၀၂/၂၀၀၃)
၂၇။ ဈေးကွက်စီးပွားရေးနှင့် မြန်မာလူငယ် (၁၉၉၃)
၂၈။ ခုတင်နံပါတ်–၅ (၁၉၉၃/၉၅/၉၈/၂၀၀၂)
၂၉။ ထိုင်း (သို့မဟုတ်) အရှေ့ဖျားကပဋ္ဌမကျား (၁၉၉၃)
၃၀။ ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ (၁၉၉၃)
၃၁။ ဘန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့ (၁၉၉၃)
၃၂။ ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း (၁၉၉၃)
၃၃။ ဂါစီယာသို့ သဝဏ်လွှာ (၁၉၉၃)
၃၄။ ကမ္ဘာ့သာသနာပြု ဆရာတော်ဦးပညာဝံသ (၁၉၉၃)
၃၅။ ပူနေးဆူဝေကမ္ဘာမြေ (၁၉၉၄)
၃၆။ ရှက်ပြုံး (၁၉၉၄/၁၉၉၄/၁၉၉၅/၁၉၉၆/၂၀၀၀)
၃၇။ ထားရှိရမည့် သဘောထား (၁၉၉၄/၉၄/၉၅/၉၆/၂၀၀၀/၂၀၀၃)
၃၈။ ပွားများရမည့် မေတ္တာတရား (၁၉၉၄/၉၄/၉၅/၉၅/၉၆/၉၉/၂၀၀၁/၂၀၀၃/၂၀၀၄)
၃၉။ ကမ္ဘာ့သာသနာပြု ဆရာတော် ဦးပညာဝံသ ထေရပွတ္တိအကျဉ်း (၁၉၉၄)
၄၀။ မြစိမ်းရောင်မိဖုရားကြီး (၁၉၉၄)
၄၁။ မွေးမြူရမည့်သတ္တိ (၁၉၉၅/၉၅/၉၅/၉၆/၉၈/၂၀၀၁/၂၀၀၃/၂၀၀၄)
၄၂။ ကိုရီးယား (သို့) ဟန်မြစ်ပေါ်က ကိုးတောင်ကျား (၁၉၉၅)
၄၃။ ရည်မှန်းရမည့်ပန်းတိုင် (၁၉၉၅/၉၅/၉၆/၉၈/၂၀၀၀/၀၁/၀၃/၀၄)
၄၄။ သွားရောက်ရမည့်နည်းလမ်း (၁၉၉၅/၉၅/၉၆/၉၈/၂၀၀၀/၂၀၀၃)
၄၅။ စီစစ်ရမည့်ရွေးချယ်မှု (၁၉၉၅/၉၆/၉၉/၀၂/၀၃)
၄၆။ မလျှော့ရမည့်ဇွဲ(၁၉၉၅/၉၆/၉၇/၉၉/၀၁/၀၃/၀၄)
၄၇။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာစာရ ထေရပွတ္တိစာတမ်း (၁၉၉၅)
၄၈။ ဘာမင်္ဂမ်ဆရာတော်ကြီး ဒေါက်တာရေဝတမဟေနှင့် တွေ့ဆုံခြင်း (၁၉၉၆)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၄၉။ မွဲ့ဖြိုးကြီးတွား မလေးရှား (၁၉၉၆)

၅၀။ ငွေကို မိတ်ဆွေလိုဆက်ဆံပါ (၁၉၉၆/၉၆/၉၈/၂၀၀၀/၂၀၀၁/၂၀၀၃/၂၀၀၄)

၅၁။ ငွေပုံကြီးပေါ် ခွထိုင်ပါ (၁၉၉၆/၂၀၀၀/၀၂/၀၃)

၅၂။ အခွင့်အလမ်းကို တွေ့အောင်ရှာ မိအောင်ဖမ်း (၁၉၉၆/၉၉/၂၀၀၃/၀၄)

၅၃။ ကြိုးစားမှုများ၏ နောက်ကွယ်မှ စင်ကာပူမြန်မာဘုန်းကြီးကျောင်း (၁၉၉၆)

၅၄။ သင့်ဝင်ငွေမှ ၁၀ ရာခိုင်နှုန်းကိုစုပါ (၁၉၉၆/၉၈/၀၁/၀၃)

၅၅။ အချိန်ကို မိတ်ဆွေဖွဲ့ပါ ရန်သူမလုပ်ပါနှင့် (၁၉၉၆/၉၇/၉၉/၂၀၀၂/၀၃)

၅၆။ ရွှေပင်ငွေပင်စိုက်ပျိုးပါ (၁၉၉၆/၉၈/၂၀၀၀/၀၂/၀၄)

၅၇။ ကြီးပွားချမ်းသာလိုစိတ်မွေးပါ (၁၉၉၆/၉၇/၉၉/၂၀၀၂/၀၄)

၅၈။ မိုးထိအောင်လှေကားထောင် (၁၉၉၆/၉၈/၂၀၀၃)

၅၉။ ဓမ္မစေတီမင်း ကုသိုလ်တော်ခေါင်းလောင်းကြီးကို ရှာဖွေခြင်း (၁၉၉၆)

၆၀။ ဘယ်တော့မှ ဘယ်တော့မှ ခွဲမလျှော့ပါနဲ့ (၁၉၉၇/၉၉/၂၀၀၂/၀၃)

၆၁။ မဆုတ်တမ်း မနစ်တမ်း မလျှော့တမ်း (၁၉၉၇/၂၀၀၀/၀၃)

၆၂။ အထွတ်အထိပ်မှာ တို့နေမည် (၁၉၉၇/၂၀၀၀)

၆၃။ ဧရာဝတီသစ္စာဖောက်သောနေ့နှင့် သူ့ကျွန်မခံလိုသူများ (၁၉၉၈)

၆၄။ နှလုံးသား မေတ္တာ (၁၉၉၈/၂၀၀၀/၀၄)

၆၅။ အတွေးနဲ့အရေး–၁ (၁၉၉၈)

၆၆။ အတွေးနဲ့အရေး–၂ (၁၉၉၈)

၆၇။ ဘဝအလှတရားကို ရှာဖွေခြင်း (၁၉၉၈/၂၀၀၁)

၆၈။ အတွေးနဲ့အရေး–၃ (၁၉၉၉)

၆၉။ အောင်နိုင်သူ (၁၉၉၉/၂၀၀၁)

၇၀။ နှလုံးသားစေတနာ (၁၉၉၉/၂၀၀၁/၀၄)

၇၁။ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ အတ္ထုပ္ပတ္တိစာတမ်း (၁၉၉၈)

၇၂။ အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ သစ္စာရေစင်စာတမ်း (၁၉၉၉)

၇၃။ တော်ဝင်စံထား မိန်းမသား (၂၀၀၀/၀၂)

၇၄။ STREAM OF LOVE AND TRUTH (1999)

၇၅။ သစ္စာရေစင် (၁၉၉၉)

၇၆။ လော့အိန်ဂျလိ(စ်) ဆရာတော်ကြီးအရှင်သုန္ဒရနှင့် ပြည်ပသာသနာပြုခေတ်သစ် (၁၉၉၉)

၇၇။ လူငယ်များက မေးကြသည် (၂၀၀၁/၀၂/၀၄)

၇၈။ ဖိစီးမှုနှင့် အတူနေခြင်း (၂၀၀၀/၂၀၀၃)

၇၉။ အမေ့နှလုံးသား (၂၀၀၀/၂၀၀၄)

၈၀။ နှလုံးသားသတ္တိ (၂၀၀၀/၂၀၀၃)

၈၁။ မြည်ွန့်ဆွေ အလွမ်းစာတမ်း (၂၀၀၁)

၈၂။ ဘာထဲမှ ခရီး၊ ခရီးထဲမှ ဈာ (၂၀၀၀)

၈၃။ လူငယ်များက မေးကြသည်–၂ (၂၀၀၁/၀၂/၀၄)

၈၄။ အဖေ့နှလုံးသား ရိုက်ခတ်သံ (၂၀၀၁/၀၄)

၈၅။ ဆရာဟူသည် ဥယျာဉ်မှူး (၂၀၀၁/၀၃/၀၄)

၈၆။ မမေ့မလျော့ မပေါ့မဆ (၂၀၀၁/၀၃)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၇။ ဘဝတက်လမ်း မြန်မာ့တက်လမ်း (၂၀၀၂)

၈၈။ ဘဝနှင့် သူ၏အခြင်းအရာများ (၂၀၀၂/၀၃)

၈၉။ အရည်အသွေး (၂၀၀၂/၀၃)

၉၀။ မဲခေါင်စာဆို (၂၀၀၂)

၉၁။ ငါးတန်အထိုးကြိုးနှင့် အခြားဝတ္ထုတိုများ (၂၀၀၃)

၉၂။ တောင်သမန်ကန်စောင်းက တုံးမောင်းသံ (၂၀၀၃)

၉၃။ အရေးထဲမှ အကွေးစာများ (၂၀၀၃)

၉၄။ အမေးထဲမှ ရေးစရာများ (၂၀၀၃)

၉၅။ မြန်မာမိသားစု (၂၀၀၃)

၉၆။ လယ်တီအင်းနံဘေးက ခြင်္သေ့မင်းဟိန်းသံ (၂၀၀၃)

၉၇။ ကျမ်းပြုဆရာတော်ကြီးနှစ်ပါးအား ကြည်ညိုမှု လေ့လာချက်စာတမ်း (၂၀၀၃)

၉၈။ မြန်မာအစ အထောက်အထား လေ့လာချက် စာတမ်း (၂၀၀၃)

၉၉။ သက္ကလသူရဲကောင်း (သို့) ဒူးရင်းသီးဦးစိုးမြင့် (၂၀၀၄)

၁၀၀။ တကောင်းရုပ်ပုံလွှာ စာတမ်းအကျဉ်း (၂၀၀၃)

၁၀၁။ မြန်မာ့မြို့ဟောင်း တကောင်းရုပ်ပုံလွှာ (၂၀၀၄)

၁၀၂။ လိင်စိတ်ကို အသွင်ပြောင်း၍ (၂၀၀၄)

၁၀၃။ ပညာရှေ့အိုး (၂၀၀၄)

၁၀၄။ တီထွင်မှု မော်ဝီဇွာကြီး အယ်လ်ဗာအယ်ဒီဆင် (၂၀၀၄)

၁၀၅။ မြန်မာ့နှလုံးသားသတ္တိ

၁၀၆။ အနီမှဆုံးမှ ထိပ်ဆုံးသို့ (၂၀၀၄)

၁၀၇။ လေးမြို့ဝန် ဗိုလ်မြတ်ထွန်း (၂၀၀၄)

၁၀၈။ မေတ္တာရေစင်စာတမ်း (HIV / AIDS) (၂၀၀၄)

၁၀၉။ ယိမင်းသစ္စာ

၁၁၀။ ပိုးကိုက်ပန်းတွေ (၂၀၀၅)

၁၁၁။ ကိုရီးယားတို့လျှောက်သောလမ်း စာတမ်း (၂၀၀၅)

၁၁၂။ လယ်တီဘဝနှင့် လယ်တီစာပေ စာတမ်း (၂၀၀၅)

၁၁၃။ ပဲခူးမြစ်မင်း စီးဆင်းရစ်ခွေ ဓာတိမြေ စာတမ်း (၂၀၀၅)

၁၁၄။ စိတ်အစာ (၂၀၀၅)

၁၁၅။ စိတ်စည်းကမ်း (၂၀၀၅)

၁၁၆။ တကောင်းမှအသစ်တွေ့ရှိမှု ပျူအထောက်အထားများ (၂၀၀၄)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်း၏

ဆက်လက်ထွက်ရှိလာမည့် စာအုပ်များ

၁၁၇။ အဘွားရဲ့ကတ်ကြေး

၁၁၈။ ဂီတဓာတ်သဘင်ဆိုင်ရာ
ရသပညာနောက်ခံသမိုင်း စာတမ်း

၁၁၉။ ခေတ်တံခါး ခေတ်စကား

၁၂၀။ တကောင်းမှ ပျူအရိုးအိုးများ

၁၂၁။ ခင်ထွေးရီမုန့်ဟင်းခါး (၂၀၀၅)

၁၂၂။ အရီးတောင်း လက်ဖက်နှင့်
အရီးတောင်း ဦးကျော်သိန်း – ဒေါ်ကြွယ်ကြွယ်

၁၂၃။ အရှုံးပေါ်ကအမြတ်

၁၂၄။ ကြောင်နှစ်ကောင်ဆရာတော် အရှင်သုနှရ

၁၂၅။ ဟိုတယ်နှင့် စားသောက်ဆိုင်ရာ လက်စွဲ

BURMESE CLASSIC .com

www.burmeseclassic.com